# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

■ ၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်    ၂၀၁၆ ခုနှစ်၊ မတ် ၉ ရက်၊ ဗုဒ္ဓဟူးနေ့၊    အတွဲ [၅၅]၊ အမှတ် [၁၆၁]


**ပြည်သူ့သဘောထား**

မြတ်ဗုဒ္ဓအဆူဆူတို့၏

အဆုံးအမ

❖ မကောင်းမှု ရှောင်၊

❖ ကောင်းမှု ဆောင်၊

❖ ဖြူအောင် စိတ်ကိုထား။

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကိုရီးယားသမ္မတနိုင်ငံ ဒေဝူး အပြည်ပြည်ဆိုင်ရာကော်ပိုရေးရှင်း အမှုဆောင်အရာရှိချုပ်နှင့် ဒါရိုက်တာဘုတ်အဖွဲ့ ဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ



"ဟိုတယ်လုပ်ငန်း၊ စွမ်းအင်၊ သတ္တု၊ သံမဏိလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံ လုပ်ကိုင်ဆောင်ရွက်နေမှုများ ဆွေးနွေး"

စာမျက်နှာ » ၃

# အလင်းရောင်များ ဝေဖြာစေခဲ့ပြီ တောင်ပေါ်သွေးချင်းတို့ ငွေတောင်ပြည်



ကယားပြည်နယ် လွိုင်ကော်မြို့ရှိ လောပိတရေအားလျှပ်စစ်စက်ရုံကို တွေ့ရစဉ်။

**သတင်းဆောင်းပါး**
**တင်မောင်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ-မောင်မွေး**

"အခု ကျွန်မတို့ဆီက ကျေးရွာတွေ မီးမရတာ သိပ်မရှိတော့ဘူး။ တယ်လီဖုန်းတွေလည်း လူတိုင်းနီးပါး အသုံးပြုလို့ရပြီ။ တီဗွီတွေလည်း ကြည့်လို့ရနေပြီ။ ဒီတစ်သက် မီးမမြင်ရတော့ဘူးထင်ခဲ့တာ။ အခုလို မီးလင်းလာတော့ ကျွန်မတို့ဒေသရဲ့ လူနေမှုဘဝတွေ အားလုံး အဆင်ပြေလာတယ်"ဟု လွိုင်ကော်မြို့နယ် ဒေါ်ဆန်းဘုန်းရွာမှ ကယန်းတိုင်းရင်းသူ ဒေါ်မနု၏ ရင်တွင်းစကားသံကို ကြားလိုက်ရတော့ ကျွန်တော် ရုတ်တရက် အတွေးတစ်ချက် ဝင်မိသည်။

တစ်ချိန်က နယ်မြေတည်ငြိမ်အေးချမ်းမှု မရှိသည့်အတွက်ကြောင့် လူမှုရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးတို့ကအစ အစစအရာရာ ဖွံ့ဖြိုးမှုနောက်ကျခဲ့သည့် တောင်ပေါ်ဒေသနေ တိုင်းရင်းသားပြည်သူတို့၏ ဘဝများကို မြေပြန့်ကကျွန်တော်သူတို့နှင့်ထပ်တူ ခံစားနားလည်နိုင်ခဲ့သည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ✻


BBB

ဘိသုံးလုံး ကားရောင်းစင်တာ

38+40 ကမ္ဘာအေးဘုရားလမ်း
(နင်းဆီကုန်း ဘိုးဘွားရိပ်သာရှေ့)၊ ဗဟန်း။
Phone: 09-7320-7777

# မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

## ရေသယံဇာတနှင့် မြစ်ချောင်းထိန်းသိမ်းရေး

ရေသည်လူ၊ တိရစ္ဆာန်နှင့်အပင်တို့အတွက်မရှိမဖြစ် လိုအပ်သည်။ ရေရှိမှသာလျှင်အသက်ရှင် ကြီးထွားမှုဖြစ်နိုင်သည်။ ရေနှင့်ဆက်စပ်နေသော စီးပွားရေးလုပ်ငန်းများ တိုးတက်နိုင်သည်။ ထို့ကြောင့်လည်း ရေကိုသယံဇာတဟုဆိုကြသည်။ သို့သော်ရေသည် ဤသတ္တလောကအတွက် ကောင်းကျိုးတစ်ခုတည်းကိုသာဖြစ်စေသည်မဟုတ်ပေ။ ဆိုးကျိုးကိုလည်း ဖြစ်စေနိုင်သည်။ ရေကိုစနစ်တကျစီမံခန့်ခွဲ၍ အသုံးပြုနိုင်စွမ်းမရှိလျှင် နောက်ဆက်တွဲပြဿနာများနှင့် ရင်ဆိုင်ရဖွယ်ရှိသည်။

ရေနှင့်ပတ်သက်သောပြဿနာများစွာ ရှိနေမည်။ ရေကြီးရေလျှံခြင်း၊ ရေမြုပ်ခြင်း၊ ရေဘေးကြုံတွေ့ရခြင်း၊ ရေရှားပါးပြတ်လပ်ခြင်းစသည်တို့သည် ရေနှင့်ပတ်သက်သောပြဿနာများပင်ဖြစ်သည်။ ရေနှင့်ပတ်သက်သော ပြဿနာများမဖြစ်ပွားရအောင် ရေစီမံခန့်ခွဲရေးနှင့် မြစ်ချောင်းများထိန်းသိမ်းရေး လုပ်ငန်းသည်များစွာ အရေးပါလှသည်။

ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်၊ စစ်တောင်းနှင့် မြစ်ချောင်းများစွာ စီးဆင်းဖြစ်ထွန်းလျက်ရှိသည်။ ဤမြစ်ချောင်းများသည်ကား ကျွန်ုပ်တို့မြန်မာပြည်သူတစ်ရပ်လုံးအတွက် သဘာဝကပေးထားသည့် လက်ဆောင်များပင်ဖြစ်သည်။ ထိုမြစ်ချောင်းများမှသုံးရေ၊ သောက်ရေနှင့်ကျွဲ၊ နွားတိရစ္ဆာန်တို့အတွက် သုံးရေအပြင် စိုက်ပျိုးရေးအတွက်များစွာ အထောက်အကူပြုလျက်ရှိပါသည်။ ဤမြစ်ချောင်း၊ အင်းအိုင်အသွယ်သွယ်တို့သည် လူတို့အသက်ရှင်နေထိုင်ရေးအတွက် စဉ်ဆက်မပြတ် စီးဆင်းကောင်းမွန်နေရန်မှာ အလွန်ပင်အရေးကြီးသော အချက်ဖြစ်ပါသည်။ မြစ်ချောင်းများကောင်းမွန်စွာ စီးဆင်းနေရေးသည် အလွန်ပင်အရေးပါသည်။

ယခုအခါ မြစ်ချောင်းများအတွင်း အမှိုက်သရိုက်များ စွန့်ပစ်ခြင်း၊ စက်မှုလုပ်ငန်းသုံးကြွင်းကျန် ပစ္စည်းများစွန့်ပစ်ခြင်း၊ လူတို့၏နေ့စဉ်သုံးညစ်ညမ်းရေများစွန့်ပစ်ခြင်းတို့ကြောင့် ညစ်ညမ်းမှုများဖြစ်ပေါ်နိုင်ပါသည်။ အထူးသဖြင့် နိုင်ငံနှင့်အဝန်းဆောက်လုပ်ရေးလုပ်ငန်းများ အလွန်များပြားလာချိန် စီးပွားရေးသမားများက မြစ်ချောင်းများအတွင်းမှ အဓိကကုန်ကြမ်းပစ္စည်းဖြစ်သည့် သဲနှင့်ကျောက်စရစ်စုပ်ယူခြင်းလုပ်ငန်းကို ဆင်ခြင်တုံတရားမဲ့စွာ လုပ်ဆောင်နေကြပါသည်။ သဲနှင့် ကျောက်စရစ်ခဲများသည် မြစ်ကြမ်းပြင်နှင့်ကမ်းပါးများ တိုက်စားမှုမဖြစ်အောင် ကာကွယ်ပေးနေသောအရာဝတ္ထုများ ဖြစ်ပါသည်။ ထို့ကြောင့်လည်း မြစ်ချောင်းများတစ်လျှောက် သဲသောင်များ ဖြစ်ထွန်းခြင်း၊ ရေလမ်းကြောင်းများပြောင်းလဲခြင်း၊ ကမ်းပါးများတိုက်စားပြိုကျခြင်းစသော နောက်ဆက်တွဲဆိုးကျိုးများ ဖြစ်ပေါ်လျက်ရှိပါသည်။ သို့ဖြစ်၍ မြစ်ချောင်းများသည် ကျွန်ုပ်တို့ပြည်သူတစ်ရပ်လုံးအတွက် အဓိကအရေးကြီးသည့် ရေကိုဖြည့်စွမ်းပေးနေခြင်းကြောင့် ပြည်သူတစ်ရပ်လုံးက မြစ်ချောင်းများယိုယွင်းပျက်စီးမှုမရှိအောင် အသိစိတ်ဓာတ်ရှိရှိဖြင့် ဝိုင်းဝန်းတားဆီးကာကွယ်ရေးကို အထူးအလေးထားဆောင်ရွက်သွားသင့်ပြီဖြစ်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆


## သင်ကြားရေး စွမ်းရည်မြှင့်ရန် အလုပ်ရုံဆွေးနွေး

**ရန်ကုန် မတ် ၈**

သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-ရန်ကုန်ရှိ ဆရာ ဆရာမများ သင်ကြားရေးစွမ်းရည် ထက်မြက်စေရန်အတွက် ဆေးပညာသင်ကြားမှု စွမ်းရည်ဗျူဟာမြောက် မြှင့်တင်ရေး (Workshop on Enhancing Learning-Teaching Strategies) အလုပ်ရုံဆွေးနွေးပွဲကို မတ် ၇ ရက်နှင့် ၈ ရက်တို့တွင် အဆိုပါ တက္ကသိုလ် ရွှေရတုခန်းမ၌ ကျင်းပရာ ဆရာ ဆရာမ ၂၃ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(မြန်မာ့အလင်း)

## (၇၁)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်များ

(က) အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ရေး။

(ခ) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိအောင်ဆောင်ရွက်ရန် တပ်မတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သော တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးရရှိအောင် ဆောင်ရွက်ရာတွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပိုင်နက်နယ်မြေနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်နိုင်မည့် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

## ကျွမ်းကျင်မှုအခြေပြု ကာလတိုအခြေခံစက်ပြင်သင်တန်း စတင်ဖွင့်လှစ်

**မန္တလေး မတ် ၈**



ဆင်းရဲမှု လျှော့ချရေးအတွက် ဂျပန်နိုင်ငံရန်ပုံငွေ(JFPR) ဖြင့် အာရှဖွံ့ဖြိုးရေးဘဏ်(ADB)နှင့် စက်မှုဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် အားလုံးအကျုံးဝင်ဖွံ့ဖြိုးမှုအတွက် ကျွမ်းကျင်မှုများ တိုးတက်ရေးရှေ့ပြေးစီမံချက်အရ စက်မှုဝန်ကြီးဌာနသည် ကျွမ်းကျင်မှုအခြေပြုနည်းပညာနှင့် အသက်မွေးပညာကာလတိုသင်တန်းများကို ပညာရေးအခွင့်မသာသည့် လူငယ်များအတွက် ဂဟေဆက်သင်တန်း၊ ဓာတ်ငွေ့ဂဟေဆက်သင်တန်း၊ မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းခြင်းသင်တန်း၊ အသေးစားစိုက်ပျိုးရေးသုံး စက်ကိရိယာပြုပြင်ထိန်းသိမ်းခြင်းသင်တန်းတို့အား အမှတ်(၂) စက်မှုသင်တန်းကျောင်း (မန္တလေး)နှင့်အမှတ် (၄)စက်မှုသင်တန်းကျောင်း (ပခုက္ကူ)တို့တွင် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါသင်တန်း လေးမျိုးအနက်မှ ကျွမ်းကျင်မှုအခြေပြု ကာလတိုအခြေခံစက်ပြင် သင်တန်းနှစ်မျိုးဖြစ်သည့် မော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းခြင်းနှင့် အသေးစားစိုက်ပျိုးရေး စက်ကိရိယာပြုပြင်ထိန်းသိမ်းခြင်း သင်တန်းဖွင့်ပွဲအခမ်းအနားကို မတ် ၇ ရက် နံနက် ၉ နာရီက စက်မှုဝန်ကြီးဌာန စက်မှု ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနကြီးကြပ်မှုအောက်ရှိ အမှတ်(၂)စက်မှုသင်တန်းကျောင်း (မန္တလေး)၌ ကျင်းပခဲ့ရာ အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးကျော်မြင့်က သင်တန်းဖွင့်အမှာစကားပြောကြားသည်။

သင်တန်းကို မတ် ၇ ရက်မှ ဇွန် ၂၇ရက်အထိ ရက်သတ္တပတ် ၁၂ ပတ်ကြာ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်သည်။ သင်ကြားမှု ပိုမိုထိရောက်စေရန် သင်တန်းအမျိုးအစားအလိုက် တစ်ကြိမ်လျှင် သင်တန်းသား ၁၂ ဦးကိုသာ သင်ကြားပေးမည်ဖြစ်ပြီး ဘာသာရပ် လေးမျိုးအတွက်သင်တန်း ခြောက်ကြိမ်အထိ ဖွင့်လှစ်သွားမည်ဖြစ်သည်။

အဆိုပါသင်တန်းကို တက်ရောက်ကြမည့် သင်တန်းသားများ အတွက် သင်တန်းကြေး၊ သင်တန်းသားဝတ်စုံ၊ နေထိုင်စရိတ်များအားလုံးမှာ အခမဲ့ဖြစ်ပြီး သင်တန်းဆင်းများအတွက် အလုပ်အကိုင်ရရှိရေးကိုပါ ကူညီဆောင်ရွက်သွားမည်ဖြစ်သည်။

အလားတူသင်တန်းအား သင်တန်းသား ၂၄ ဦးဖြင့် အမှတ် (၄) စက်မှုသင်တန်းကျောင်း(ပခုက္ကူ)၌ မတ် ၈ ရက်တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

## မန္တလေးမြို့တွင် သူနာပြုသင်တန်းကျောင်းဖွင့်မည်

**မန္တလေး မတ် ၈**

ပုဂ္ဂလိကဆေးရုံများအသင်း(အထက်မြန်မာပြည်)နှင့် Global Health Services Network အဖွဲ့တို့ပူးပေါင်း၍ သူနာပြုသင်တန်းကျောင်း American Nursing Institute Myanmar (ANIM) ကို မန္တလေးမြို့၌ မေလအတွင်း စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

လူ့စွမ်းအားအရင်းအမြစ်တိုးတက်စေရန်နှင့် ဆေးဝါးကျွမ်းကျင်ပညာရှင်များ ပေါ်ထွက်လာစေရန် ရည်ရွယ်၍သင်တန်းကျောင်းဖွင့်လှစ်ခြင်းဖြစ်ကာ Nurse Aid, Diploma နှင့် Degree အတွက် သင်တန်းသား၊ သင်တန်းသူ ၁၀၀ တစ်ပြိုင်နက်လက်ခံသင်ကြားပေးသွားမည်ဖြစ်ပြီး Nursing Council နှင့်ချိတ်ဆက်၍ Certificate ရရှိရန် ဆောင်ရွက်ပေးမည်ဖြစ်သည်။

သင်တန်းကြေးများအနေဖြင့် Registration ငါးသိန်း၊ Diploma ၁၀ သိန်း၊ Degree ၁၂ သိန်းတို့ဖြစ်ပြီး သင်တန်းကာလမှာ Nurse Aid သုံးလ၊ သားဖွား တစ်နှစ်၊ Diploma နှစ်နှစ်၊ Nursing Bachelor သုံးနှစ်တို့ဖြစ်ကြောင်း သိရသည်။

အောင်ရဲသွင်

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၈-၃-၂၀၁၆

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၄၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၇၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၄၅၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၄၆၀/၄၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၂၀/၅၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀/၇၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၀၀/၅၂၀ ကျပ် |

**စက်သုံးဆီဈေးနှုန်း(လက်ကားဈေး)**

| | |
|---|---|
| ဒီဇယ် | ၈၅၀၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၉၄၀၀၀/ ၉၅၀၀၀ ကျပ် |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀ | - ၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀ | - ၅၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၀၀၀ | - ၈၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀ | - ၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀ | - ၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀ | - ၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၁၀၀၀၀ | - ၁၈၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀ | - ၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀ | - ၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀ | - ၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀ | - ၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀ | - ၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၂၈.၀ |
| ဥရောပ | တစ်ယူရို | ၁၃၅၀.၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၉၈.၆ |
| ထိုင်း | တစ်ဘတ် | ၃၄.၆၉၉ |
| အိန္ဒိယ | တစ်ရူပီး | ၁၈.၃၃၁ |
| တရုတ် | တစ်ယွမ် | ၁၈၈.၆၉ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၀.၇၂ |

ခင်ရတနာ-စုစည်းသည်။

# ဟိုတယ်လုပ်ငန်း၊ စွမ်းအင်၊ သတ္တု၊ သံမဏိလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်နေမှုများ ဆွေးနွေး



**နေပြည်တော် မတ် ၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကိုရီးယားသမ္မတနိုင်ငံ ဒေဝူး အပြည်ပြည်ဆိုင်ရာကော်ပိုရေးရှင်း အမှုဆောင်အရာရှိချုပ်နှင့် ဒါရိုက်တာဘုတ်အဖွဲ့ဥက္ကဋ္ဌ မစ္စတာ ဂင်ယောင်းဆန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် ဟိုတယ်လုပ်ငန်း၊ စွမ်းအင်၊ သတ္တု၊ သံမဏိလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်နေမှုများ၊ အဆင့်မြင့်ဆန်စက်များ တည်ဆောက်ရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးဇေယျာအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## ကိုရီးယားလုပ်ငန်းရှင်များ မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ဆောင်ရွက်နိုင်မည့်အခြေအနေများ ဆွေးနွေး

**နေပြည်တော် မတ် ၈**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်အား ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်မြို့မှ မြန်မာဂုဏ်ထူးဆောင် ကောင်စစ်ဝန် Mr. Won B. Dahn ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်က ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် Cosman Group အနေဖြင့် မြန်မာနိုင်ငံ၌ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအတွက် အသေးစားငွေကြေးလုပ်ငန်း ဆောင်ရွက်လိုမှုနှင့်ပတ်သက်၍လည်းကောင်း၊ ကိုရီးယားနိုင်ငံမှ လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံသို့ လာရောက်၍ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဆောင်ရွက်နိုင်မည့် အခြေအနေများကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဘဝအောင်မြင်မှုပန်းတိုင် တက်လှမ်းနိုင်ရန် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြတော့မည်

**နေပြည်တော် မတ် ၈**

၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကြီးကို မတ် ၉ ရက်တွင် စတင်ဖြေဆိုကြတော့မည်ဖြစ်ရာ ဖြေဆိုခွင့်တင်ထားကြသည့် ကျောင်းသား ကျောင်းသူများအား စာမေးပွဲဝင်ခွင့်ကတ်ပြားများကို သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများ၊ စာစစ်ဌာန ကြီးကြပ်ရေးမှူးများက ထုတ်ပေးထားပြီးဖြစ်သည်။

ယခုနှစ်တွင် နိုင်ငံခြားစာစစ်ဌာန ၁၆ ခု၊ ပြည်တွင်းစာစစ်ဌာန ၁၄၅၁ ခု စုစုပေါင်း စာစစ်ဌာန ၁၄၆၇ ဌာနတွင် ဖြေဆိုရန်စာရင်းပေးသွင်းထားကြသည့် ကျောင်းသား ကျောင်းသူ စုစုပေါင်းမှာ ၆၇၁၆၇၀ ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

## မိတ္ထီလာခရိုင်အတွင်း တက္ကသိုလ်ဝင်စာမေးပွဲ ၁၄၅၃၉ ဦး ခန့် ဝင်ရောက်ဖြေဆိုမည်

**မိတ္ထီလာ မတ် ၈**

၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် မိတ္ထီလာခရိုင်အတွင်းရှိ မြို့နယ်ပေါင်းလေးခုမှ ကျောင်းသား ကျောင်းသူ ၁၄၅၃၉ ဦးခန့် ဝင်ရောက်ဖြေဆိုမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်အတွင်း မြို့နယ်အလိုက် စာစစ်ဌာနနှင့် တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုမည့်သူ အရေအတွက်မှာ မိတ္ထီလာမြို့နယ် စာစစ်ဌာန ၁၀ ခု၊ ဖြေဆိုမည့်သူ ၅၇၄၄ ဦး၊ မလှိုင်မြို့နယ် စာစစ်ဌာနခုနစ်ခု၊ ဖြေဆိုမည့်သူ ၃၆၃၈ ဦး၊ ဝမ်းတွင်းမြို့နယ် စာစစ်ဌာနခြောက်ခု၊ ဖြေဆိုမည့်သူ ၂၅၁၈ ဦး၊ သာစည်မြို့နယ်စာစစ်ဌာန လေးခု၊ ဖြေဆိုမည့်သူ ၂၆၃၉ ဦး စုစုပေါင်း စာစစ်ဌာန ၂၇ ခုနှင့် ဖြေဆိုမည့်သူ ၁၄၅၃၉ ဦးရှိသည်။

ယခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုမည့်သူစာရင်း ၁၄၅၃၉ ဦးအနက် ကျောင်းသား ၆၆၅၀ နှင့် ကျောင်းသူ ၇၈၈၉ ဦးဖြစ်ကာ စာမေးပွဲစတင်ကျင်းပသည့် မြန်မာစာဘာသာရပ်ဖြေဆိုသည့်နေ့တွင်မူ အဆိုပါ ဝင်ရောက်ဖြေဆိုမည့်သူ အရေအတွက်မှာ အနည်းငယ် ပြောင်းလဲမှုရှိနိုင်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## မစ္စစ် တူနယ် တီးနပ်(စ်)အား နော်ဝေသံမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီ

**နေပြည်တော် မတ် ၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ နော်ဝေနိုင်ငံ၏ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် လက်ရှိနော်ဝေသံအမတ်ကြီး မစ္စစ်အန် အော်လီစတတ်၏ နေရာတွင် မစ္စစ် တူနယ် တီးနပ်(စ်) အား ခန့်အပ်ရန် အဆိုပြုလာခြင်းကို သဘောတူညီပြီးဖြစ်သည်။

မစ္စစ် တူနယ် တီးနပ်(စ်) ကို ၁၉၆၁ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် မွေးဖွားခဲ့ပါသည်။ ၎င်းသည် ၁၉၈၈ ခုနှစ်တွင် နော်ဝေနိုင်ငံ အော်စလိုတက္ကသိုလ်မှ စီးပွားရေးပညာရပ်ဖြင့် မဟာဘွဲ့ရရှိခဲ့ပါသည်။ ၁၉၈၉ ခုနှစ်တွင် စက်မှုဝန်ကြီးဌာန၌ အကြံပေးအဖြစ် စတင်ဆောင်ရွက်ခဲ့ပြီး ၁၉၉၃ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ ယင်းဝန်ကြီးဌာနတွင်ပင် လက်ထောက်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၎င်းသည် ၁၉၉၆ ခုနှစ်တွင် နော်ဝေဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီတွင် စီးပွားရေးပညာရှင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ထို့နောက် ၁၉၉၉ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ တန်ဇန်းနီးယားနိုင်ငံ ဒါရက်စ်ဆလမ်မြို့ရှိ နော်ဝေသံရုံးတွင် စီးပွားရေး သံမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၂၀၀၃ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ နော်ဝေဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ၊ ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲမှုနှင့် အသုံးစရိတ်ထောက်ပံ့ရေးဌာန အကြီးအကဲအဖြစ် ဆောင်ရွက်ခဲ့ပါသည်။ ၎င်းသည် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ၂၀၀၆ ခုနှစ်တွင် ဝင်ရောက်ခဲ့ပြီး ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး၏ မူဝါဒရေးရာဆန်းစစ်မှုဌာနတွင် အကြီးတန်းအကြံပေးအဖြစ် ၂၀၀၇ ခုနှစ်အထိ ဆောင်ရွက်ခဲ့ပါသည်။ ယင်းနောက် ၂၀၀၇ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု မူဝါဒရေးရာဌာနတွင် လက်ထောက်ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း၊ ၂၀၀၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ယင်းဌာနတွင်ပင် ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။ မစ္စစ် တူနယ် တီးနပ်(စ်)သည် ၂၀၁၄ ခုနှစ်မှစ၍ တောင်ဆူဒန်နိုင်ငံဆိုင်ရာ နော်ဝေသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

၎င်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားသမီးနှစ်ဦးရှိသည်။

**(သတင်းစဉ်)**

## မစ္စတာ ဖရန်စစ္စကို ဗာ့စ် ပါတိုကိုအား ပေါ်တူဂီသံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူ

**နေပြည်တော် မတ် ၉**

မစ္စတာ ဖရန်စစ္စကို ဗာ့စ် ပါတိုကိုအား ဗန်ကောက်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပေါ်တူဂီနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ ဖရန်စစ္စကို ဗာ့စ် ပါတိုကိုအား ၁၉၆၆ ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့တွင် မိုဇမ်ဘစ်နိုင်ငံ၊ ဘေရာမြို့၌ မွေးဖွားခဲ့ပါသည်။ ၎င်းသည်ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့ ကက်သလစ်တက္ကသိုလ်မှ ဥပဒေဘွဲ့နှင့် ဥရောပလေ့လာမှုပညာရပ်ဆိုင်ရာ ဘွဲ့လွန်ရရှိခဲ့သည်။ ၁၉၉၀ ပြည့်နှစ်တွင် ပေါ်တူဂီနိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့သည်။ ၎င်းသည် ဘွန်းမြို့၊ ဘာလင်မြို့နှင့် လူအန်ဒါမြို့တို့ရှိ ပေါ်တူဂီသံရုံးအသီးသီးတွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့ပြင် ပေါ်တူဂီနိုင်ငံခြားရေးဝန်ကြီးဌာနတွင် ဥရောပအဖွဲ့အစည်းများဌာန၏ အကြီးအကဲအဖြစ်လည်းကောင်း၊ ဥရောပရေးရာ ဒုတိယဝန်ကြီး၏ ရုံးအဖွဲ့မှူးအဖြစ်လည်းကောင်း၊ စီမံရေးရာဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၁၅ ခုနှစ် နိုဝင်ဘာလမှ စတင်၍ ထိုင်းနိုင်ငံဆိုင်ရာ ပေါ်တူဂီသံအမတ်ကြီးအဖြစ် ဆောင်ရွက်လျက်ရှိသည်။

**(သတင်းစဉ်)**

# အင်ဒိုနီးရှားတောမီး အရေးပေါ်အခြေအနေ ကြေညာ



**ဂျကာတာ မတ် ၈**

အင်ဒိုနီးရှားအနောက်ပိုင်းရီရူးပြည်နယ်၌ တောမီးလောင်ကျွမ်းမှုကြောင့် အရေးပေါ်အခြေအနေ ကြေညာလိုက်ကြောင်း အစိုးရတာဝန်ရှိသူတစ်ဦးက အင်္ဂါနေ့တွင် ပြောသည်။

အဆိုပါတောမီးသည် နှစ်တိုင်းအရှေ့တောင်အာရှအပေါ် မီးခိုးမြူများ ဖုံးလွှမ်းကျရောက်စေသည်။ ယမန်နှစ်ကပြည်နယ်အချို့ ထိန်းချုပ်နိုင်စွမ်းမရှိဘဲဖြစ်ခဲ့ရပြီး အမေရိကန်ဒေါ်လာ ၁၆ ဘီလီယံခန့် ဆုံးရှုံးနစ်နာမှုဖြစ်ပွားခဲ့ရသည်ဟုဆိုသည်။ "၂၀၁၅ ခုနှစ်ကလိုအဖြစ်မျိုးနဲ့ မကြုံရလေအောင် အုပ်ချုပ်ရေးမှူးကအရေးပေါ်အခြေအနေကြေညာလိုက်ပါပြီ"ဟု ပြည်နယ်အစိုးရ ပြောရေးဆိုခွင့် ရှိသူ ဒါရုဆမန်ကပြောသည်။

အဆိုပါတောမီးကိုထိန်းချုပ်ရန်တပ်နှင့်ရဲတပ်ဖွဲ့ဝင် ၅၀၀ ခန့်တို့အား မီးသတ်ရဟတ်ယာဉ်နှင့်အတူ ဖြန့်ကြက်ချထားပြီဖြစ်ကြောင်း၊ သို့သော် အဆိုပါမီးမှာ မြို့ပြဒေသများသို့မရောက်ရှိနိုင်ကြောင်း ၎င်းကပြောသည်။

အဆိုပါတောမီး စတင်လောင်ကျွမ်းနေရာနှင့်ပျံ့နှံ့မှုမရှိအောင် ထိန်းချုပ်သွားနိုင်ရေးအမြန်ဆုံးဆောင်ရွက်ရမည်ဖြစ်ကြောင်း သမ္မတဝီဒိုဒိုက ဒေသအာဏာပိုင်များအား တိုက်တွန်းလိုက်သည်။ **(ရိုက်တာ)**

# လစ်ဗျားနယ်စပ်အနီး တူနီးရှားတပ်ဖွဲ့များကို အိုင်အက်စ်စစ်သွေးကြွများတိုက်ခိုက်၊ လူ ၅၀ သေဆုံး

**ကျူးနစ် မတ် ၈**

အိုင်အက်စ်အကြမ်းဖက်စစ်သွေးကြွများသည် တနင်္လာနေ့က လစ်ဗျားနယ်စပ်အနီး တူနီးရှားမြို့ ဘန်ဂွာဒန်တစ်လျှောက် တူနီရှားတပ်စခန်းများနှင့် ရဲကင်းများကိုဝင်ရောက် စီးနင်းတိုက်ခိုက်မှုများပြုလုပ်ခဲ့ရာ အရပ်သားများအပါအဝင် လူအယောက် ၅၀ သေဆုံးသွားကြောင်း အစိုးရနှင့် ဒေသခံများက ပြောသည်။

မြို့လယ်တွင်တိုက်ပွဲများဖြစ်ပွားနေသည့် ရုပ်သံများကို ဒေသတွင်း ရုပ်မြင်သံကြားဌာနက ထုတ်လွှင့်ပြသလျက်ရှိသည်။ နောက်ဆုံးတွင် တပ်မတော်က အခြေအနေအရပ်ရပ်ကို ပြန်လည်ထိန်းသိမ်းနိုင်ခဲ့ပြီးနောက် သေဆုံးနေသော အကြမ်းဖက်သောင်းကျန်းသူများ၏ ရုပ်အလောင်းများကို မြေပြင်ပေါ်တွင် ပြန့်ကျဲလျက်တွေ့ရသည်။

တိုက်ခိုက်မှုများဖြစ်ပွားပြီးနောက် သက်ဆိုင်ရာအာဏာပိုင်များက အနီးရှိ ကမ်းခြေအပန်းဖြေစခန်းရှိရာမြို့ ဒီဂျာဘာအနီးကို အဝင်အထွက် လမ်းများပိတ်ခဲ့ရပြီး ဘန်ဂွာဒန်မြို့တွင် ညမထွက်ရအမိန့်ထုတ်ပြန်ခဲ့ကာ လစ်ဗျားနှင့်ထိစပ်လျက်ရှိသော နယ်စပ်နှစ်ခုကိုလည်း ပိတ်ခဲ့ကြောင်း သိရသည်။

အရုဏ်တက်တွင် စစ်သွေးကြွအမြောက်အမြားကို တွေ့ခဲ့ရကြောင်း၊ ၎င်းတို့တွင် လက်နက်များပါကြောင်း ဒေသခံတစ်ဦးက ရိုက်တာသို့ ဖုန်းဖြင့် ပြောခဲ့သည်။

၎င်းတို့သည် အိုင်အက်စ်စစ်သွေးကြွများဖြစ်ကြောင်း၊ တပ်စခန်းများနှင့် ရဲဌာနများကို ဦးတည်ချက်ထားတိုက်ခိုက်မည်ဖြစ်ကြောင်း ၎င်းဒေသခံတစ်ဦးက ပြောကြားခဲ့သည်။

**(ရိုက်တာ)**

# တောင်တရုတ်ပင်လယ်သည် လွတ်လပ်မှုနှင့် လုံခြုံမှုအရှိဆုံး ရေကြောင်းလမ်းဖြစ်ကြောင်း တရုတ်ပြောကြား



**ပေကျင်း မတ် ၈**

တောင်တရုတ်ပင်လယ်သည် ကမ္ဘာပေါ်တွင် အလွတ်လပ်ဆုံးနှင့် စိတ်အချရဆုံး သင်္ဘောလမ်းကြောင်းဖြစ်ကြောင်း၊ ယင်းရေကြောင်းလမ်းဒေသသည် ၎င်းတို့က ဦးဆုံးတွေ့ရှိခဲ့သောကြောင့် ပေကျင်း၏ ထိန်းချုပ်ခံဖြစ်နေခြင်းမှာ တရားမျှတကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီက အင်္ဂါနေ့တွင် ပြောကြားခဲ့သည်။

မကြာသေးမီကာလက အမေရိကန်နှင့် ၎င်း၏မဟာမိတ်နိုင်ငံများက တောင်တရုတ်ပင်လယ်တွင် ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြပြီး အမေရိကန်ရေတပ်က ရေကြောင်းလေ့ကျင့်ရေးအဖြစ် အငြင်းပွားကျွန်းများအနီးတွင် ခုတ်မောင်းသွားလာမှုများ ပြုလုပ်ခဲ့သည်။

အဆိုပါလှည့်ကင်းများ သွားလာခြင်းနှင့် တရုတ်က ကျွန်းပေါ်တွင် ရေဒါကိရိယာများ၊ ဒုံးလက်နက်များ ဖြန့်ကြက်တပ်ဆင်ခြင်းများ ပြုလုပ်နေခြင်းသည် ဝါရှင်တန်နှင့် တရုတ်က ဒေသတွင်းကုန်သွယ်ရေးတွင် စစ်ရေးအရ အားပြိုင်မှုများ ပြုလုပ်နေခြင်းဖြစ်သည်။ ရေကြောင်းလွတ်လပ်စွာ သွားလာခွင့်သည် ပရမ်းပတာပြုလုပ်၍ မရနိုင်ကြောင်း ဝမ်က သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားခဲ့သည်။ "တကယ်တော့ တရုတ်နဲ့ အခြားဒေသတွင်းနိုင်ငံတွေအတွက် တောင်တရုတ်ပင်လယ်ဟာ ကမ္ဘာပေါ်မှာ စိတ်အချရဆုံးနဲ့ လွတ်လပ်မှုအရှိဆုံး ကုန်သွယ်ရေလမ်းကြောင်း တစ်ခုပါပဲ" ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

တောင်တရုတ်ပင်လယ်ပြင်ရှိ ကျွန်းများစွာကို တရုတ်နိုင်ငံက ဖွံ့ဖြိုးတိုးတက်ရေးများ၊ ထိန်းသိမ်းအုပ်ချုပ်ရေးများ စတင်ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ရှေးဘိုးဘွားများက နောင်မျိုးဆက်သစ်များအတွက် လှံ့လစိုက်ထုတ်ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ဝမ်က ပြောသည်။ **(ရိုက်တာ)**

# လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များကို လိုက်နာရန် အိုင်အေအီးအေက မြောက်ကိုရီးယားကို တိုက်တွန်း

**ဂျီနီဗာ မတ် ၈**

ကိုရီးယား ဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ (မြောက်ကိုရီးယား)အား ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များကို လိုက်နာရန် နိုင်ငံတကာအနုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ) ကတနင်္လာနေ့တွင် တိုက်တွန်းလိုက်သည်။

မြောက်ကိုရီးယားကို ကုလသမဂ္ဂလုံခြုံရေးကောင်စီနှင့် ကုလသမဂ္ဂ နျူကလီးယားအေဂျင်စီ၏ ဆုံးဖြတ်ချက်များအား လိုက်နာရန် အလေးအနက်တိုက် တွန်းကြောင်း အေဂျင်စီအကြီးအကဲ ယူကီယာအမာနိုက ဗီယင်နာ၌ ကျင်းပသော အေဂျင်စီဘုတ်အဖွဲ့အစည်းအဝေး၌ ပြောကြားခဲ့သည်။

လက်ရှိအနေအထားတွင် မြောက်ကိုရီးယား၏နျူကလီးယားအစီအစဉ်ကို စစ်ဆေးရန် နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီအနေဖြင့် အဆင်မပြေသောကြောင့် မြောက်ကိုရီးယား၏နျူကလီးယားအစီအစဉ်နှင့် ပတ်သက်ပြီးကိုင်တွယ်ရန် ခက်ခဲလျက်ရှိကြောင်း သိရသည်။

ယခုနှစ်စတွင် မြောက်ကိုရီးယားအနေဖြင့် လေးခုမြောက်နျူကလီးယားစမ်းသပ်မှုကို ပြုလုပ်ခဲ့သောကြောင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်အသစ်တစ်ခုကို ချမှတ်ရန်ဖြစ်ပေါ်လာသည်။

မြောက်ကိုရီးယား၏ နျူကလီးယားဆောင်ရွက်ချက်ကို အိုင်အေအီးအေအနေဖြင့် သက်သေပြနိုင်ရန်အတွက် နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်ရန် အဆင်သင့်ရှိကြောင်း ပြောကြားခဲ့သည်။

**(ဆင်ဟွာ)**

# ယာဉ်မောင်းအိပ်ငိုက်မှုကြောင့် ယာဉ်တိမ်းမှောက်မှုဖြစ် သုံးဦးသေဆုံး၊ ၄၀ ဒဏ်ရာရ

**ဗန်ကောက် မတ် ၈**

ထိုင်းနိုင်ငံအလယ်ပိုင်း ဆင်ဘူရီပြည်နယ်၌ အင်္ဂါနေ့ နံနက်ပိုင်းက အလည်အပတ် ခရီးသွား ဘတ်စ်ကားတစ်စီး တိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ သုံးဦးသေဆုံးပြီး လူပေါင်း ၄၀ ဒဏ်ရာရရှိခဲ့ကြောင်း ဒေသမီဒီယာများက ဖော်ပြသည်။

ဒေသစံတော်ချိန် နံနက် ၃ နာရီ မိနစ် ၄၀ ခန့်က မယ်တမ်ခရိုင် အုပ်ချုပ်ရေးဌာနမှ အဖွဲ့ဝင်များ လိုက်ပါလာသော ဘတ်စ်ကားတစ်စီးသည် ခိုချန်ကျွန်းသို့သွားစဉ် ဆင်ဘူရီပြည်နယ်၌ မြောင်းတစ်ခုအတွင်းသို့ ထိုးကျတိမ်းမှောက်သွားခြင်းဖြစ်သည်။

သေဆုံးသူများထဲတွင် မယ်တမ်အုပ်ချုပ်ရေးဌာနမှ အရာရှိတစ်ဦးပါဝင်ပြီး ယင်းကားပေါ်တွင် နိုင်ငံခြားသား ခရီးသည်များ ပါဝင်ခြင်းမရှိပေ။ ထိခိုက်ဒဏ်ရာရရှိသူများကို ဆေးရုံသို့ ပို့ဆောင်ထားကြောင်းသိရသည်။

အဆိုပါ မတော်တဆမှုမှာ ယာဉ်မောင်းအိပ်ငိုက်မှုကြောင့် ဖြစ်ပွားရခြင်းဖြစ်ကြောင်း ရဲစခန်းမှ အတည်ပြုပြောကြားသည်။ **(ဆင်ဟွာ)**

# အမေရိကန်နှင့် တောင်ကိုရီးယား ပူးတွဲစစ်ဆင်ရေးကို တရုတ်စိုးရိမ်

**ဆိုးလ် မတ် ၈**

လတ်တလော ပြုလုပ်နေသော အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံတို့၏ ပူးတွဲစစ်ဆင်ရေးကို တရုတ်နိုင်ငံအနေဖြင့် စိုးရိမ်မိကြောင်း တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူကပြောသည်။

ကိုရီးယား ကျွန်းဆွယ်အပေါ် ကျရောက်လာနိုင်သည့် မည်သည့်ဘေးဒုက္ခမျိုးမဆို လက်သင့်မခံ၊ ပြင်းထန်စွာဆန့်ကျင်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူဟောင်လီက တနင်္လာနေ့က သတင်းထောက်များကို ပြောခဲ့သည်။ တရုတ်နိုင်ငံအနေဖြင့် အမေရိကန်နှင့် တောင်ကိုရီးယားနှစ်နိုင်ငံ ပူးပေါင်းစစ်ဆင်ရေးကြောင့် ကိုရီးယားကျွန်းဆွယ်အရေး တင်းမာမှုမြင့်တက်လာမည်ကို မလိုလားကြောင်း ၎င်းက ပြောကြားခဲ့သည်။ **(အင်န်အိတ်ချ်ကေ)**



ပူးတွဲစစ်ဆင်ရေးတွင် ပါဝင်သည့် အမေရိကန်နှင့် တောင်ကိုရီးယား မရိန်းတပ်သားများကို တွေ့ရစဉ်။

# မြန်မာအမျိုးသမီးများသည် ခေတ်သစ်ဒီမိုကရေစီ နိုင်ငံတော်ကြီးတည်ဆောက်ရာတွင် ကျရာတာဝန်များကို တန်းတူညီမျှ ပါဝင်ဆောင်ရွက်

နေပြည်တော် မတ် ၈

**"ကျား၊ မ တန်းတူ ကမ္ဘာတစ်ဝန်း ၂၀၃၀ ရည်ကာမှန်း" ဟူသည့် ဆောင်ပုဒ်နှင့်အညီ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပသည်။**



အခမ်းအနားသို့ ဒုတိယသမ္မတ ဦးညွန့်ထွန်း၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်အေးမြင့်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်းဝင်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ပြည်တွင်း၊ ပြည်ပအစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ကိုယ်စား အမျိုးသမီးများကို နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံအနေဖြင့် လည်းကောင်း၊ အာဆီယံအမျိုးသမီးရေးရာကော်မတီ အဖွဲ့ဝင်နိုင်ငံအနေဖြင့် လည်းကောင်း၊ အာဆီယံ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေးကော်မရှင်အဖွဲ့ဝင်နိုင်ငံအနေဖြင့် လည်းကောင်း၊ မြန်မာအမျိုးသမီးထုကြီး အားလုံး၏ အခွင့်အရေးများ အပြည့်အဝရရှိခံစားနိုင်ရေးအတွက် ဆက်စပ်လျက်ရှိသည့် ဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း စသည့်ပြည်တွင်းအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်ပအဖွဲ့အစည်းများ၊ ကျားမရေးရာအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများအားလုံးနှင့် လက်တွဲကြိုးပမ်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၃ ခုနှစ် အောက်တိုဘာလအတွင်းတွင် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ ၁၀ နှစ်စီမံကိန်း (၂၀၁၃-၂၀၂၂) (National Strategic Plan for Advancement of Women-NSPAW) ကို မိတ်ဆက်ရှင်းလင်းရေးဆွဲခဲ့ပြီး အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကဏ္ဍကြီး (၁၂)ရပ်ကို မဟာဗျူဟာ(၄)ရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၄ ခုနှစ် ဒီဇင်ဘာအတွင်း ထုတ်ဝေဖြန့်ချိခဲ့သည့် မြန်မာနိုင်ငံလူမှုကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံချက် (Myanmar National Strategic Plan on Social Protection)တွင်လည်း အမျိုးသမီးများအတွက် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ထည့်သွင်းရေးဆွဲထားပြီးဖြစ်ပါကြောင်း။

၂၀၁၅ ခုနှစ်အတွင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် Gender Equality Network တို့ပူးပေါင်း၍ "တိတ်ဆိတ်ခြင်း၏နောက်ကွယ်၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့် အမျိုးသမီးများ၏ ခံနိုင်ရည်စွမ်း သုတေသနအစီရင်ခံစာ" (Behid the Silence: Violence against Women and their Resilence in Myanmar)နှင့် ကျား၊ မ လူမှုရေးရာ အလေ့အထများနှင့် ယဉ်ကျေးမှုစံနှုန်းများ၊ သတ်မှတ်ချက်များကို လေ့လာသည့် "ရှုန်းမထွက်သာ အစဉ်အလာ သုတေသနစာတမ်း" "Raising the Curtain: Social Norms, Cultural Practices and Gender Equality in Myanmar" တို့ကို မိတ်ဆက်ဖြန့်ချိပြီးဖြစ်ပါကြောင်း။

ဆက်လက်ပြီး UN Gender Them Group နှင့်ပူးပေါင်း၍ "မြန်မာနိုင်ငံရှိ ကျား၊ မ ရေးရာအခြေအနေ လေ့လာဆန်းစစ်မှုစစ်တမ်း" " Gender Situation Analysis" ကို အတည်ပြုမိတ်ဆက်ဖြန့်ဝေနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ ဆောင်ပုဒ်ဖြစ်သည့် "ကျား၊ မ တန်းတူ ကမ္ဘာတစ်ဝန်း ၂၀၃၀ ရည်ကာမှန်း" "Planet 50-50 by 2030:Step it Up for Gender Equality" နှင့်အညီ မြန်မာအမျိုးသမီးများသည် ခေတ်သစ်ဒီမိုကရေစီ နိုင်ငံတော်ကြီး တည်ဆောက်ရာတွင် ကျရာတာဝန်များကို တန်းတူညီမျှ ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ထံမှ ပေးပို့သည့် သဝဏ်လွှာကို ကုလသမဂ္ဂအမျိုးသမီးရေးရာအဖွဲ့မှ ဌာနေကိုယ်စားလှယ် ဒေါက်တာ ဂျင်းဒီခွန်ဟက ဖတ်ကြားသည်။

အခမ်းအနားအပြီးတွင် တက်ရောက်လာကြသူများသည် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အထိမ်းအမှတ် ဓာတ်ပုံပြခန်းအား လှည့်လည်ကြည့်ရှုကြသည်။ **(အပေါ်ပုံ)**

အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့သည် ၁၉၀၈ ခုနှစ်က အမေရိကန်နိုင်ငံ နယူးယောက်မြို့ အထည်ချုပ်စက်ရုံရှိ အမျိုးသမီးများ၏ တောင်းဆိုမှုများမှ အစပြုခဲ့သည်။

၁၉၁၀ ပြည့်နှစ် ကိုဖီဟေဂင်မြို့၌ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ လုပ်ငန်းခွင်မှ အမျိုးသမီးများ ဒုတိယအကြိမ် ညီလာခံတွင် ဂျာမနီနိုင်ငံ အမျိုးသမီးခေါင်းဆောင်တစ်ဦးဖြစ်သည့် ကလဲရာဇက်ခင်က အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ကို တစ်ကမ္ဘာလုံး၌ တစ်ရက်တည်းတွင် သတ်မှတ်ကျင်းပရန် တောင်းဆိုခဲ့သည်။

ပထမဆုံး အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ကို ၁၉၁၁ ခုနှစ် မတ် ၁၉ ရက်တွင် ကျင်းပခဲ့ပြီး ၁၉၇၅ ခုနှစ်မှစတင်၍ မတ် ၈ ရက်ကို အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အဖြစ် သတ်မှတ်ကျင်းပခဲ့ခြင်းဖြစ်သည်။

ကမ္ဘာတစ်ဝန်းရှိ အမျိုးသမီးများ၏ တိုးတက်မှုများကို အသိအမှတ်ပြုရေး၊ စီးပွားရေးအခွင့်အလမ်း၊ လစာတန်းတူရရှိခြင်းအပါအဝင် နိုင်ငံရေးနှင့် ကျန်းမာရေးကဏ္ဍများတွင် အမျိုးသမီးများနှင့် အမျိုးသားများ တန်းတူရည်တူ အောင်မြင်မှုများ ရရှိရေးနှင့် အမျိုးသမီးများအားလုံးကို ကူညီရာတွင် အာရုံစိုက်ရေးတို့ကို ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

**(သတင်းစဉ်)**

## ဘိုကလေးမြို့နယ် ပေချောင်းကြီးကျေးရွာအထက်တန်းကျောင်း၌ စာဖြေဌာနအသစ်ဖွင့်

**ဘိုကလေး မတ် ၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ကံ့ကော်တစ်ထောင်ပေချောင်းကြီးကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၌ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနအသစ်ဖွင့်လှစ်ခြင်းကို မတ် ၈ ရက် နံနက် ၁၀ နာရီက ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါ စာစစ်ဌာနဖွင့်လှစ်ခြင်း အစီအစဉ်တွင် ကံ့ကော်တစ်ထောင် ဆရာတော် ဘဒ္ဒန္တကေလာသ (အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ)က ဩဝါဒမြွက်ကြားပြီး ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင် တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

ယခုစာစစ်ဌာနဖွင့်လှစ်လိုက်သည့်အတွက် ဒေသခံကျောင်းသား ကျောင်းသူများ မိမိတို့ ဒေသမှာပင် စာမေးပွဲဖြေဆိုနိုင်ပြီဖြစ်သဖြင့် ကျောင်းသား ကျောင်းသူများနှင့် မိဘများ ဝမ်းမြောက်ပျော်ရွှင်နေကြကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**



**(၇၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၄)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ခန့်ကိုအောင်၊ ဒုတိယတပ်ဖွဲ့ခွဲမှူး ရဲမှူးရဲနိုင်အောင် ဦးစီးသော ရဲတပ်ဖွဲ့ဝင်များသည် မတ် ၇ ရက်က မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်ဌာန၌ စုပေါင်းသွေးလှူဒါန်းကြစဉ်။**

တင်မောင်(မန်းကိုယ်ပွား)

## အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အခမ်းအနားများ ကျင်းပ

**စစ်တွေ**

၂၀၁၆ ခုနှစ် မတ် ၈ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အခမ်းအနားကို နံနက် ၉ နာရီက စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ကျင်းပရာ ရခိုင်ပြည်နယ်ခေတ္တဝန်ကြီးချုပ်ကိုယ်စား ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ထိန်လင်းက အမှာစကားပြောကြားပြီး ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးကိုကိုနိုင်က ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံမှပေးပို့သည့် သဝဏ်လွှာအား ဖတ်ကြားသည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပခဲ့သည့် အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

**(ပြည်နယ် ပြန်/ဆက်)**

**ဟားခါး**

အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ဟားခါးမြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာဘမောင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ချင်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက(ကိုယ်စား) မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခိုင်ခိုင်လှက ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံမှပေးပို့သော သဝဏ်လွှာကို ဖတ်ကြားပြီး ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာဘမောင်၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးဝင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခိုင်ခိုင်လှတို့က ထူးချွန်သောအမျိုးသမီးများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**(ခရိုင် ပြန်/ဆက်)**

**လွိုင်ကော်**

အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အခမ်းအနားကို မတ် ၈ ရက် နံနက် ၉ နာရီက လွိုင်ကော်မြို့ရှိ အဆင့်မြင့်ပြည်နယ်ခန်းမသစ်ကြီးတွင် ကျင်းပရာ ကယားပြည်နယ် အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးတော့ရယ်က အမှာစကားပြောကြားပြီး ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံမှ ပေးပို့သော သဝဏ်လွှာအား ပြည်နယ်လူမှုရေးဝန်ကြီး ဦးကိုးရယ်က ဖတ်ကြားသည်။

ဆက်လက်၍ ထူးချွန်အမျိုးသမီးများဖြစ်ကြသော မြန်မာတစ်နိုင်ငံလုံး အထက်တန်းအဆင့် ဆရာ ဆရာမများ စွမ်းရည်ပြိုင်ပွဲပထမဆုရ ဒေါ်ဆွေဆွေအေး၊ ခြောက်ဘာသာဂုဏ်ထူးရှင် မမော်သိုးမြာ၊ ဂျပန်နိုင်ငံတွင် ကျင်းပသည့် နိုင်ငံတကာပန်းချီပြိုင်ပွဲ ပထမဆုရ မမေသဇင်စိုး၊ ဘက်စုံထူးချွန် (လူရည်ချွန်သုံးထပ်ကွမ်း)ဆုရှင် မအိအိခိုင်စိုးတို့အား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

**(ခရိုင် ပြန်/ဆက်)**

# ဥပဒေအတွေး ရေးပါရစေ (အပိုင်း-၉)

ဦးဟန်ညွန့်(ဥပဒေ)



**ဥပဒေကျောင်းသားမေးသောမေးခွန်း**

ဥပဒေကျောင်းသားတစ်ဦးက ကျွန်တော့်အား မေးသည်။ “မွေးသည်မှ သေသည်အထိ တရားဥပဒေ အမြဲရှိနေသည်ဆိုတဲ့ ဆိုရိုးစကားအဓိပ္ပာယ်က ဘာလဲ။ လူငယ်တွေနားလည်အောင် ရိုးရိုးကလေး ရှင်းပြပေးပါ ဆရာ”. . . တဲ့။

**မေးထိုက်သည်**

ဟုတ်သားပဲ။ ဥပဒေကျောင်းသားဆိုတော့ ဥပဒေပညာ သင်ယူခါစ။ ဥပဒေပင်လယ်ပြင်ကြီး ထဲမှာ ပစ်ချခံရသော ရေမကူးတတ်သေးသော လူငယ်တချို့။ သူတို့သူတို့ ရှေ့ဘဝခရီး၊ ဥပဒေခရီး ချောမွေ့အဆင်ပြေပါစေ။ ဤမေးခွန်းမေးထိုက်ပေသည်။ ဉာဏ်မီသမျှ ကြိုးစား၍ ဖြေပါရစေ။ ဥပဒေအတွေး၊ ဥပဒေအမြင်၊ ဥပဒေအကိုးအကားများ တင်ပြအပ်ပါသည်။

**လူ၏အဓိပ္ပာယ်**

“လူ” ဆိုသည်မှာ တွေးခေါ်သိမြင်တတ်သော အသိဉာဏ်ရှိ၍ တီထွင်တတ်၊ စကားပြောတတ်သော ခြေနှစ်ချောင်းသတ္တဝါ ဖြစ်သည်” ဟုဖွင့်ဆိုသည်။

**(မြန်မာအဘိဓာန်၊ အတွဲ-၄၊ စာ-၇၀)**

> **ဥပဒေဆိုလျှင် စာစကား၊ ပေစကား ခံ့ညားထည်ဝါ၍ ပျင်းစရာကောင်းသည်ဟု အများက မှတ်ယူကြပါသည်။ အခြေခံဥပဒေဆိုလျှင် ပို၍ပျင်းစရာကောင်းမည်ဟု တွက်ကြပါသည်။ အမှန်မှာ ဥပဒေသည် လူတို့ နေ့စဉ်နေ့တိုင်း ဆက်ဆံကူးလူးကြခြင်းနှင့် ပတ်သက်ပေသည်**

**မွေးဖွားခြင်း၏ အဓိပ္ပာယ်**

“မွေးဖွားခြင်း”ဆိုသည်မှာ အမိဝမ်းမှ ဖွားမြင်သည်။ ပိုင်ဆိုင်ရယူ၍ ထိန်းသိမ်းပြုစုစောင့်ရှောက်ထားသည်။ ပြုစုလုပ်ကျွေးသည်။ တယုတယပျိုးထောင်သည်။ တည်တံ့ရှင်သန်အောင် လှုံ့လပြုသည်။ ဖြစ်တည်စေသည်။ တစ်စုံတစ်ခုသောအခြေသို့ ရောက်သည်အထိ ငုံ့လင့်သည်။ စည်းရုံးသိမ်းသွင်းသည်။ မီးတောက်ရအောင်ပျိုးသည်။ မီးလျှံများရှင်သန်လာအောင် မွေးမြူသည်” ဟု ဖွင့်ဆိုသည်။

**(မြန်မာအဘိဓာန်၊ အတွဲ-၃၊ စာ-၁၉၉)**

**သေခြင်း၏ အဓိပ္ပာယ်**

“သေခြင်း” ဆိုသည်မှာ အသက်ချုပ်ငြိမ်းသည်။ လှုပ်ရှားမှုမရှိဖြစ်သည်။ တိုးမှု သို့မဟုတ် ဆုတ်မှု သို့မဟုတ် ပြောင်းလဲမှု ရပ်တန့်သည် (အသားသေသည်၊ အကင်းသေသည်၊ ဖဲသေသည်၊ မှင်သေသည် စသည် ဖြင့်လည်း သုံးနှုန်းသည်)ဟု ဖွင့်ဆိုသည်။

**(မြန်မာအဘိဓာန်၊ အတွဲ-၄၊ စာ-၁၉၅)**

**ဘဝ၏ အဓိပ္ပာယ်**

“ဘဝ”ဟူသည် သတ္တဝါ၏အဖြစ်၊ ဖြစ်ခြင်း။ (ကျော့ကွင်းမောဟ၊ ညွှတ်ထောင်ကျသို့၊ ဘဝကြိမ်ဖန် ပဋိသန်လျှင်) ဟု ဖွင့်ဆိုသည်။ “ဘဝဖြစ်စဉ်” ကိုလည်း သက်တမ်းကာလတစ်လျှောက်တွင် အစဉ်အတိုင်း ဖြစ်ပျက်ခဲ့သမျှသော အကြောင်းရပ်စု” ဟုဖွင့်ဆိုသည်။

**(မြန်မာအဘိဓာန်၊ အတွဲ-၃၊ စာ-၁၁၄)**

**“တရား”၏အဓိပ္ပာယ်**

“တရား” ဟူသည် မှန်ကန်သော၊ မျှတသော၊ သာနာညီမျှရှိသော(တစ်နည်း)တော်တည့် မှန်ကန်ခြင်း၊ အကျိုးသင့်အကြောင်းသင့် ပြောဆိုသောစကား၊ သဘောသဘာဝ၊ သိသင့်သိထိုက်သောအရာ၊ အမှုအခင်း၊ ရာဇသတ်၊ ဓမ္မသတ်၊ ဥပဒေ၊ မြတ်စွာဘုရား၏စကားတော်၊ (တရားဓမ္မဟူသမျှကို ကြောင်းစဝေခွဲ၊ အထဲနက်စွာ) ဟု ဖွင့်ဆိုသည်။

**(မြန်မာအဘိဓာန်၊ အတွဲ-၂၊ စာ-၈၄)**

**တရားဝင်၊ တရားသဖြင့်**

**“တရားဝင်သည်၊ တရားဥပဒေနယ်ပယ်အတွင်း ကျရောက်တည်ရှိသည်။ သက်သေခံအထောက်အထားပြည့်စုံ တရားဝင်နေပြီ။ တရားသဖြင့် ဖြစ်စေရမည်။ ထုံးစံနှင့်အညီ၊ တရားနှင့်အညီ၊ ကိုယ်ချင်းစာနာကာ စိတ်ကိုတရားသဖြင့် ဆုံးမရခြင်းသည် အလွန်တရာကောင်း၏။ တိုင်းသူပြည်သားများကို တရားသဖြင့်အုပ်ချုပ်၏”** စသည်ဖြင့် တရားမျှတမှုအကြောင်းများကို မြန်မာအဘိဓာန်တွင် ဖွင့်ဆိုသည်။ လူငယ်ကျောင်းသား၊ လူငယ်ရှေ့နေများကျယ်ကျယ်ပြန့်ပြန့် ဆက်လက်လေ့လာစေချင်သည်။ ဥပဒေအတွေးအခေါ်ကောင်းဖို့၊ ဥပဒေပညာနှံ့စပ်ဖို့ လေ့လာမှုအားကောင်းရမည်။ ကောင်းသင့်သည်။

**ဥပဒေသည် ကြောက်စရာမဟုတ်**

ဥပဒေစကားပြောလျှင် ဥပဒေသည် ကြောက်စရာဟု ထင်ကြသည်။ တရားရုံးထဲ မဝင်ရဲ၊ သက်သေမလိုက်ရဲ။ ရဲစခန်းဆိုအဝေးကရှောင်၊ ရှေ့နေစောင်မထောင်ပိုကျ၊ ဘဝထဲမှာ မပေါင်းအပ်ပါဟုပြောကြသေးသည်။ ဤအတွေးများအဝေးသို့ ချန်ထားစေချင်ပြီ။ ဥပဒေအတွေး မဝေးစေလိုပါ။

**ဥပဒေပညာရှင် ဒေါက်တာမောင်မောင်၏အဆိုအမိန့်**

ကမ္ဘာကျော်၊ မြန်မာဥပဒေပညာရှင်လည်းဖြစ်၊ နိုင်ငံတော်သမ္မတတာဝန်ကို ထမ်းဆောင်ခဲ့သူလည်းဖြစ်သော ဆရာကြီးဒေါက်တာမောင်မောင်က အောက်ပါအတိုင်း ရေးခဲ့သည်။

“ဥပဒေဆိုလျှင် စာစကား၊ ပေစကားခံ့ညားထည်ဝါ၍ ပျင်းစရာကောင်းသည်ဟု အများက မှတ်ယူကြပါသည်။ “အခြေခံဥပဒေ”ဆိုလျှင် ပို၍ ပျင်းစရာကောင်းမည်ဟု တွက်ကြပါသည်။ အမှန်မှာဥပဒေသည် လူတို့နေ့စဉ်နေ့တိုင်း ဆက်ဆံကူးလူးကြခြင်းနှင့် ပတ်သက်ပေသည်။ စာစကား၊ ပေစကားပုဒ်မကြီးငယ်တွေကို ဖယ်၍ဖတ်ရှုလျှင် ပျင်းစရာလည်းမဟုတ်ပါ။ ကြောက်စရာလည်း မဟုတ်ပါ”

**(တို့ပြည်ထောင်စု မြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ စာအုပ်၊ မိတ်ဆက်အမှာစာ ကောက်နုတ်ချက်)**

**ရာဇသတ်ကြီး(ခေါ်)ပြစ်မှုဆိုင်ရာဥပဒေ**

“ရာဇသတ်ကြီး”ဟုနာမည်ကြီးသည်။ နောက်ပိုင်းတွင် ပြစ်မှုဆိုင်ရာဥပဒေဟု အမည်ပြောင်းခေါ်သည်။ နိဒါန်းတွင် ပြည်ထောင်စုနိုင်ငံတော်အတွင်း၌ ကျူးလွန်သောပြစ်မှုများအတွက် ပြစ်ဒဏ်ဖြင့် ဖွင့်ထားသည်။ (ပုဒ်မ-၂)

“မည်သူမဆိုနိုင်ငံတော်အတွင်းတွင် ဤရာဇသတ်ကြီးပါ ပြဋ္ဌာန်းချက်များကိုဆန့်ကျင်၍ ပြုလုပ်လျှင်သို့တည်းမဟုတ် ထိုပြဋ္ဌာန်းချက်များအတိုင်း မပြုလုပ်ဘဲ ပျက်ကွက်လျှင် ထိုသူကို ဤရာဇသတ်ကြီးအရ ပြစ်ဒဏ်ထိုက်သင့်စေရမည်။ အခြားနည်းအားဖြင့် ပြစ်ဒဏ်ထိုက်သင့်ခြင်းမရှိစေရ။

**ပြည်ပတွင်ကျူးလွန်သော ပြစ်မှုများ**

ပြည်ပတွင်ကျူးလွန်သော ပြစ်မှုများအတွက် ပြည်တွင်းတွင် ဥပဒေအရ စစ်ဆေးစီရင်ပြစ်ဒဏ်ပေးခြင်းနှင့်စပ်လျဉ်း၍-

“မည်သူမဆို ပြည်ထောင်စုနိုင်ငံတော်အပ၌ ကျူးလွန်သော ဤရာဇသတ်ကြီးဆိုင်ရာ ပြစ်မှုအတွက် ပြည်ထောင်စုနိုင်ငံတော်၏ တည်ဆဲဥပဒေတစ်ခုခုအရ စစ်ဆေးစီရင်ခြင်းခံရန် ထိုက်သင့်လျှင် ထိုသူကို ပြည်ထောင်စုနိုင်ငံတော်အတွင်း ကျူးလွန်သော ဤရာဇသတ်ကြီးဆိုင်ရာ ပြစ်မှုအတွက် စစ်ဆေးစီရင်ဘိသကဲ့သို့ စစ်ဆေးစီရင်ရမည်”ဟု ပြဋ္ဌာန်းသည်။ ဤပြဋ္ဌာန်းချက်သည် ရာဇသတ်ကြီးပြစ်မှုအတွက် ပြည်ပတွင် ကျူးလွန်သော်လည်း ပြည်တွင်းတွင် ဥပဒေအရ စစ်ဆေးမည်ဖြစ်ကြောင်း မြင်သာသည့် အချက်ဖြစ်ပါသည်။

**လူ့ကိုယ်ကိုထိခိုက်သောပြစ်မှုများ**

ရာဇသတ်ကြီးအခန်း(၁၆)တွင် လူ့ကိုယ်ကိုထိခိုက်သောပြစ်မှုများခေါင်းစဉ် ဖော်ပြပါရှိသည်။ တစ်နည်းအားဖြင့် လူ့အသက်ကိုထိခိုက်သော ပြစ်မှုများအကြောင်းဖြစ်ပါသည်။

**ကိုယ်ဝန်ပျက်စေခြင်း၊ မဖွားသေးသည့်ကလေးကို နာကျင်စေခြင်း၊ ဆယ့်နှစ်နှစ် အောက်ကလေးကို စွန့်ပစ်ခြင်း၊ ကလေးမီးဖွားကြောင်းကို ထိမ်ချန်ခြင်း**

ဥပဒေကျောင်းသားမေးသည့် မေးခွန်းအရ၊ ရာဇသတ်ကြီး (ပြစ်မှုဥပဒေ)က မဖွားသေးသည့်ကလေးကိုပင် ဥပဒေအရ အကာအကွယ်ပေးထားကြောင်း မြင်သာလှသည်။ ဥပဒေပုဒ်မများကိုဖော်ပြရလျှင်

၃၁၂။ ကိုယ်ဝန်ပျက်စေခြင်း

၃၁၃။ ကိုယ်ဝန်ဆောင်မိန်းမက သဘောမတူဘဲ ကိုယ်ဝန်ပျက်စေခြင်း

၃၁၄။ ကိုယ်ဝန်ပျက်စေရန်အကြံနှင့် ပြုသော ပြုလုပ်မှုဖြင့် သေစေခြင်း ကိုယ်ဝန်ဆောင် မိန်းမက သဘောမတူဘဲပြုခြင်း

၃၁၅။ ကလေးအရှင်မွေးဖွားခြင်းကို တားဆီးရန် အကြံဖြင့်သော်လည်းကောင်း၊ မွေးဖွားပြီးနောက် သေစေရန်အကြံဖြင့်သော်လည်းကောင်း ပြုလုပ်မှုတစ်ခုခုကိုပြုခြင်း

၃၁၆။ လှုပ်ရှားသောကိုယ်ဝန်ရှိ အမိဝမ်းတွင်း ကလေးကို သေစေခြင်း

၃၁၇။ မိဘက သို့တည်းမဟုတ် ထိန်းသိမ်းသူက အသက်ဆယ့်နှစ်နှစ်အောက် ကလေးကို စွန့်ပစ်ခြင်း

၃၁၈။ ကလေးအလောင်းကို တိတ်တဆိတ် ဖျောက်ဖျက်ခြင်းဖြင့် မွေးဖွားသည်ကိုထိမ်ချန်ခြင်း

(အကျယ်ကို လူငယ်များ ဆက်လက်လေ့လာစေလိုပါသည်)

**လူ့ဘဝသာယာလှပရေး**

လူသည်ဘဝရှိသည်။ ဘဝရှင်သန်ရေးလိုအပ်သည်။ လူ့ဘဝသာယာလှပဖို့အရေးကြီးသည်။ တရားဥပဒေက ကာကွယ်စောင့်ရှောက်ပေးပါသည်။

ရာဇသတ်ကြီးဥပဒေပါ ပြစ်မှုပြဋ္ဌာန်းချက်အချို့ကို ကောက်နုတ်လေ့လာခြင်းဖြင့် ပေါ်လွင်နေပါပြီ။ နာကျင်စေမှု၊ မတရားတားဆီးကန့်ကွက်ခြင်းနှင့် မတရားချုပ်နှောင်ထားခြင်းအကြောင်းများကို ရှင်းရှင်းလင်းလင်း ပြဋ္ဌာန်းထားသည်။ ရာဇဝတ်မကင်းသော အနိုင်အထက်ပြုမှုနှင့် လက်ရောက်မှု၊ လူခိုးမှု၊ သွေးဆောင်ဆွဲခေါ်မှု၊ ကျွန်ပြုမှုနှင့် အနိုင်အထက်ခိုင်းစေမှု၊ မုဒိမ်းမှု၊ ဓမ္မတာနှင့်ဆန့်ကျင်သောပြစ်မှုများအကြောင်းလည်း ပြဋ္ဌာန်းပြီးဖြစ်သည်။ လူကိုသာမက ပစ္စည်းကိုထိခိုက်သည့် ပြစ်မှုများအကြောင်း၊ ခြောက်လှန့်တောင်းယူမှု၊ လုယက်မှုနှင့်ဓားပြမှု၊ ရာဇဝတ်မကင်းသော ပစ္စည်းအလွဲသုံးစားမှု၊ ယုံကြည်အပ်နှံရေးဖောက်ဖျက်မှု၊ ခိုးရာပါပစ္စည်းလက်ခံမှု၊ လိမ်လည်မှု၊ စာချုပ်စာတမ်းကို လိမ်လည်လှည့်ဖြားချုပ်ဆိုခြင်း၊ ပစ္စည်းကိုလိမ်လည်လှည့်ဖြားစီမံခန့်ခွဲခြင်း၊ အကျိုးဖျက်ဆီးမှု၊ ရာဇဝတ်မကင်းသောကျော်နင်းမှုများပါမကျန် လူ့ကိုယ်ကို ထိခိုက်သောပြစ်မှုများ ပြဋ္ဌာန်းထားသည်။

**မွေးသည်မှသေသည်အထိ**

“မွေးသည်မှသေသည်အထိ တရားဥပဒေအမြဲရှိနေသည်”ဆိုသည့် ဆိုရိုးစကား၏အဓိပ္ပာယ်ကို ရှင်းရှင်းလင်းလင်းသိလိုသော ဥပဒေကျောင်းသားတစ်ဦး၏ မေးခွန်းကို ဆက်လက်ဖြေဆိုပါဦးမည်။

**(ဆက်လက်ဖော်ပြပါမည်)**

## စကိတ်ဘုတ်စီးစွမ်းရည်ပြိုင်ပွဲကျင်းပမည်

**ရန်ကုန် မတ် ၈**

နိုင်ငံတကာအဆင့်အတန်းမီ စကိတ်ကွင်းတစ်ခုဖြစ်သည့် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အမှတ်(၄)ရပ်ကွက် ဘုရင့်နောင်လမ်းမကြီးနှင့် မြလေးရုံကျောင်းလမ်းထောင့်ရှိ မြလေးရုံစကိတ်ကွင်း၌ မတ် ၂၇ ရက် နံနက် ၉ နာရီမှစတင်၍ စကိတ်ဘုတ်စီးစွမ်းရည်ပြိုင်ပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲကို အကြီးတန်း၊ အငယ်တန်းနှစ်တန်း ပါဝင်ယှဉ်ပြိုင်နိုင်ပြီး အကြီးတန်းပြိုင်ပွဲ၌ Jun Session ကဏ္ဍပါဝင်မည်ဖြစ်ပြီး ဒိုင်များအဖြစ် နိုင်ငံတကာ စကိတ်ပညာရှင်များဖြစ်သော အင်္ဂလန်၊ ပြင်သစ်၊ အမေရိကန်တို့မှ အကဲဖြတ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ပြိုင်ပွဲဝင်လိုသူများအနေဖြင့် အထက်ပါ မြလေးရုံစကိတ်ကွင်း၌ လည်းကောင်း၊ www. myanmar skate board club.com//facebook page သို့လည်းကောင်း ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

**မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ထိန်ကန်အုပ်စု ဝရကုန်းကျေးရွာနေ ပြည်သူများသို့ မြို့နယ်အုပ်ချုပ်မှူး ဦးမောင်မောင်သက်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်ကျော်၊ မြို့နယ်ရဲတပ်ဖွဲ့ရဲမှူးအေးလွင်တို့မှ မီးသတ်ရေယာဉ်ဂါလန် ၂၀၀၀ ဆံ့ဖြင့် မတ် ၇ ရက်က အိမ်ခြေ ၈၀၊ လူဦးရေ ၃၉၅ ဦးနှင့် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် သောက်သုံးရေလှူဒါန်းစဉ်။**

ဝင်းအိမွန်(ပြန်/ဆက်)



ပြည်သူ့လွှတ်တော်အစည်းအဝေး

# ပြည်သူ့လွှတ်တော် စည်းကမ်းချက်နှင့် ကိုက်ညီမှုမရှိသော ဆွေးနွေးချက်များအား ပြည်သူ့လွှတ်တော်မှတ်တမ်းမှ ထုတ်နုတ်ပယ်ဖျက်ရန် ညွှန်ကြား




**နေပြည်တော် မတ် ၈**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီက ကျင်းပရာ **(ယာပုံ)** ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ အစည်းအဝေး တက်ရောက်ခဲ့မှုအား အစီရင်ခံတင်ပြခြင်း၊ လွှတ်တော်တွင် တင်သွင်းခဲ့သော အရေးကြီးအဆိုနှင့် စပ်လျဉ်း၍ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်၏ ဆွေးနွေးချက်အား ကန့်ကွက်စာ တင်ပြလာမှုအပေါ် ဆောင်ရွက်ထားမှုအခြေအနေ တင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ပဉ္စမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC) အစည်းအဝေးသို့ တက်ရောက်ခဲ့မှုနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ ဥက္ကဋ္ဌ ဦးခွန်မောင်သောင်းက လွှတ်တော်သို့ အစီရင်ခံတင်ပြရာတွင် ဒို့တာဝန်အရေးသုံးပါးကို အစဉ်အမြဲလက်ကိုင်ပြုပြီး ပြည်တွင်းငြိမ်းချမ်းရေးရရှိရန် လွှတ်တော်အခန်းကဏ္ဍမှ တာဝန်ကျေအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပင်လုံစာချုပ်နှင့်ဆက်နွှယ်သည့် ပြည်တွင်းငြိမ်းချမ်းရေးဖြစ်ပြီး ယခုအချိန်တွင် တိုင်းရင်းသားတိုင်း လက်မလွှတ်သင့်သောအခြေအနေ၊ အချိန်အခါကောင်းများဖြစ်၍ ထိုအခွင့်အရေးကောင်းများကို လက်မလွှတ်သင့်ကြောင်း၊ အားလုံးပါဝင်နိုင်ရေးအတွက် ကျရာအခန်းကဏ္ဍမှပါဝင်၍ ကြိုးစားသွားမည်ဖြစ်ကြောင်း။

ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီဖွဲ့စည်းမှုတွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်တို့မှ ၁၆ ဦး၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းမှ ၁၆ ဦး၊ နိုင်ငံရေးပါတီများမှ ၁၆ ဦး စုစုပေါင်း ၄၈ ဦးဖြင့် ဖွဲ့စည်းထားပါကြောင်း၊ ယင်းအဖွဲ့တွင် လွှတ်တော်မှ နှစ်ဦးသာ ပါဝင်သောကြောင့် ပိုမိုအားကောင်းသော လုပ်အားများရရှိစေရန် နောက်ပေါ်ပေါက်လာမည့် အစိုးရလက်ထက်တွင် ပြည်သူ့လွှတ်တော်မှ ကိုယ်စားလှယ် သုံးဦးနှင့် အမျိုးသားလွှတ်တော်မှ ကိုယ်စားလှယ်နှစ်ဦးကို ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီတွင်ပါဝင်ဖွဲ့စည်းသင့်ပါကြောင်း ထည့်သွင်းတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့်က **တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် တင်သွင်းသော အရေးကြီးအဆိုကို စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်၏ ဆွေးနွေးချက်အပေါ် ကန့်ကွက်စာတင်ပြလာခြင်း**နှင့်စပ်လျဉ်း၍ လွှတ်တော်သို့ အသိပေးပြောကြားရာတွင် ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် တင်သွင်းခဲ့သည့် **"နိုင်ငံတော်အစိုးရက ရွေးကောက်ပွဲပြီး နောက်ပိုင်း ဆောင်ရွက်နေသော နိုင်ငံပိုင်မြေ၊ နိုင်ငံပိုင်စက်ရုံများ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ အလျင်စလိုငှားရမ်းရောင်းချလွှဲပြောင်းမှု၊ ပုဂ္ဂလိကပိုင်ပြုလုပ်မှု၊ စီမံကိန်းများကို နေရာတကျ မစီမံဘဲ အဆောတလျင်ခွင့်ပြုနေမှု၊ ကျူးကျော်များကို အဓမ္မဖယ်ရှားမှု၊ နိုင်ငံပိုင်သယံဇာတများကို လိုအပ်သောဆောင်ရွက်မှုများ၊ သဘောတူညီနိုင်းမှုများမပြုလုပ်ဘဲ အစိုးရတာဝန်မလွှဲပြောင်းမီ အလျင်အမြန် စီမံခန့်ခွဲနေမှု စသည်တို့ကို နိုင်ငံတော်နှင့် နိုင်ငံသားတို့အကျိုးအတွက် အသေးစိတ်စိစစ်ဟန့်တား၍ ထိန်းကျောင်းတည့်မတ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အရေးကြီးအဆိုနှင့် စပ်လျဉ်း၍ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များက စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်၏ ဆွေးနွေးချက်များမှ လက်ပံတောင်းတောင် ကြေးနီစီမံကိန်း၊ ကပစ ၂၀ ၏ တပ်မြေကိစ္စနှင့်ပတ်သက်သော အချက်အလက်များအား ကန့်ကွက်ပါကြောင်းနှင့် ပြည်သူ့လွှတ်တော် မှတ်တမ်းများမှ ပယ်ဖျက်ပေးနိုင်ပါရန် တင်ပြလာပါကြောင်း။

၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၈၊ နည်းဥပဒေခွဲ (ဂ)၌ "အဆိုတစ်ရပ်ကို ဆွေးနွေးရာတွင် ပြောဆိုချက်များသည် လွှတ်တော်တွင် ဆွေးနွေးဆဲအဆိုနှင့်သာ အတိအကျသက်ဆိုင်စေရမည်" ဟူသောစည်းကမ်းချက်နှင့် စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်၏ ဆွေးနွေးချက်သည် ကိုက်ညီမှုမရှိသည့်အတွက် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ တင်ပြလာသည့် လက်ပံတောင်းတောင် ကြေးနီစီမံကိန်း၊ ကပစ ၂၀ ၏ တပ်မြေကိစ္စနှင့် ပတ်သက်သော အချက်အလက်များအား ပြည်သူ့လွှတ်တော်မှတ်တမ်းမှ ထုတ်နုတ်ပယ်ဖျက်ရန် ရုံးအဖွဲ့အား ညွှန်ကြားပြီးဖြစ်ပါကြောင်း ပြောကြားသည်။

**(သတင်းစဉ်)**

**၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၈၊ နည်းဥပဒေခွဲ(ဂ)၌ "အဆိုတစ်ရပ်ကို ဆွေးနွေးရာတွင် ပြောဆိုချက်များသည် လွှတ်တော်တွင် ဆွေးနွေးဆဲအဆိုနှင့်သာ အတိအကျသက်ဆိုင်စေရမည်" ဟူသော စည်းကမ်းချက်နှင့် စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်၏ ဆွေးနွေးချက်သည် ကိုက်ညီမှု မရှိသည့်အတွက် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ တင်ပြလာသည့် လက်ပံတောင်းတောင် ကြေးနီစီမံကိန်း၊ ကပစ ၂၀ ၏ တပ်မြေကိစ္စနှင့် ပတ်သက်သော အချက်အလက်များအား ပြည်သူ့လွှတ်တော်မှတ်တမ်းမှ ထုတ်နုတ်ပယ်ဖျက်ရန် ရုံးအဖွဲ့အားညွှန်ကြားပြီးဖြစ်**

---

❖ *ကျောဖုံးမှ*

လျော့ကျလာတဲ့အတွက်ကြောင့်လည်းကောင်း၊ နိုင်ငံတော်ရဲ့ စီးပွားရေးလုပ်ငန်းတွေမှာ ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုကဏ္ဍကို မြှင့်တင်ဖို့ရည်ရွယ်တဲ့အတွက်ကြောင့် လည်းကောင်း ကုန်စည်သယ်ယူ ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ဖို့ ပုဂ္ဂလိကမှရထားစက်ခေါင်းနဲ့ ကုန်တွဲတွေဝယ်ယူပြီး မြန်မာ့မီးရထားနဲ့ အကျိုးတူပူးပေါင်းကာ ကုန်ရထားပြေးဆွဲတဲ့လုပ်ငန်းတွေ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ၂၀၁၄ ခုနှစ် မေလကစလို့ မြန်မာ့မီးရထားကို တာဝန်ပေးအပ်ညွှန်ကြားမှုပြုလုပ်ခဲ့ရာ ၁၈ လအကြာမှာ မြန်မာ့မီးရထားတင်ဒါ စိစစ်ရေးကော်မတီက ပွင့်လင်းမြင်သာစွာနဲ့ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါတယ်" ဟု ဒုတိယဝန်ကြီး ဦးမြင့်သိန်းက ပြောသည်။

"၂၀၁၄ ခုနှစ် မေလကစတင်ကာ ပုဂ္ဂလိကစက်ခေါင်းနဲ့ကုန်တွဲတွေ ဝယ်ယူမြှုပ်နှံပြီးတော့ မြန်မာ့မီးရထားနဲ့အကျိုးတူပူးပေါင်းပြီး ကုန်ရထားပြေးဆွဲရေးလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့ open tender ဖိတ်ခေါ်ယှဉ်ပြိုင်ခဲ့တဲ့အခါမှာ တင်ဒါအမျိုးအစားခြောက်မျိုးအနက် မြန်မာ့မီးရထားတင်ဒါစိစစ်ရေးကော်မတီကိုတင်ပြပြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာနက အတည်ပြုချက်အရ မန္တလေး-မြစ်ကြီးနားနဲ့ ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းတွေမှာ ဆီလုံးရထား ပြေးဆွဲရေးကော်မတီသုံးခု ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ ဒီအထဲက မြန်မာ့မီးရထားသို့ တင်ဒါစည်းကမ်းတွေနဲ့အညီ တန်ဆာခအမြင့်ဆုံးပေးသွားနိုင်ခဲ့တဲ့ Asia Sun Logistics ကုမ္ပဏီလီမိတက်နဲ့ Resources Group of logistics ကုမ္ပဏီလီမိတက်တို့က ရန်ကုန်-မန္တလေးနဲ့ မန္တလေး-မြစ်ကြီးနား မီးရထားလမ်းပိုင်းတွေမှာ ဆီလုံးရထားပြေးဆွဲမှု တင်ဒါအောင်သူတွေဖြစ်လာခဲ့ပြီး မကြာမီမှာဆွေးနွေးမှုတွေ၊ စာချုပ်တာတွေ ပြုလုပ်သွားမှာဖြစ်ပါတယ်" ဟု မြန်မာ့မီးရထားဦးဆောင်ညွှန်ကြားရေးမှူး ဦးသူရိန်ဝင်းက ဆူးလေရှန်ဂရီလာဟိုတယ်၌ပြုလုပ်သော စာနယ်ဇင်းရှင်းလင်းပွဲတွင် ပြောသည်။

တင်ဒါအောင်ကုမ္ပဏီများအနေဖြင့် ဆီလုံးရထားများပြေးဆွဲနိုင်ရေး ရထားခေါင်းတွဲများနှင့် ကုန်တင်တွဲများဝယ်ယူပြီး ရင်းနှီးမြှုပ်နှံခဲ့ရာ Asia Sun Logistics က အမေရိကန်ဒေါ်လာ ၁၄ သန်းကျော်၊ Resources Group of Logistics က အမေရိကန်ဒေါ်လာ ၉ ဒသမ ၂ သန်း ရင်းနှီးမြှုပ်နှံထားကြောင်း သိရသည်။

မြန်မာ့မီးရထားအနေဖြင့် ကုန်ပစ္စည်းများအား ရထားဖြင့် တင်ပို့လျက်ရှိရာ ၂၀၁၁-၂၀၁၂ ခုနှစ်က ကုန်တန်ချိန် ၃ ဒသမ ၅၈ သန်း တင်ပို့နေရာမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကုန်တန်ချိန် ၂ ဒသမ ၂၈ သန်းသာ တင်ပို့နိုင်ခဲ့ရာစက်ခေါင်းနှင့် ကုန်တွဲများ သက်တမ်းလွန်အားနည်းလာမှုကြောင့် ကုန်တန်ချိန်တင်ပို့မှုလျော့ကျခဲ့ပြီး ယခုကဲ့သို့ ပုဂ္ဂလိကနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရသည်။

---

## နှစ်နိုင်ငံလွှတ်တော်အချင်းချင်း အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် မတ် ၈**

ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဒေါ်စုစုလွင်သည် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Oliver RICHARD အား ယနေ့ မွန်းလွဲ ၁ နာရီတွင်လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ တူရကီနိုင်ငံသံအမတ်ကြီး H.E. Mr. Murat Yavuz Ates အား ယနေ့ မွန်းလွဲ ၂ နာရီတွင်လည်းကောင်း ပြည်သူ့လွှတ်တော် ကော်မတီရေးရာဆောင် အဆောင်အမှတ်(I-5) ဧည့်ခန်းမ၌ တွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတကာဆက်ဆံရေး ကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံလွှတ်တော်အချင်းချင်း အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် နှစ်နိုင်ငံအကြား အကျိုးဖြစ်ထွန်းစေမည့် စီးပွားရေး၊ လူမှုရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

---

## သောက်သုံးရေပြတ်လပ်မှု ဖြစ်ပေါ်လာနိုင်သည့် ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်

**အိမ်မဲ မတ် ၈**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နွေရာသီ၌ သောက်သုံးရေရှားပါးပြတ်လပ်မှုဖြစ်ပေါ်လာနိုင်သည့် အိမ်မဲမြို့နယ်အတွင်းရှိ သဖန်းပင်ဆိပ်ကျေးရွာ၊ သရက်ပင်ကွင်းကျေးရွာနှင့် ဂယက်ကြီးကျေးရွာတို့သို့ သွားရောက်ကွင်းဆင်းစစ်ဆေးခဲ့ပြီး ကျေးရွာနေပြည်သူများနှင့် တွေ့ဆုံညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ထို့အပြင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း တွင်းနက်ငါးတွင်း၊ တွင်းတိမ် ၉၇ တွင်းနှင့် မြေသားရေကန်တစ်ကန်တို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်**

---

## နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်

**နေပြည်တော် မတ် ၈**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

**(မိုး/ဇလ)**



# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် သံအမတ်ကြီးများအား လက်ခံတွေ့ဆုံ

**နေပြည်တော်  မတ်  ၈**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံသံအမတ်ကြီး H.E.Mr. Olivier RICHARD အား ယနေ့မွန်းလွဲ ၂ နာရီတွင်လည်းကောင်း **(အောက်ပုံ)**၊ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး H.E.Mr.K.W.N.D Karunaratne အား ယနေ့ ညနေ ၃ နာရီတွင် လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ တူရကီနိုင်ငံသံအမတ်ကြီး H.E.Mr. Murat Yavuz Ates အား ယနေ့ ညနေ ၃ နာရီ ၄၅ မိနစ်တွင်လည်းကောင်း နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲများသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



# ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း သံအမတ်ကြီးများအား လက်ခံတွေ့ဆုံ

**နေပြည်တော်  မတ်  ၈**

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် မြန်မာနိုင်ငံဆိုင်ရာ တူရကီနိုင်ငံသံအမတ်ကြီး H.E.Mr. Murat Yavuz Ates အား မွန်းလွဲ ၁ နာရီတွင် လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး H. E. Mr.K.W.N.D Karunaratne အား မွန်းလွဲ ၂ နာရီတွင် လည်းကောင်း **(အပေါ်ပုံ)**၊ မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံသံအမတ်ကြီး H. E. Mr. Olivier RICHARD အား ညနေ ၃ နာရီတွင် လည်းကောင်း နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# မန္တလေးမြို့ စိတ္တရမဟီအိမ်ရာစီမံကိန်းနှင့် မြရည်နန္ဒာအပိုင်း(၂) တန်ဖိုးမျှအိမ်ရာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၈**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် မတ် ၅ ရက် ညနေပိုင်းက တာဝန်ရှိသူများနှင့်အတူ ပြင်ဦးလွင်မှ မန္တလေး လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်(၂၆×၂၇)လမ်း၊ (၇၃×၇၄)လမ်းရှိ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် စိတ္တရမဟီအိမ်ရာစီမံကိန်းကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မတ် ၆ ရက် နံနက်ပိုင်းက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်၌ ဆောင်ရွက်လျက်ရှိသည့် မြရည်နန္ဒာ အပိုင်း(၂) တန်ဖိုးမျှအိမ်ရာ စီမံကိန်း လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ တိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် အဆောက်အအုံ အထူးအဖွဲ့(၆) ဒုတိယညွှန်ကြားရေးမှူးတို့က လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက မြရည်နန္ဒာ အပိုင်း (၂) တန်ဖိုးမျှအိမ်ရာ စီမံကိန်းတွင် အဆောက်အအုံများ တောင့်တင်းခိုင်မာပြီး ပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်နိုင်ရေး ပြည့်စုံကောင်းမွန်အောင် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ Foundation လုပ်ငန်းမှအစ သတ်မှတ်ထားသည့် စံချိန်စံညွှန်းနှင့်အညီ ဖြစ်ရန်နှင့် သဘာဝဘေးဒဏ်/ငလျင်ဒဏ်များ ခံနိုင်သည့် အဆောက်အအုံများဖြစ်ရန် လိုအပ်ပြီး အဆောက်အအုံ တည်ဆောက်ရေးတွင် အသုံးပြုမည့် (ဘိလပ်မြေ/ သံချောင်း/ကျောက်/ သဲ/ရေ) စသည့်လုပ်ငန်းသုံးပစ္စည်းများအား စစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ တိတိကျကျ ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း မှာကြားသည်။ **(သတင်းစဉ်)**

# ရွှေ့ပြောင်းလုပ်သားများ၏ သား သမီးများ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် မြဝတီသို့ ရောက်ရှိ

**မြဝတီ  မတ်  ၈**

ထိုင်းနိုင်ငံတွင် သွားရောက်လုပ်ကိုင်နေကြသော ရွှေ့ပြောင်း မြန်မာလုပ်သားများ၏ သားသမီးများအား မြန်မာသင်ရိုးညွှန်းတမ်း သင်ကြားမှုအတွက် ဆရာလုံလောက်မှုမရှိ၍ သင်ကြားမှုပိုင်းအခက်အခဲရှိသော်လည်း ယခု ၂၀၁၅-၂၀၁၆ ပညာသင်နှစ် မြဝတီစာစစ်ဌာန တက္ကသိုလ်ဝင်စာမေးပွဲ၌ ကျောင်းသား ကျောင်းသူ ၁၀၀ ကျော် ဝင်ရောက်ဖြေဆိုမည်ဖြစ်ကြောင်း သိရသည်။

ထိုင်းနိုင်ငံ မဲဆောက်မြို့ ဆာသူးလေရွှေ့ပြောင်း မြန်မာကျောင်းမှ ကျောင်းအုပ်ဆရာမကြီး နော်ဆာအယ်က "အခုနှစ်မှာ ကျောင်းသား ကျောင်းသူတွေ လာရောက်ဖြေဆိုနိုင်ဖို့ မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦး ကိုယ်တိုင် အားတက်သရောကူညီဆောင်ရွက်ပေးပါတယ်။ ဆရာ ဆရာမ မလုံလောက်ပေမယ့် အရင်နှစ်ကထက်တော့ မညံ့ဘူးလို့ ယုံကြည်ပါတယ်"ဟု ဆိုသည်။

ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းကျောင်းများမှ သင်ကြားပေးပြီး တက္ကသိုလ်ဝင်စာမေးပွဲကို လေးကြိမ်မြောက် လာရောက်ဖြေဆိုခြင်းဖြစ်ကြောင်း၊ ဆာသူးလေကျောင်းမှ ကျောင်းသား ကျောင်းသူ ၆၀ နှင့် သွေးသစ်ကျောင်းမှ ၄၉ ဦးတို့ လာရောက်ဖြေဆိုကြကြောင်း သိရသည်။

"ဆရာ ဆရာမ မလုံလောက်ပေမယ့် ဆရာ ဆရာမတွေအနေနဲ့ အခက်အခဲရှိလို့တော့ မဟုတ်ပါဘူး။ ဆရာမတစ်ယောက် နှစ်ဘာသာစီ တာဝန်ယူထားရတော့ တာဝန်တော့ပိုကြီးတာပေါ့" ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ထို့အပြင် မြန်မာနိုင်ငံ ထီးမယ်ဝါးခီး အထကကျောင်းတွင် ထိုင်းနိုင်ငံဘက်ရွှေ့ပြောင်းလုပ်သားများ၏ သားသမီးများနှင့် မြန်မာနိုင်ငံဘက်မှ တိုက်ပွဲရှောင်တိုင်းရင်သားများ၏ သားသမီး ၄၁ ဦးတို့ လာရောက်ဖြေဆိုမည်ဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံ ထီးမယ်ဝါးခီးကျေးရွာတွင် ရွှေ့ပြောင်းကျောင်းသား ကျောင်းသူများအား ပညာသင်ကြားပေးနေသည့် ဆရာမကြီး ဒေါ်ဘီဘီက ရွှေ့ပြောင်းကျောင်းသားများ လာရောက်ဖြေဆိုခြင်းမှာ ယခုနှစ်ပါဆိုလျှင် သုံးနှစ်ရှိပြီဖြစ်ကြောင်း၊ ထီးမယ်ဝါးခီးကနေ အဖြူရောင်မီးအိမ်ပရဟိတအဖွဲ့၏ ကူညီမှုဖြင့် လာရောက်ခဲ့ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ ရွှေ့ပြောင်းကျောင်းသား ကျောင်းသူများအား မြဝတီမြို့ မဟာစည်ဘုန်းတော်ကြီးကျောင်းသို့ လည်းကောင်း၊ အမက မြဝတီ/အလက (၂) မြဝတီ၊ အလက(၁)မြဝတီ၊ ရဲစိုက်ခင်းအမှတ်(၃) ရပ်ကွက်တို့တွင် ယာယီတည်းခိုဆောင်များဖွင့်လှစ်ပြီး မတ် ၉ ရက်တွင် စတင်ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲကြီးတွင် ဝင်ရောက်ဖြေဆိုသွားကြမည်ဖြစ်ကြောင်း သိရသည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**

# လေဒီယာဘရင်း မြန်မာက အမျိုးသမီးခရီးသည်များကို နိုင်ငံတကာအမျိုးသမီးများနေ့တွင် တစ်နေ့တာအခမဲ့ပို့ဆောင်

**ရန်ကုန်  မတ် ၈**

နိုင်ငံတကာ အမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် လေဒီယာဘရင်းမြန်မာက အမျိုးသမီး အငှားယာဉ်မောင်းများဖြင့် ရန်ကုန်မြို့ရှိ အမျိုးသမီး ခရီးသည်များအတွက် တစ်နေ့တာ အခမဲ့ဝန်ဆောင်မှု အစီအစဉ်ကို ယနေ့ နိုင်ငံတကာ အမျိုးသမီးများနေ့ဖြစ်သည့် မတ် ၈ ရက် နံနက် ၁၀ နာရီတွင် ဗဟန်းမြို့နယ် မြကျွန်းသာပန်းခြံမှ ထွက်ခွာခြင်းဖြင့် စတင်ကျင်းပခဲ့သည်။

လေဒီယာ အမှတ်တံဆိပ်ပါစာတန်းများဖြင့် ပုံဖော်ထားသည့် ယင်း အငှားယာဉ်များသည် **(ယာပုံ)** စုရပ် အင်လျားကန်ပေါင်မှတစ်ဆင့် ရန်ကုန်မြို့အတွင်း လှည့်လည်ထွက်ခွာကာ အမျိုးသမီးခရီးသည်များအတွက် တစ်နေ့တာ သီးသန့်အစီအစဉ်အဖြစ် ယာဉ်ငှားရမ်းသည့်အခါ အခကြေးငွေပေးစရာမလိုဘဲ လိုရာခရီးသို့ ပို့ဆောင်ပေးခြင်းဖြစ်သည်။

အဆိုပါ အစီအစဉ်၌ အငှားယာဉ်မောင်းအဖြစ် ပါဝင်ဖြစ်ခဲ့သူ ကြည့်မြင်တိုင်မြို့နယ် အင်းစိန်လမ်းမှ ၄၇ နှစ်အရွယ် အမျိုးသမီးတစ်ဦးက "ကျွန်မကားကို ငှားစီးတဲ့သူတစ်ယောက်က ဒီအစီအစဉ်မှာ ပါဝင်နိုင်မလားဆိုပြီး ဖိတ်ခေါ်ခဲ့တာကြောင့် ပါဝင်ဖြစ်တာပါ။ နိုင်ငံတကာ အမျိုးသမီးများနေ့မှာ မြန်မာတစ်ယောက်အနေနဲ့ မြန်မာပြည်မှာ ထုတ်ဖော်ပြောဆိုခွင့်ရတာရယ် လုပ်နိုင်ခွင့်ရှိတာကို ပါဝင်ခွင့်ရတာကြောင့် ဝမ်းသာပါတယ်" ဟု ဆိုသည်။

၎င်းသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး ကလေးကျောင်းကြို ကျောင်းပို့ရင်း အားလပ်သည့်အချိန်များတွင် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိစေရန် အငှားယာဉ်ဆွဲနေသည်မှာ လေးနှစ်တာကာလရှိပြီဖြစ်ကြောင်း သိရသည်။ အငှားယာဉ်မောင်းရာတွင် ယာဉ်မောင်းများ ဖြစ်တတ်သည့် အန္တရာယ်များကို လူမှုကွန်ရက်စာမျက်နှာအပါအဝင် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများ၌ ဖတ်ရှုတွေ့မြင်နေရသော်လည်း ၎င်းအနေဖြင့် ယာဉ်အငှားလိုက်ရာတွင် အချိန်နှင့်နေရာအနေအထားကို ချင့်ချိန်ကာ ဆောင်ရွက်ခြင်းကြောင့် အခက်အခဲများစွာမကြုံတွေ့ရကြောင်း သူ၏ အတွေ့အကြုံကို ပြောပြသည်။

အဆိုပါလေဒီယာ ကုန်အမှတ်တံဆိပ်ပါ အငှားယာဉ်များသည် ရန်ကုန်မြို့အတွင်း တစ်နှစ်ကြာ ဆက်လက် ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဝင်းဝင်းမော်**



# နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသမီးများ၏စွမ်းပကားကို မြှင့်တင်ရမည်

**"အမျိုးသမီး၊ အမျိုးသား အခွင့်အရေးတန်းတူညီမျှဖို့အတွက် အဓိကလုပ်ဆောင်နေတာကတော့ အကြမ်းဖက်မှုမှ ကာကွယ်နှိမ်နင်းရေးပါ။ Cyber Crime လို အသစ်အသစ်သော အကြမ်းဖက်မှုပုံစံတွေလည်း ထပ်တိုးလာတယ်။ ဒီလိုအကြမ်းဖက်မှုတွေက အမျိုးသမီးတွေရဲ့စွမ်းပကားတွေ မြင့်မားဖို့ အတားအဆီးတွေဖြစ်စေပါတယ်။ ဒါ့ကြောင့် သုတေသနပြုလေ့လာမှုတွေကတစ်ဆင့် အမျိုးသမီးတွေရဲ့ ပြဿနာတွေကို ဖော်ထုတ်ထားတယ်။ ဥပဒေတွေ မူဝါဒတွေ ဆောင်ရွက်တဲ့အခါ ဒါတွေကို ထည့်သွင်းစဉ်းစားနိုင်ဖို့ အစိုးရအဖွဲ့အစည်းတွေနဲ့လည်း ပူးပေါင်းဆောင်ရွက်နေပါတယ်" ဟု ကျား၊ မ ရေးရာ တန်းတူညီမျှရေးကွန်ရက် (Gender Equality Network-GEN) မှ ဆက်သွယ်ရေးအရာရှိ ဒေါ်အေးသဒ္ဒါလှက ၄င်းတို့အဖွဲ့၏ အမျိုးသမီးရေးရာလှုပ်ရှားဆောင်ရွက်မှုကို အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အခမ်းအနားတွင် မြန်မာ့သတင်းစဉ်သို့ ပြောကြားသည်။**

တွေ့ဆုံမေးမြန်း
မင်းမင်းဇော်(ကလေး)
ဓာတ်ပုံ-မောင်ဖိုးဇော်

အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး "ကျွန်မတို့ အဖွဲ့အနေနဲ့ ကျား၊ မ ရေးရာ တန်းတူညီမျှရေးနဲ့ အမျိုးသမီးများရဲ့ အခွင့်အရေးမြှင့်တင်ဖို့ လုပ်ဆောင်နေပါတယ်။ ဒါတွေအတွက် အသိပညာပေးလုပ်ငန်းတွေနဲ့ ဥပဒေတွေ ရေးဆွဲတဲ့နေရာမှာလည်း ကူညီလုပ်ဆောင်ပေးပါတယ်။ ပြီးတော့ သုတေသနပြုမှုတွေလည်း ဆောင်ရွက်ပါတယ်။ ဘာတွေလည်းဆိုတော့ တိတ်ဆိတ်ခြင်းရဲ့ နောက်ကွယ်၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနဲ့ သူတို့ရဲ့ခံနိုင်ရည်စွမ်းဆိုတဲ့ သုတေသနပြုဆောင်ရွက်မှု နှစ်ခုပါလာပါတယ်။ အမျိုးသမီးတွေဟာ အကြမ်းဖက်မှုတွေကို ဘယ်လို တုံ့ပြန်သလဲဆိုတာနဲ့ ဘယ်လိုဖြေရှင်းဆောင်ရွက်တယ် ဆိုတာကိုလည်း သုတေသနလုပ်ထားပါတယ်။ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာနဲ့ စီးပွားရေးဆိုင်ရာ အကြမ်းဖက်မှုဆိုပြီး လေးပိုင်းခွဲပြီး လေ့လာထားပါတယ်။

သုတေသန ဆောင်ရွက်မှုထဲမှာ ဖြစ်စဉ်အကြောင်းအရာ (case story) တွေလည်း အများကြီးပါပါတယ်။ ရှန်းမထွက်သာ အစဉ်အလာဆိုပြီးတော့ လေ့လာတာပါပါတယ်။ ကျေးရွာတွေကအစ မြို့ကြီးတွေအထိ အမျိုးမျိုးကွဲပြားနေတဲ့ ယဉ်ကျေးမှုစံနှုန်းတွေ၊ အလေ့အထတွေကို လေ့လာထားတယ်" ဟုလည်း ၄င်းက ဆက်လက်ပြောကြားသည်။

၂၀၁၅ ခုနှစ်အတွင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် ကျား၊ မ ရေးရာ တန်းတူညီမျှရေး ကွန်ရက် (Gender Equality Network -GEN)တို့ ပူးပေါင်း၍ တိတ်ဆိတ်ခြင်း၏ နောက်ကွယ်၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့် အမျိုးသမီးများ၏ ခံနိုင်ရည်စွမ်း သုတေသနအစီရင်ခံစာနှင့် ကျား၊ မ လူမှုရေးရာ အလေ့အထများနှင့် ယဉ်ကျေးမှု စံနှုန်းများ၊ သတ်မှတ်ချက်များကို လေ့လာသည့် ရှန်းမထွက်နိုင်သောအစဉ်အလာ သုတေသနစာတမ်းတို့ကို ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း အဆိုပါအခမ်းအနားမှ သိရသည်။

"အမျိုးသမီးတွေကို နည်းမျိုးစုံနဲ့ ခွဲခြားဆက်ဆံမှုတွေ ပပျောက်အောင် လုပ်ဆောင်ကြတာတွေ ရှိပါတယ်။ ဒီလို ဆောင်ရွက်တဲ့အထဲမှာ အမျိုးသမီးတွေအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဥပဒေ(မူကြမ်း)အား နိုင်ငံတော်သမ္မတရုံးကို တင်ပြထားပြီးဖြစ်တယ်။ ဒီဥပဒေကို အမျိုးသမီးတွေအတွက် လှုပ်ရှားဆောင်ရွက်နေတဲ့ အဖွဲ့အစည်းတွေ၊ UN အဖွဲ့တွေရယ်နဲ့ အမျိုးသမီးထုရဲ့ အသံတွေပါ ပါဝင်ပြီး ရေးဆွဲခဲ့ပါတယ်။

ကျွန်မတို့အနေနဲ့ ၂၀၁၅ ခုနှစ်က တွေ့ကြုံခဲ့တဲ့ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်လွယ်အုပ်စုထဲမှာ ပါတဲ့ အမျိုးသမီးတွေအတွက် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုမရှိစေဖို့နဲ့ ကလေးသူငယ် ကာကွယ်ပေးဖို့အတွက် ဆောင်ရွက်နိုင်ခဲ့တယ်။ ဒီလို ဆောင်ရွက်နေကြတာတွေဟာ ပြီးပြည့်စုံပြီလို့တော့ ပြောလို့မရပေမယ့် အသိပညာတွေ၊ လုပ်ဆောင်မှု စွမ်းပကားတွေ မြှင့်တင်ဖို့ ဆက်လက်လုပ်ဆောင်ရမှာပါ" ဟု လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သန်းသန်းအေးက ဆောင်ရွက်လျက်ရှိသည့် အခြေအနေများအပေါ် ပြောပြသည်။


ဒေါ်အေးသဒ္ဒါလှ


ဒေါက်တာ သန်းသန်းအေး


ဒေါ်ကျင်စန်း

အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် တိုးတက်မှုများရရှိသကဲ့သို့ စိန်ခေါ်မှုများလည်း ရှိနေသေးကြောင်း မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်က အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနားတွင် ထည့်သွင်းပြောကြားသည်။

"အမျိုးသမီးတွေ ပါဝင်တဲ့ ရာခိုင်နှုန်းဟာ အဓိကဘယ်နေရာမှာ လိုအပ်နေသေးသလဲဆိုတော့ နိုင်ငံရဲ့ အရေးအရာကိစ္စတွေကို ဆုံးဖြတ်နိုင်တဲ့ အခန်းကဏ္ဍတွေမှာ အားနည်းနေသေးတယ်။ နိုင်ငံရဲ့ဖွံ့ဖြိုးမှု အပိုင်းတွေ၊ အထူးသဖြင့် နိုင်ငံရေးရာအပိုင်းနဲ့ ပတ်သက်လာရင် အများကြီး ပါဝင်ဖို့လိုသေးတယ်။ ဒါတွေကို စိတ်ဝင်စားရမယ်၊ ကိုယ်တိုင်ပါဝင်ဆောင်ရွက်ရမယ်၊ အားလုံး ကိုယ့်အချင်းချင်းစုစည်းပြီးတော့ ပေါင်းစပ်လို့ ရသလောက် တိုးတက်အောင် လုပ်သွားနိုင်မယ်ဆိုရင် ပိုပြီးတော့ ဒီ့ထက်တိုးတက်မှု ရသွားနိုင်တယ်။ နိုင်ငံရဲ့ တိုးတက်မှုအတွက်လည်း ပိုပြီး အထောက်အကူပြုမယ်လို့ ထင်ပါတယ်။

ပြီးတော့ မြန်မာနိုင်ငံမှာ အမျိုးသမီးအင်အားက လူဦးရေရဲ့ ထက်ဝက်ကျော်ရှိတယ်။ ဒီထက်ဝက်ကျော်ရဲ့ အင်အားကို တိုးတက်မှု မရယူဘူးဆိုရင် နိုင်ငံဟာ တစ်ဝက်တိုးတက်ဖို့အတွက် လိုအပ်နေဦးမှာပဲ။ အမျိုးသမီးတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်ပေးမယ်၊ အကြမ်းဖက်မှုတွေကနေ ကာကွယ်ပေးမယ်၊ သူတို့ကို ကျား၊ မ တန်းတူ အခွင့်အရေးတွေ ရအောင်လုပ်ပေးမယ်ဆိုရင် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ ဆောင်ပုဒ်နဲ့အညီ ကျား၊ မ တန်းတူအခွင့်အရေးတွေရပြီး နိုင်ငံပိုမိုဖွံ့ဖြိုး တိုးတက်အောင်လုပ်လာနိုင်မယ်လို့ ယူဆပါတယ်။

နောက်တစ်ချက်က အမျိုးသမီးတွေက တစ်ဖက်မှာ မိသားစုကိစ္စတွေကိုလည်း လုပ်ဆောင်နေရတယ်။ ဒါတွေအတွက် အချိန်ပေးနေရတဲ့အတွက် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုမှာ ပါဝင်မှုနည်းတာလည်း ပါပါတယ်။ ကြိုးစားမှုအပိုင်း ကြည့်ရင်တော့ အမျိုးသမီးတွေက တော်တော်လေး ကြိုးစားပြီး လုပ်နိုင်စွမ်းရှိမယ်လို့ မြင်တယ်" ဟု နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် ဒေါ်ကျင်စန်းက သူ၏အမြင်ကို ပြောပြသည်။

အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသမီးနှင့် သဘာဝပတ်ဝန်းကျင်၊ အမျိုးသမီးနှင့် မီဒီယာ၊ အမျိုးသမီးနှင့် အသက်မွေးဝမ်းကျောင်းမှု စီမံချက်များကို ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း လာအိုနိုင်ငံနှင့် ပူးပေါင်းအကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရပြီး အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း(၂၀၁၃-၂၀၂၂) ကို သက်ဆိုင်ရာ ဧရိယာအလိုက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် မြန်မာနိုင်ငံ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်တွင်လည်း အမျိုးသမီးများအတွက် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ထည့်သွင်းရေးဆွဲထားပြီး လူမှုကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ ကနဦး တစ်နှစ်စီမံချက်ကို ဧရာဝတီ တိုင်းဒေသကြီးအတွင်း ဆောင်ရွက်ခဲ့သည်။

မည်သို့ဆိုစေကာမူ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသမီးများ ဘဝ အဆင့်အတန်းမြင့်မားရေး၊ အမျိုးသမီးများ အကြမ်းဖက်မှုမှ ကာကွယ်ရေးနှင့် ကျား၊ မ တန်းတူညီမျှရေးတို့ကို ဆောင်ရွက်ကြရမည်ဖြစ်သည်။

၂၀၁၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ ဆောင်ပုဒ်ဖြစ်သည့် "ကျား၊ မ တန်းတူကမ္ဘာ တစ်ဝန်း ၂၀၃၀ ရည်ကာမှန်း" ဟူသည့် ဆောင်ပုဒ်နှင့်အညီ အမျိုးသမီးတို့၏ ဘဝများစွာကို ကာကွယ်မြှင့်တင် စောင့်ရှောက်ကြရမည်ဖြစ်သည်။

ထို့အတူ မြန်မာအမျိုးသမီးတို့သည်လည်း ယနေ့ခေတ်သစ် စနစ်သစ်ကာလတွင် တည်ဆောက်လျက်ရှိသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေး လုပ်ငန်းများတွင် မိမိတို့၏ ကျရာတာဝန်များကို ကျား၊ မ မခွဲခြားဘဲ မိမိတို့ အမျိုးသမီးစွမ်းပကားဖြင့် မိမိတို့အစွမ်းရှိသရွေ့ အားကြိုးမာန်တက် ပါဝင်ဆောင်ရွက်ကြရမည်သာဖြစ်သည်။

---

## နှစ်သစ်ကူးအတာသင်္ကြန်တွင် Iron Cross တေးဂီတအဖွဲ့ မန္တလေးမြို့၌ ဖျော်ဖြေမည်

သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ-မိုးမခ

**ရန်ကုန် မတ် ၈**

မြန်မာနိုင်ငံ၏ နာမည်ကျော် ရော့ခ်တေးဂီတအဖွဲ့ဖြစ်သည့် Iron Cross တေးဂီတအဖွဲ့သည် လာမည့်ဧပြီလတွင် ကျရောက်မည့် မြန်မာနိုင်ငံ၏ နှစ်သစ်ကူးသင်္ကြန်ကာလ၌ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) ၏ အဓိကကူညီထောက်ပံ့မှုဖြင့် မန္တလေးမြို့ ကျုံးကြီးမြောက်ဘက်၌ သွားရောက်ဖျော်ဖြေမည်ဖြစ်ကြောင်း ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်သူ့ဥယျာဉ်အတွင်းရှိ My Garden Restruant ၌ ပြုလုပ်သည့် စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

"သင်္ကြန်ကာလအတွင်း ကျွန်တော်တို့ MPT မဏ္ဍပ်တွေမှာ ရေဆော့ကစားခွင့်ရတဲ့လက်မှတ်တွေကို တစ်ရက်ကို အစောင်သုံးရာလောက် အခမဲ့ပေးဝေမှာပါ။ ဒါက ရန်ကုန်ရော၊ မန္တလေးအတွက်ပါ နှစ်နေရာပေါင်းဖြစ်ပါတယ်။ MPT မိသားစုဝင်တွေရော၊ ပူးပေါင်းဆောင်ရွက်နေတဲ့ အဖွဲ့တွေရော၊ သုံးစွဲသူပြည်သူတွေအနေနဲ့ပါ မဏ္ဍပ်မှာ ရေဆော့ကစားချင်တယ်ဆိုရင် ကြိုတင်စာရင်းပေးသွင်းရမှာဖြစ်ပါတယ်။ လက်မှတ်ကို မရောင်းပါဘူး။ ဒါ့အပြင် မန္တလေးမှာဖျော်ဖြေမယ့် Iron Cross တေးဂီတအဖွဲ့ကို သွားရောက်ကြည့်ချင်တဲ့ ပြည်သူတွေကိုလည်း အခမဲ့တာဝန်ယူပြီးခေါ်သွားပါ့မယ်။ ဒါကလည်း ကြိုတင်စာရင်းပေးသွင်းဖို့တော့ လိုပါတယ်။ ရေဆော့ကစားဖို့ပါ စီစဉ်ပေးမှာပါ" ဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အထွေထွေမန်နေဂျာ ဦးသိန်းဟုပ်(စီးပွားရေးကဏ္ဍကြီး) က ပြောသည်။

ယခုနှစ်သင်္ကြန်ကာလတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT)အနေဖြင့် မန္တလေးမြို့တွင် Iron Cross တေးဂီတအဖွဲ့နှင့် ရန်ကုန်မြို့တွင်မူ Lucky Hand တီးဝိုင်းအဖွဲ့နှင့်အတူ တေးသံရှင် ဝိုင်းစုခိုင်သိန်း၊ မေခလာ၊ နုနုစိန်၊ ချစ်ကောင်း၊ ဂရေဟမ်၊ အောင်ထက် စသည့် နာမည်ကြီး အဆိုတော်များ ဖျော်ဖြေနိုင်ရန် ပူးပေါင်းကူညီဆောင်ရွက်သွားမည်ဖြစ်သည်။

"ကျွန်တော်တို့ Iron Cross အနေနဲ့ အခု ၂၀၁၆ ဧပြီလမှာ အစဉ်အလာကြီးတဲ့ ရိုးရာသင်္ကြန်ပွဲတော်မှာ MPT ရဲ့ ကူညီထောက်ပံ့မှုကြောင့် ကျွန်တော်တို့ရဲ့ မန္တလေးပရိသတ်ကြီးနဲ့ ဆုံတွေ့ခွင့်ရတော့မှာပါ။ ဒီနှစ်သင်္ကြန်မှာ ကျွန်တော်တို့အဖွဲ့အပြင် တက်သစ်စ မျိုးဆက်သစ် အမျိုးသမီးအဆိုတော်နှစ်ဦးကိုလည်း ထပ်မံထောက်ပံ့သွားဖို့ရှိပါတယ်။ မရောက်ဖြစ်တာကြာပြီဖြစ်တဲ့ မန္တလေးကို သွားရောက်ဖျော်ဖြေရမှာဆိုတော့ တစ်ဖွဲ့လုံးက အလွန်ပဲ စိတ်လှုပ်ရှားကြတယ်။ မန္တလေးကျုံးရေနဲ့ မန္တလေးမြို့သူမြို့သားတွေကို ပြန်လည်ဆုံတွေ့ခွင့်ရတဲ့အတွက် ဝမ်းမြောက်မှုဖြစ်သလို MPT ကိုလည်း အထူးကျေးဇူးတင်ပါတယ်" ဟု Iron Cross တေးဂီတအဖွဲ့မှ နာမည်ကြီး ရော့ခ်တေးသံရှင် ကိုလေးဖြူက ပြောသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(MPT) ကိုယ်စားပြု Iron Cross မဏ္ဍပ်ကို မန္တလေးမြို့ ကျုံးမြောက်ဘက်၌ ဖျော်ဖြေမည်ဖြစ်ပြီး Lucky Hand တီးဝိုင်းအဖွဲ့နှင့်အတူ တေးသံရှင် ဝိုင်းစုခိုင်သိန်း၊ မေခလာ၊ နုနုစိန်၊ ချစ်ကောင်း၊ ဂရေဟမ်၊ အောင်ထက် စသည့် အဆိုတော်များက ရန်ကုန်မြို့ ပြည်လမ်းရှိ အင်းလျားကန်အနီး၌ သင်္ကြန်ပွဲတော်ရက်များဖြစ်သည့် ဧပြီ ၁၃ ရက်မှ ၁၆ ရက်အတွင်း နံနက် ၉ နာရီမှ ညနေ ၆ နာရီအတွင်း ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။



၂၀၁၆ သင်္ကြန်တွင် MPT ၏ ကူညီမှုဖြင့် မန္တလေးတွင် ဖျော်ဖြေမည့် Iron Cross တေးဂီတအဖွဲ့။

# အမျိုးဘာသာ၊ သာသနာအကျိုး သယ်ပိုးနေကြသည့် ပုဂ္ဂိုလ်များ

**သီဟန်သိန်း(အေးချမ်းမြေ)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ ၄-၁-၂၀၁၆ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၆) ဖြင့် နိုင်ငံတော်သမ္မတက ဆရာတော်ကြီးများ၊ ဂန္ထဓူရပရိယတ္တိဝန်ဆောင် စာချဆရာတော်များ၊ ဝိပဿနာဓူရ ပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြ ဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်းပြည်ပသာသနာပြု ပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနေသည့် ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းအပ်နှင်းခဲ့ပါသည်။ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ဆရာတော် ငါးပါး၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဘွဲ့တံဆိပ်တော်ရ တစ်ပါး၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ၁၅ ပါးတွင် ပြည်ပဘွဲ့ခံဆရာတော်ကြီးနှစ်ပါး၊ ဓမ္မကထိကဗဟုဇနဟိတဓရဘွဲ့တံဆိပ်တော်ရ ၁၄ ပါးနှင့် သီလရှင်ဆရာကြီး တစ်ပါး၊ မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ၂၂ ပါးနှင့် သီလရှင်ဆရာကြီး တစ်ပါး၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘွဲ့တံဆိပ်တော်ရ ခြောက်ပါးတွင် ပြည်ပဘွဲ့ခံ ဆရာတော်ကြီးများ နှစ်ပါးအပါအဝင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ၂၅ ပါးတွင် ပြည်ပဘွဲ့ခံဆရာတော်ကြီး နှစ်ပါးအပါအဝင် မဟာ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ၁၆ ပါး၊ ပြည်ပဘွဲ့ခံဆရာတော်ကြီး နှစ်ပါးပါဝင်ပြီး သီလရှင်ဆရာကြီး နှစ်ပါး၌ ပြည်ပဘွဲ့ခံ သီလရှင်ဆရာတော်ကြီး တစ်ပါးပါဝင်ပြီး လူပုဂ္ဂိုလ်နှစ်ဦးပါဝင်သည်။ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ၂၃ ပါးတွင် ပြည်ပဘွဲ့ခံသုံးပါး ပါဝင်ပြီး သီလရှင်ဆရာကြီး တစ်ပါး၊ လူပုဂ္ဂိုလ်နှစ်ဦးတို့ ပါဝင်ပါသည်။

အဂ္ဂမဟာကမ္မဋ္ဌာနစရိယ ဘွဲ့တံဆိပ်တော်ရ နှစ်ပါး၊ မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရသုံးပါးနှင့် ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ငါးပါးတို့ပါဝင်သည်။

အဂ္ဂမဟာသိရိသုဓမ္မမဏိဇောတဓရဘွဲ့ရ တစ်ဦး၊ အဂ္ဂမဟာသိရိသုဓမ္မသိင်္ဂီဘွဲ့ရ တစ်ဦး၊ သိရိသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ် နှစ်ဦး၊ သိရိသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်သုံးဦး၊ သီဟသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ် တစ်ဦး၊ သီဟသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်ရ ၁၄ ဦး၊ သုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်ရ ၁၀ ဦး၊ သုဓမ္မသိင်္ဂီဘွဲ့တံဆိပ်ရ ၁၉ ဦးတို့ ပါဝင်ခဲ့ပါသည်။

ယခင်နှစ်ပြည်တွင်း ၁၃၅ ပါး၊ ပြည်ပ ၁၅ ပါး ပေါင်း ၁၅၀၊ သီလရှင် ၁၃ ပါး၊ လူအမျိုးသား ၁၃ ဦး၊ အမျိုးသမီး ၂၈ ဦးတို့ ဖြစ်သည်။

ယခုနှစ် ပြည်တွင်းဘွဲ့ခံဆရာတော် ၁၄၁ ပါး၊ ပြည်ပဘွဲ့ခံဆရာတော် ၁၁ ပါး စုစုပေါင်း ဆရာတော် ၁၅၂ ပါး၊ သီလရှင်ဆရာကြီး ခုနစ်ပါး၊ လူပုဂ္ဂိုလ်အမျိုးသား ၁၈ ဦးနှင့် အမျိုးသမီး ၃၇ ဦးတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်လက်အပ်နှင်းခဲ့ပေသည်။

သဒ္ဓမ္မသုံးဖြာ သာသနာတော်ကြီး၏အသက်သည် ပရိယတ်ပင်ဖြစ်ပြီး ပရိယတ်တည်မှ သာသနာတည်မည်ဖြစ်သည်။ စာသင်ချကျောင်းတိုက်ကြီးများ ဦးထိပ်ထားသော စကားရပ်မှာ "အနတီတ သတ္ထုက မေဝပါဝစနံ" ဆိုသော အဓိပ္ပာယ်အရ ပိဋကတ်ပါဠိတော်များ တည်ရှိနေသမျှကာလပတ်လုံး ဘုရားဟောတရားတော်များ မကွယ်ပျောက်သေးသဖြင့် စာသင်စာချအလုပ်များဖြင့် စောင့်ရှောက်နေကြရသော ဆရာတော် သံဃာတော်များသည် သာသနာတော်ကွယ်မသွားအောင်၊ ပပျောက်မသွားအောင် စောင့်ရှောက်နေကြရခြင်းသည် မြတ်စွာဘုရား၏ တပည့်သံဃာများ၏ တာဝန်ပင်ဖြစ်ပေသည်။

သီဟိုဠ်ကျွန်းမှ စာသင်စာချဆရာတော်တစ်ပါးသည် မြတ်စွာဘုရား၏ တရားတော်များအား နေ့စဉ်စာဝါပို့ချနေရသဖြင့် ဖခင်(ဖခမည်းတော်) နေမကောင်း၍ ရွာသို့သွားရန်အချိန်အားမရှိဖြစ်နေစဉ် တစ်နေ့ည၌ နံနက်တွင် ဖခင်ရှိရာ ရွာသို့ကြွမည်ဟုကြံစည်၍ အိပ်ပျော်သွားခဲ့ပါသည်။ မအိပ်မီငယ်စဉ်က ဖခင်မှချီပိုး၍ ဘုန်းကြီးကျောင်းသို့ နေ့စဉ်ပို့ခဲ့သည်ကိုစဉ်းစားရင်း အိပ်ပျော်သွားခဲ့ပါသည်။

ထိုသို့အိပ်ပျော်သွားစဉ် အလင်းရောင်များမျက်စိထဲတွင် ဝင်းလက်လာသဖြင့် အရုဏ်တက်ပြီထင်၍ ဖခင်နာမကျန်းဖြစ်နေသော ရွာသို့သွားရန်ပြင်ဆင်မည်ဟု အိပ်ရာမှထစဉ် ခုတင်ဘေး၌ ကိုယ်ရောင်ကိုယ်ဝါ လင်းလက်စွာဖြင့် နတ်သားတစ်ဦး လက်အုပ်ချီရပ်နေသည်ကို မြင်တွေ့ရပေသည်။ ပါဠိတော်များ၌ တွေ့နေရသော နတ်တို့ဘုရင် သိကြားမင်းဟုထင်သဖြင့် မည်သူမည်ဝါနည်းဟု စာချဆရာတော်ကမေးမြန်းရာ နတ်သားမှတပည့်တော် အရှင်ဘုရား၏ ဖခမည်းတော်ကြီးဖြစ်ပါသည်။ အရှင်ဘုရားအားငယ်စဉ်ကျောင်းသို့ ချီပိုးပို့ဆောင်ခဲ့ပြီး စာချဘုန်းကြီးဖြစ်သောအခါ တပည့်တော်မှာ နေ့စဉ်နေ့တိုင်း စိတ်ထဲကအာရုံပြုပြီး အခုအချိန်သားဘုန်းကြီးစာချနေချိန်ဖြစ်မည်၊ စာကြည့်ချိန်ဖြစ်မည်၊ စာဆွေးနွေးနေချိန် ကျမ်းတွေပြုစုနေချိန်ဖြစ်မည်၊ ဘုရားဝတ်ပြု မေတ္တာပို့နေချိန်ဖြစ်မည်စသည်ဖြင့် နေ့ပရိယတ်၊ ညပဋိပတ်ဆိုသလိုတရားရှုမှတ်နေပေမည်စသည်ဖြင့် အရှင်ဘုရားကိုအကြောင်းပြုပြီး ကုသိုလ်တွေအမြဲရနေပါသည် ဘုရား။

အဲဒီကုသိုလ်တွေကြောင့် တပည့်တော် အခုလိုနတ်ဘဝရရှိကြောင်း သားဘုန်းကြီးသိအောင် လာရောက်လျှောက်ထားခြင်းဖြစ်ပါသည်ဘုရား။ ပြန်ခွင့်ပြုတော်မူပါဘုရားဟုလျှောက်ထားပျောက်ကွယ်သွားပြီး အလင်းရောင်ပျောက် အမှောင်ဖုံးလွှမ်းသွားတော့မှ မိုးမလင်းသေးကြောင်းသိရပေသည်။ ထိုအခါမှစာချဘုန်းကြီးသည် ခမည်းတော်ကြီးအသုဘသို့မကြွဘဲ ပို့ချမြဲစာဝါများ သာဆက်ပို့ချမည်ဟု ဆုံးဖြတ်ချက်ချကာ စာချဘုန်းကြီးတာဝန်ကို သက်ဆုံးတိုင် သာသနာ့တာဝန်ထမ်းဆောင်သွားခဲ့ကြောင်း ဖတ်ရှုခဲ့ရပါသည်။

ထို့ကြောင့် သာသနာတော်တွင်းမှ ရဟန်းသာမဏေ၊ သီလရှင်တို့မှ သံဃဝေယျာဝစ္စ၊ ကျောင်းကန်ဘုရား ဝေယျာဝစ္စကိစ္စများကို ဆောင်ရွက်ရင်း ပရိယတ်မှပဋိပတ်သို့ကျင့်ကြံအားထုတ်ခဲ့ကြသော သံဃာတော်များတွင် မြန်မာနိုင်ငံ၌ ယခင်ကများစွာရှိခဲ့ကြပေသည်။ ယနေ့ခေတ်အခါတွင် ပရိယတ်မှပဋိပတ်သို့ အသုံးပြုကျင့်ကြံဆောင်ရွက်ခဲ့သည့် လယ်တီဆရာတော်၊ မိုးကုတ်ဆရာတော်၊ မဟာစည်ဆရာတော်တို့ပေါ်ထွက်လာခဲ့ပြီး မြန်မာ့သာသနာ့ဂုဏ်ဆောင် ဆရာတော်ကြီးများဖြစ်၍ ကမ္ဘာအနှံ့တိုင် ကျော်ကြားထင်ရှားခဲ့ပေသည်။

ဘုရားရှင်လက်ထက် အများသူငါထက် ထူးကဲသာလွန်စွာ စွမ်းဆောင်နိုင်ခဲ့မှု "ဧတဒဂ်"ဘွဲ့တံဆိပ်များချီးမြှင့်အပ်နှင်းခဲ့ရာတွင် ရဟန္တာ ၄၁ ပါး၊ ရဟန္တာထေရီ ၁၃ ပါး၊ အမျိုးသား ဥပါသကာ ၁၀ ဦး၊ အမျိုးသမီး ဥပါသိကာ ၁၀ ဦးတို့ဖြစ်ပေသည်။

သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်အပ်နှင်းရာတွင် ဆရာတော် သံဃာတော်အရှင်သူမြတ်တို့၏ သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာသုံးရပ်နှင့်ပြည့်စုံခြင်း သီလဝန္တဓိတိမန္တဂုဏ်၊ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို အလေးထားဆောင်ရွက်တော်မူလျက် သာသနာပြုတော်မူခြင်း၊ သာသနဟိတဓရဂုဏ်တရားတော်ကို သင်ကြားပို့ချဟောပြောညွှန်ပြခြင်း၊ ဓမ္မာနုဂ္ဂဟဂုဏ်တို့ကိုရည်မှန်း၍ ၎င်းသာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများ၊ သာသနာတော်အားစွမ်းအားရှိသမျှ ကျေးဇူးပြု ပူဇော်ခြင်း၊ သာသနာ့ဗဟုပကာရဂုဏ်၊ ဗုဒ္ဓဘာသာဝင် အမျိုးကောင်းသားသမီးတို့မှ သာသနာတော်မြတ်ကြီးအား ပစ္စည်းလေးပါးတို့ဖြင့် စေတနာထက်သန်စွာ ချီးမြှင့်ထောက်ပံ့ခြင်း၊ သာသနနုဂ္ဂဟဂုဏ်တို့ကို လေးစားတန်ဖိုးထား၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက ဘွဲ့တံဆိပ်တော်များ ဆက်ကပ်အပ်နှင်းပူဇော်ခြင်းဖြစ်ပါသဖြင့် ဂုဏ်ပြုသင့်၊ ဂုဏ်ပြုထိုက်သော ပုဂ္ဂိုလ်တို့ကို ဂုဏ်ပြုပူဇော်ခြင်းဖြစ်သောကြောင့် ပူဇာစ၊ ပူဇာနေယျမင်္ဂလာ ဒါနဥ္စမင်္ဂလာ၊ ဂါရဝေါစမင်္ဂလာ၊ သာမဏာနဥ္စ မင်္ဂလာ အစဖြာသည့် ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံပြီး အန္တရာယ်ခပ်သိမ်း ပပျောက်ကင်းငြိမ်း၍ ကြီးပွားချမ်းသာ သုခအဖြာဖြာအမှန်ရရှိကြမည်ဖြစ်ပေသည်။

"အနတီတ သတ္ထုက မေဝပါဝစနံ" ဆိုသော အဓိပ္ပာယ်အရ ပိဋကတ်ပါဠိတော်များ တည်ရှိနေသမျှကာလပတ်လုံး ဘုရားဟောတရားတော်များ မကွယ်ပျောက်သေးသဖြင့် စာသင်စာချအလုပ်များဖြင့် စောင့်ရှောက်နေကြရသော ဆရာတော် သံဃာတော်များသည် သာသနာတော်ကွယ်မသွားအောင်၊ ပပျောက်မသွားအောင် စောင့်ရှောက်နေကြရခြင်းသည် မြတ်စွာဘုရား၏ တပည့်သံဃာများ၏ တာဝန်ပင်ဖြစ်

ထို့အတူ နိုင်ငံတော်အစိုးရအမှူးပြုသော ပြည်သူပြည်သားအပေါင်း သူတော်ကောင်းတို့သည်လည်း သာသနာတော်မြတ်ကြီး အစဉ်သန့်ရှင်းတည်တံ့ပြန့်ပွားထွန်းကားစေရန် ရည်သန်ကာ သံဃာတော်အရှင်မြတ်များ မိန့်ကြားတော်မူသည့် ဩဝါဒ ဦးထိပ်ရွက်ပန်ဆင်ပြီး ညီညာလက်တွဲအား ခဲစုပံ့လှူဒါန်းပူဇော်မှုတို့ကြောင့် သာသနာတော်မြတ်ကြီး နှစ် ၅၀၀၀ မက အဓွန့်ကြာရှည် တည်တံ့ခိုင်မြဲထွန်းကားတိုးတက်နိုင်ကြမည်ဖြစ်ပေသည်။

တိုင်းသူပြည်သားအများနှင့် နိုင်ငံတော်ကြီးအနှောင့်အယှက် အခက်အခဲအမျိုးမျိုးမှကင်းစင်၍ မျှော်မှန်းထားသည့် အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်ကြစေရန်နှင့် သာသနာတော်မြတ်ကြီး၏ ကုသိုလ်ရှင်အပေါင်းတို့သည် နိဗ္ဗာန်တိုင်အောင် ကောင်းကျိုးချမ်းသာကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံပြီးမြောက်ဆောင်ရွက်နိုင်ကြပါစေရန် သူတော်ကောင်းစိတ်ထား ဝမ်းမြောက်စွာဖြင့် ကြိုဆိုဂုဏ်ပြုရေးသားအပ်ပါသည်။

# ကျောက်ဆည်၌ နဂါးမောက်သီးများ တစ်ပိုင်တစ်နိုင် စိုက်ပျိုးမှုများလာ

**ကျောက်ဆည် မတ် ၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ရွာပုလဲကျေးရွာ လမ်းခွဲတွင် နဂါးမောက်ပင်များ တစ်ပိုင်တစ်နိုင် စိုက်ပျိုးလျက်ရှိကြရာ အောင်မြင်ဖြစ်ထွန်းသဖြင့် လုပ်ငန်းများတိုးချဲ့စိုက်ပျိုးရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

နဂါးမောက်ပင်များမှာ မြန်မာနိုင်ငံ၏ ဒေသမျိုးရင်းမဟုတ်သော်လည်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသ၏ အပူပိုင်းမိုးနည်းရပ်ဝန်းဒေသရာသီဥတုနှင့် အထူးသင့်လျော်ပြီး အောင်မြင်စွာ စိုက်ပျိုးနိုင်ကြောင်း သိရသည်။

ဒေသမျိုးရင်း မဟုတ်သောကြောင့် နည်းအမျိုးမျိုးဖြင့်စမ်းသပ်စိုက်ပျိုးနေကြပြီး ဒေသတစ်ခုနှင့်တစ်ခု စိုက်ပျိုးမှုပုံစံများကွဲပြားလျက်ရှိကြောင်း တောင်သူ ဦးသန်းရွှေက ပြောသည်။

၎င်း၏ စိုက်ပျိုးရေးဥယျာဉ်တွင် ထွန်ရေး ထယ်ရေးဝင်၍ ပေါင်းဆွဲပြီး ပေါင်ပေါ်တွင် သုံးပေခန့်စီခွာ၍ ကျင်းတူးပြီး တိုင်များထောင်ကာ တိုင်ဘေးတွင် ကပ်လျက်တစ်တိုင်လျှင် နှစ်ပင်၊ သုံးပင်ခန့်စိုက်ပျိုးကြောင်း၊ စိုက်ပျိုးပြီးပါက အပင်၏ဘေးတစ်ထွာခန့်ခွာ၍ အနက်လေးလက်မ၊ ငါးလက်မခန့် ကျင်းငယ်များတူးပြီး ပုလဲမြေဩဇာ ငါးစေ့မှ ၁၀ စေ့ခန့်ကျွေး၍ မြေပြန်ဖုံးပေးရကြောင်း၊ နွားချေး၊ ဆိတ်ချေးဆွေးနှင့် သစ်ရွက်ဆွေးများကို ပေါင်းဆွဲစဉ်ကပင် ရောနှောထည့်ပေးရကြောင်း၊ ၀ ဒသမ ၂၅ ဧကလျှင် အပင် တစ်ထောင်ခန့် စိုက်ပျိုးနိုင်ကြောင်း၊ တစ်ဧကလျှင် အပင်လေးထောင်ခန့် စိုက်ပျိုးနိုင်ကြောင်း၊ တိုင်တစ်တိုင်နှင့် တစ်တိုင်ကိုဆက်၍ အသားတန်းများဖြင့် စင်ထိုးပေးရကြောင်း၊ ကဆုန်လမှ သီတင်းကျွတ်လအထိ ခြောက်လခန့် ခူးဆွတ်ရကြောင်း၊ ခြောက်လသီးပြီး ခြောက်လနားသော အပင်မျိုးဖြစ်ကြောင်း ပြောပြသည်။



ဈေးကွက်တွင် အနိမ့်ဆုံးဈေးမှာ တစ်လုံးလျှင် ငွေကျပ် ၅၀၀ ရောင်းချ ရသည်ဟုသိရပြီး မန္တလေး၊ ရန်ကုန်နှင့် နေပြည်တော်တို့သို့ တင်ပို့ရောင်းချခဲ့ရာ အသားတင် ဝင်ငွေကျပ် ၁၀ သန်းခန့်ရရှိခဲ့ကြောင်း၊ ရာသီဥတုဖောက်ပြန်မှုဒဏ်နှင့် ပိုးမွှား ရောဂါများကျရောက်မှုဒဏ်ကို ခံနိုင်ရည်ရှိသော အပင်မျိုးများဖြစ်၍ စိုက်ပျိုးထုတ်လုပ်မှုစရိတ်လည်း နည်းပါးသောကြောင့် တွက်ခြေကိုက်သဖြင့် တိုးချဲ့စိုက်ပျိုးရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**အောင်မင်း(စဉ့်ကိုင်)**

# ပခုက္ကူမြို့နယ်အတွင်း ဧရာဝတီမြစ်ကမ်းထိန်းတမံများ တည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၈**

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်သည် ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်ရှိ ပခန်းကြီး စည်သူရှင်သရက္ခန်ဘုရား ပရိဝုဏ်အတွင်း ရေဂါလန် ၈၀၀၀ ဆံ့ ရေစင်တည်ဆောက်ရန် အလှူငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်၍ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်က အလှူငွေပေးအပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရေစင်တည်ဆောက်ရန်အတွက် ပခုက္ကူခရိုင် ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနမှ ငွေကျပ် ရှစ်သိန်း၊ သမ္မတရုံးဝန်ကြီးဌာန(၂)မှ ဝန်ထမ်းများက ငွေကျပ် ၁၅ သိန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် မိသားစုက ငွေကျပ် သိန်း ၂၀၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ငွေကျပ် သိန်း ၇၄၃၀၀၀၀ တန်ဖိုးရှိ ရေစင်တည်ဆောက်ရေးပစ္စည်းများ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမင်းချစ်ဦး မိသားစုက ငွေကျပ် သိန်း ၃၀၊ မန္တလေးမြို့နေ ဦးရန်ကြီးရှို-ဒေါ်နာထောမိသားစုက ငွေကျပ် သိန်း ၅၀တို့ အပါအဝင် အလှူရှင်များက ငွေကျပ် ၁၉၇ သိန်းကျော်ကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ပခန်းကြီးစည်သူရှင်သရက္ခန်ဘုရားကို အေဒီ ၁၁၁၈ ခုနှစ်က ပုဂံပြည့်ရှင် အလောင်းစည်သူမင်းကြီးက တည်ထားကိုးကွယ်ခဲ့ပြီး နှစ်စဉ် တန်ခူးလ၌ ဘုရားပွဲကျင်းပလေ့ရှိသည်။ အဆိုပါဘုရားပွဲသို့ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူ သုံးသိန်းကျော် လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိရာ ဘုရားဖူးပြည်သူများ သောက်သုံးရေ လွယ်ကူစေရန်အတွက် ရေဂါလန် ၈၀၀၀ဆံ့ ရေစင်ကို တည်ဆောက်လျက်ရှိသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်သည် တာဝန်ရှိသူများနှင့်အတူ ပခုက္ကူမြို့နယ် ကျွန်းညိုကြီးကျေးရွာနှင့် ရှားတောကျေးရွာများ အနီးတွင် ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် မြစ်ကမ်းပါးပြိုကျမှုမှကာကွယ်ရန် ရေထိန်းနံရံများ တည်ဆောက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ **(ဓါတ်ပုံ)**

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပေးပြီး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူများ လတ်တလောရင်ဆိုင်နေရသည့် အခက်အခဲများကို အဓိကထား ဖြေရှင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ မြစ်ကမ်းပါးထိန်းသိမ်းခြင်းလုပ်ငန်းတွင် မြစ်ကမ်းပါးအလျား ပေ ၃၀၀ နှင့် အနံ ၁၀၃၅ ပေရှိ ကျောက်စီရေထိန်း နံရံများ တည်ဆောက်သည့်အပြင် မန်ကျည်း၊ တမာနှင့် ဘောစကိုင်း စသည့်နှစ်ရှည်ပင်များကို ကမ်းပါးတစ်လျှောက် ပျိုးထောင်စိုက်ပျိုးခြင်းဖြင့် ကာကွယ်သွားရန် လိုအပ်ပါကြောင်း ပြောကြားသည်။ **(သတင်းစဉ်)**

# နိုင်ငံခြားသို့ ပညာတော်သင်သွားရောက်မည့် ကျောင်းသား ကျောင်းသူများအား ပညာသင်စရိတ်ထောက်ပံ့

**ပုသိမ် မတ် ၈**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်သည် မတ် ၇ ရက် နံနက်တွင် ပုသိမ်တက္ကသိုလ် ဘွဲ့နှင်းသဘင်၌ ကျင်းပသည့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပုသိမ်တက္ကသိုလ် အနုပညာအသင်းသို့ မြန်မာ့ဆိုင်းဝိုင်းနှင့် အနောက်တိုင်းတေးဂီတဝိုင်းများအတွက် အလှူငွေပေးအပ်ခြင်းနှင့် နိုင်ငံခြားသို့ ပညာတော်သင်သွားရောက်မည့် ကျောင်းသား ကျောင်းသူများအား ပညာသင်စရိတ်ထောက်ပံ့ငွေ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားကို ပုသိမ်တက္ကသိုလ် အနုပညာအသင်းမှ ကျောင်းသား ကျောင်းသူများက အကပဒေသာများဖြင့် သီဆိုဖျော်ဖြေဖွင့်လှစ်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြောကြားရာတွင် ယနေ့ ကျင်းပသည့် အခမ်းအနားသည် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပုသိမ်တက္ကသိုလ် အနုပညာအသင်းသို့ အနုပညာပစ္စည်းများ ပေးအပ်လှူဒါန်းပွဲနှင့် ပညာတော်သင်ထောက်ပံ့ငွေ ပေးအပ်ပွဲအခမ်းအနား ဖြစ်ပါကြောင်း၊ တက္ကသိုလ်ဆိုသည်မှာ လူတော်၊ လူကောင်းများ၊ နိုင်ငံ့ခေါင်းဆောင်ကြီးများ မွေးထုတ်ပေးရာနေရာဖြစ်သည့်အတွက် မိမိတို့အစိုးရအဖွဲ့အနေဖြင့် များစွာအလေးအနက်ထားပါကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ တာဝန်ယူသည့် ကာလများတွင် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပါဝင်ကူညီဆောင်ရွက်ပေးသည့် ပုသိမ်တက္ကသိုလ်မှ ဆရာကြီး/ဆရာမကြီးများအား အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် အခမ်းအနားဖြစ်မြောက်အောင် ဆောင်ရွက်ပေးကြသည့် ပုသိမ်တက္ကသိုလ် ပါမောက္ခချုပ်နှင့် ဆရာကြီး ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူများအား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပုသိမ်တက္ကသိုလ် အနုပညာအသင်းထံ အလှူငွေကျပ်သိန်း ၁၀၀ နှင့် ဂျပန်နိုင်ငံသို့ ပညာတော်သင်သွားရောက်မည့် ကျောင်းသား ကျောင်းသူလေးဦးအား တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၈၀၀ စီအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ပြီး ပုသိမ်တက္ကသိုလ် အနုပညာအသင်းဥက္ကဋ္ဌ မြန်မာစာဌာနပါမောက္ခ ဒေါက်တာမြင့်မြင့်စန်းနှင့် ဂျပန်နိုင်ငံသို့ ပညာတော်သင်သွားရောက်မည့် ကျောင်းသား ကျောင်းသူများကိုယ်စား မထက်ထက်အင်ကြင်း(မဟာဝိဇ္ဇာ၊ အင်္ဂလိပ်စာ) တို့က ကျေးဇူးတင်စကား ပြောကြားသည်။ **(သတင်းစဉ်)**



# တပ်မတော်နေ့ဂုဏ်ပြု စုပေါင်းသွေးလှူဒါန်း

**နေပြည်တော် မတ် ၈**

မတ် ၂၇ ရက်တွင် ကျရောက်မည့် (၇၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့ နံနက် ၈ နာရီခွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၁၇) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး အောင်ထိန်လင်း ဦးစီးအရာရှိ/အခြားအဆင့် တပ်ဖွဲ့ဝင် ၆၀ တို့သည် နေပြည်တော် ခုတင်(၁၀၀၀) ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းသည်။ **(အပေါ်ပုံ)**

အဆိုပါ စုပေါင်းသွေးလှူဒါန်းပွဲသို့ အမှတ် (၁) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူး ရဲမှူးချုပ်တင်ကိုကို လာရောက်ကြည့်ရှုအားပေးခဲ့ပြီး သွေးလှူဒါန်းသည့် တပ်ဖွဲ့ဝင်များအား အာဟာရဖြည့်စားသောက်ဖွယ်ရာများ ကျွေးမွေးခဲ့သည်။

**(မြန်မာ့အလင်း)**

# မြို့မငြိမ်းတေးသီချင်းများကို မြန်မာ-ဂျပန်အနုပညာရှင်များ ပူးပေါင်းကာ နိုင်ငံတော်သံစုံတီးဝိုင်းဖြင့် မန္တလေးမြို့၌ အခမဲ့ဖျော်ဖြေမည်



**မန္တလေး မတ် ၈**

မန္တလေးမြို့၏အထင်ကရ မြို့မအသင်းကြီး၏ ဂန္ထဝင်ဆရာ မြို့မငြိမ်း၏ တေးသီချင်းများကို တီးခတ်ဖျော်ဖြေမည့် Myanmar National Symphony Orchestra 2016 ဂီတဖျော်ဖြေပွဲကြီးကို ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နိုင်ငံတော်သံစုံတီးဝိုင်းနှင့် ဂျပန်နိုင်ငံမှ Mr. YUNOSUKE YAMAMOTO (Conductor & Composer) ဦးဆောင်သော အနုပညာရှင်အဖွဲ့တို့ပူးပေါင်းကာ မန္တလေးမြို့ အမျိုးသားကဇာတ်ရုံ၌ မတ် ၁၅ ရက်တွင် ဝင်ကြေးအခမဲ့ဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ အနောက်တိုင်းတူရိယာနဲ့ မြန်မာသီချင်းတွေကို တီးခတ်ဖြေဖျော်တဲ့အခါ လာရောက်ကြည့်ရှုတဲ့ပရိသတ်တွေ အံ့သြသွားစေရမယ်။ မြန်မာသီချင်းတွေရဲ့ သံစဉ်တွေကို သူတို့ (ဂျပန်နိုင်ငံသားများ)ယဉ်ပါးအောင် အချိန်ယူလေ့ကျင့်ထားပါတယ်။ မန္တလေးမှာက နိုင်ငံတော်သံစုံတီးဝိုင်းနဲ့ ဖျော်ဖြေတာ ဒါက ဒုတိယအကြိမ်ပါ။ မြန်မာနိုင်ငံမှာ ဂျပန်အနုပညာရှင်တွေနဲ့ ပူးပေါင်းကျင်းပတာ တတိယအကြိမ်ပါ၊ နိုင်ငံတော် သံစုံတီးဝိုင်းအနေနဲ့တော့ ဂျပန်နဲ့မှ မဟုတ်ပါဘူး။ ပြင်သစ်၊ ဂျာမနီ၊ ထိုင်းနဲ့ ကိုရီးယားနိုင်ငံက အနုပညာရှင်တွေနဲ့လည်း ပူးပေါင်းပြီး ဖျော်ဖြေပွဲလုပ်ခဲ့တယ်။ ပူးပေါင်းကျင်းပတော့ ကိုယ့်နိုင်ငံရဲ့ယဉ်ကျေးမှုဂီတကို ပျံ့နှံ့တာပေါ့"ဟု မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူး ဦးတိုးကျော်က စာနယ်ဇင်းရှင်းလင်းပွဲတွင် ပြောသည်။

အဆိုပါ ဂီတဖျော်ဖြေပွဲကြီးကို အများပြည်သူ ကြည့်ရှုနိုင်ရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (News Channel)မှ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကာ သီချင်း ၁၂ ပုဒ်ကို တီးခတ်ဖျော်ဖြေသွားမည်ဖြစ်ကြောင်း၊ တီးခတ်ရာတွင်လည်း အနောက်တိုင်းသံစဉ် တီးခတ်ရာတွင် အနောက်တိုင်းဝတ်စုံကို ဝတ်ဆင်ပြီး မြန်မာသံစဉ် မြန်မာသီချင်းများ တီးခတ်ရာတွင်လည်း မြန်မာဝတ်စုံများဖြင့် တီးခတ်သွားမည်ဖြစ်သည်။ ဖျော်ဖြေပွဲကို ညနေ ၆ နာရီခွဲမှ စတင်ကာ ၁ နာရီ မိနစ် ၂၀ ကြာ တီးခတ်ဖျော်ဖြေသွားမည် ဖြစ်ကြောင်း၊ တီးခတ်မှုအားလုံးတွင် ကွန်ပျူတာပြုလုပ်ချက်များ လုံးဝပါဝင်မည်မဟုတ်ကြောင်း၊ ဂျပန်အနုပညာရှင်လေးဦးနှင့်အတူ နိုင်ငံတော်သံစုံတီးဝိုင်းမှ ဝန်ထမ်း ၆၀ တို့က တီးခတ်ဖျော်ဖြေသွားမည် ဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**

# မီးဘေးသင့်ပြည်သူများအတွက် အလှူငွေများပေးအပ်

**နေပြည်တော် မတ် ၈**

မီးဘေးသင့်ပြည်သူများအတွက် စေတနာရှင်များက အလှူငွေနှင့် အလှူပစ္စည်းများကို ထောက်ပံ့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်(ရုံးချုပ်)၌ အားကစားဝန်ကြီးဌာန ဝန်ထမ်းမိသားစုက ငွေကျပ် ၃၀၉၃၀၀၀ ကို လာရောက်လှူဒါန်းသည်။

ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၌ ရန်ကုန်အနောက်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီက ငွေကျပ် ၁၆၀၀၀၀၀၊ ဦးမျိုးဟန်-ဒေါ်မအော်(သား)ကိုဖိုးဇော်က ငွေကျပ် ၆၅၀၀၀၊ ဒေါ်ရီဝင်း(မိသားစု)က ငွေကျပ် ၅၀၀၀၀၊ ဦးသန်းထွန်း-ဒေါ်မူမူ(မိသားစု)က ငွေကျပ် ၁၀၀၀၀၀၊ (OA-011384)စာရင်းသို့ တိုက်ရိုက်လှူဒါန်းသည့် ပျဉ်းမနားမြို့ရှိ အလှူရှင်က ငွေကျပ် ၂၀၀၀၀၊ ဦးသန်းအောင်-ဒေါ်မေမေအေး ရန်ကုန်မြို့မှ ငွေကျပ် ၅၀၀၀၀၀ တို့ကို လှူဒါန်းသည်။

သို့ဖြစ်၍ ယနေ့ရရှိငွေမှာ ငွေကျပ် ၅၄၂၈၀၀၀ ဖြစ်သဖြင့် ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ လှူဒါန်းရရှိငွေ စုစုပေါင်းမှာ ငွေကျပ် ၂၆၂၁၇၀၂၅၀ နှင့် အမေရိကန်ဒေါ်လာ ၃၀၂၀၀ ဖြစ်ပြီး ၎င်းရရှိငွေများအနက် ဖေဖော်ဝါရီ ၁၅ ရက်အထိ ရရှိငွေ စုစုပေါင်း ငွေကျပ် ၁၀၈၇၃၂၃၀၀ ကို နမ့်ဆန်မြို့သို့ ငွေကျပ် ၃၅၁၇၀၃၀၀ ကိုလည်းကောင်း၊ လပွတ္တာမြို့သို့ ငွေကျပ် ၄၃၅၆၂၀၀၀ ကိုလည်းကောင်း ၊ မကွေးတိုင်းဒေသကြီး ဖျောက်ဆိပ်ကုန်းကျေးရွာ မီးဘေးသို့ ငွေကျပ် ၃၀၀၀၀၀၀၀ ကိုလည်းကောင်း သက်ဆိုင်ရာ ပြန်လည်ထူထောင်ရေးကော်မတီအသီးသီးသို့ လွှဲပြောင်းပေးပို့ခဲ့ပြီးဖြစ်၍ ဖေဖော်ဝါရီ ၁၆ ရက်မှ ယနေ့အထိ ထပ်မံရရှိခဲ့သည့် လက်ကျန်ငွေကျပ် ၁၅၃၄၃၇၉၅၀ နှင့် အမေရိကန်ဒေါ်လာ ၃၀၂၀၀ တို့ကိုလည်း ဆက်လက်လွှဲပြောင်းပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



ဧရာဝတီနှင့် လာအိုတိုယိုတာအသင်းတို့မှ တာဝန်ရှိသူများနှင့် ကစားသမားများကို တွေ့ရစဉ်။

❍ *ကျောဖုံးမှ*

ဂျပန်ကွင်းလယ်ကစားသမား တာမူရာမှာ ဒဏ်ရာကြောင့် ပါဝင်နိုင်မည်မဟုတ်ပေ။

လာအိုတိုယိုတာအသင်းနည်းပြ ဖွန်ဖာခါဒီက "ကျွန်တော်တို့အသင်း အဖွင့်ပွဲမှာ အနိုင်သုံးမှတ်ရခဲ့တဲ့အတွက် အခုပွဲမှာလည်း အမှတ်ယူနိုင်ဖို့ကြိုးပမ်းသွားမှာပါ။ ကျွန်တော်တို့အသင်းက ပြီးခဲ့တဲ့ရာသီက ဧရာဝတီနဲ့တွေ့ဆုံခဲ့ပြီး အရင်ကထက် ပိုကောင်းအောင် ပြင်ဆင်ထားပါတယ်။ နည်းပြရော ကစားသမားတွေပါ အပြောင်းအလဲလုပ်ထားပြီး အသင်းမှာ လာအိုလက်ရွေးစင်နဲ့ လူငယ်လက်ရွေးစင်တွေ ပါဝင်ပါတယ်။ ရလဒ်ကောင်းရယူနိုင်မယ်လို့ ယုံကြည်ပါတယ်" ဟု ပြောကြားခဲ့သည်။

ဧရာဝတီနှင့် လာအိုတိုယိုတာအသင်းတို့မှာ ၂၀၁၅ AFC Cup ပြိုင်ပွဲတွင်တွေ့ဆုံခဲ့ပြီး ဧရာဝတီအသင်းက အိမ်ကွင်းတွင် လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရခဲ့ကာ အဝေးကွင်း၌ နှစ်ဂိုးစီသရေကျခဲ့သည်။

AFC Cup အုပ်စုပွဲစဉ်အဖြစ် မတ် ၉ ရက် **(ယနေ့)** ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ ဧရာဝတီအသင်းနှင့် လာအိုတိုယိုတာအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ရန်ကုန်အသင်းနှင့် မာဇီယာ(မော်လ်ဒိုက်)တို့မှာ မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲတွင် မော်လ်ဒိုက်နိုင်ငံ၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

# မြဝတီမြို့နယ်၌ နွေရာသီအားကစားသင်တန်းများဖွင့်

**မြဝတီ မတ် ၈**

မြဝတီမြို့နယ်၌ နွေရာသီအားကစားသင်တန်းများ ဖွင့်လှစ်လျက်ရှိရာ အဆိုပါ အားကစားသင်တန်းများ ဖွင့်ပွဲကို မတ် ၈ ရက် နံနက် ၈ နာရီက မြဝတီမြို့မ အားကစားပြိုင်ဝင်းရှိ အားကစားခန်းမတွင် ကျင်းပခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်က အမှာစကားပြောကြားပြီး ခရိုင်နှင့်မြို့နယ် အားကစားနှင့်ကာယပညာ ကော်မတီမှ အားကစားနည်းအလိုက် သင်ထောက်ကူပစ္စည်းများပေးအပ်ရာ ခရိုင် အား/ကာဦးစီးဌာနမှူးက လက်ခံရယူခဲ့သည်။

ယခုဖွင့်လှစ်သည့် အားကစားနည်းများမှာ ဘော်လီဘော၊ စားပွဲတင်တင်းနစ်၊ ကြက်တောင်၊ တင်းနစ်၊ ပိုက်ကျော်ခြင်းနှင့် ဘောလုံးတို့ဖြစ်ပြီး ရတ်သတ္တ သုံးပတ်ကြာ သင်ကြားပို့ချသွားမည်ဖြစ်သည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

● *ကျောဖုံးမှ*

ဧရာဝတီအသင်းတို့က ကစားသမားများမှလွဲ၍ ကျန်ကစားသမားများ လာရောက်လေ့ကျင့်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းနည်းပြချုပ် ဂတ်ဖရိုင်းဒရစ်မှာ ကစားသမားများ လေ့ကျင့်မှုပိုမိုပြည့်ဝစေရန်အတွက် စခန်းသွင်းလေ့ကျင့်မှုမပြုလုပ်မီ ရက်ပိုင်းအလိုတွင် လေ့ကျင့်မှုပြုလုပ်စေခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းမှာ AFC Cup ပြိုင်ပွဲ အုပ်စု တတိယပွဲစဉ်ပြီးဆုံးမှသာ လူစုံလေ့ကျင့်နိုင်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် မတ် ၂၄ ရက်တွင် စင်ကာပူလက်ရွေးစင်အသင်းနှင့် စင်ကာပူနိုင်ငံတွင် ခြေစမ်းမည်ဖြစ်ပြီး မတ် ၂၉ ရက်တွင် ကမ္ဘာ့ဖလားခြေစစ်ပွဲနောက်ဆုံးပွဲစဉ်အဖြစ် လက်ဘနွန်အသင်းနှင့် အဝေးကွင်းပွဲစဉ် ကစားရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်း၏ အပြီးသတ်လူစာရင်းတွင် **ဂိုး**-ကျော်ဇင်ဖြိုး(မကွေး)၊ ရန်အောင်လင်း(ရတနာပုံ)၊ ပြည့်ဖြိုးအောင် (Southern)၊ **နောက်တန်း**-ကျော်ဇင်လွင်၊ နန္ဒကျော်(မကွေး)၊ ဖြိုးကိုကိုသိန်း(ဧရာဝတီ)၊ ဟိန်းသီဟဇော် (ရှမ်းယူနိုက်တက်)၊ အောင်ဇော်(ဟံသာဝတီ)၊ ဇော်မင်းထွန်း၊ သီဟထက်အောင်၊ ဒေးဗစ်ဒန်း(ရန်ကုန်)၊ **အလယ်တန်း**- ရဲကိုဦး၊ လှိုင်းဘိုဘို၊ မျိုးကိုထွန်း၊ သက်နိုင်(ရတနာပုံ)၊ နိုင်နိုင်ကျော်(မကွေး)၊ ရန်အောင်ကျော်၊ ကြည်လင်း(ရန်ကုန်)၊ ရန်နိုင်ဦး(ဇေယျာရွှေမြေ)၊ မောင်မောင်လွင်(ဟံသာဝတီ)၊ **ရှေ့တန်း**-အောင်သူ၊ ဝင်းနိုင်စိုး(ရတနာပုံ)၊ ကျော်ကိုကို၊ သန်းပိုင်(ရန်ကုန်)နှင့် ဆောင်လမန် (ချင်းယူနိုက်တက်)တို့ ပါဝင်ကြသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် မတ် ၁၄ ရက်တွင် စတင်စခန်းသွင်းလေ့ကျင့်မည်ဖြစ်ပြီး မတ် ၂၁ ရက်တွင် စင်ကာပူနိုင်ငံသို့ ထွက်ခွာမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်း၏ လေ့ကျင့်မှုအစီအစဉ်ကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် လာရောက်ကြည့်ရှုခဲ့သည်။

# မတ် ၈ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| ၂၀၁၆ ခုနှစ် မတ် ၈ ရက် (ဗုဒ္ဓဟူးနေ့) ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ | | | | | | |
|---|---|---|---|---|---|---|
| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်)ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး | မှတ်ချက် |
| ၁။ | ပေါ်ဆန်း(ဆန်) | ရွှေဘို | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၄၈၅၀၀ မှ ၅၁၀၀၀ | အဟောင်း |
| ၂။ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၈၅၀၀ မှ ၄၁၅၀၀ | အသစ် |
| ၃။ | ဇီရာ/ညှော့မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၅၀၀ မှ ၂၃၀၀၀ | အသစ် |
| ၄။ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၀၀၀ မှ ၂၁၀၀၀ | အသစ် |
| ၅။ | မြီးတုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၂၅၀၀ မှ ၂၄၀၀၀ | အသစ် |
| ၆။ | သုခ(ဆန်) | နယ်စုံ | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၃၅၀၀ မှ ၂၄၅၀၀ | အသစ်/ရှယ် |
| ၇။ | ပဲစင်းငုံနီ RC | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၂၉၈၀၀၀ | |
| ၈။ | မတ်ပဲ FAQ/RC | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၃၂၂၀၀၀ | |
| ၉။ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ ရွှေဝါ၊ ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၅၅၀ မှ ၁၉၅၀ | |
| ၁၀ | ဆွန်တာ(ပဲ) | | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၈၃၀ မှ ၈၅၅ | (နီ/ပြာ) |
| ၁၁။ | ကြက်သွန်နီ | ဆိပ်ဖြူ၊ တောင်တွင်း၊ မင်းလှ၊ မြစ်သား | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၀၀ မှ ၆၇၅ | ရှယ်၊လတ် |
| ၁၂။ | ကြက်သွန်ဖြူ | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၃၀၀ မှ ၂၆၀၀ | ထူး ၂၊ ၃၊ ၄၊ ၅ |
| ၁၃။ | ငရုတ်(မိုးထောင်) | ညောင်ရမ်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၀၀၀ မှ ၃၂၀၀ | |
| ၁၄။ | အာလူး | ဆင်ဖြူကျွန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၁၀ မှ ၆၉၀ | ဆွဲ၊ A1,OK,S1 S2 |
| ၁၅။ | ပိန္နဲသီး | | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၅၀၀၀ မှ ၁၃၀၀၀ | |
| လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။ | | | | | | |

## အမည်ဖြည့်စွက်ခြင်း

ဦးဝင်းလှိုင်ထွန်း၏သမီး မြန်မာနိုင်ငံကူးလက်မှတ်အမှတ် M 869901 ကိုင်ဆောင်ထားသော Florence Tun (ခ) သီရိမြတ်နိုးအား Florence Tun(ခ) သီရိမြတ်နိုး(ခ)Florence Wynn ဟု ဖြည့်စွက်ခေါ်ပါရန်။

## နိုင်ငံကူးလက်မှတ်ပျောက်ဆုံးခြင်း

ဦးဣန္ဒက သာသနာဝင်အမှတ် ၁၁/ကဖန(သ)၀၀၀၁၂၅မှာ ၁၁ လပိုင်း ၂၀၁၅ ခုနှစ်တွင် နိုင်ငံကူးလက်မှတ်စာအုပ် ပျောက်ဆုံးသွားပါသဖြင့် ရရှိထားသောသူများ အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ဦးဣန္ဒက**
**ဖုန်း-၀၉-၄၅၀၈၁၈၂၆၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-သကတ-၁၀၊ မြေကွက်အမှတ် ၅၄၄/ခ၊ မြေကွက်တည်နေရာအမှတ် ၅၄၄/ခ၊ ပိတောက်ရွှေဝါလမ်း၊ ညောင်ကျေးရွာအုပ်စု၊ လှိုင်သာယာမြို့နယ်၊ ဒေါ်ဆိုင်းညွန့် ၁၂/လမတ(နိုင်) ၁၂၃၃၃၂ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ဆိုင်းညွန့် ၁၂/လမတ(နိုင်)၁၂၃၃၃၂ ကိုယ်တိုင်မှ ဂရန်မူရင်းပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်တို့တင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်ဂရန်(မိတ္တူ) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ လှိုင်(၁)ရပ်ကွက်နေ[ဒေါက်တာမောင်နု(မြို့နယ်ဦးစီးမှူး-ငြိမ်း၊ တိမွေးကုဦးစီးဌာန)]-ဒေါ်ကျော့စိန်(အလယ်တန်းကျောင်းအုပ်-ငြိမ်း)တို့၏သားကြီး

**ဗိုလ်ကြီးကျော်နိုင်စိုး**

M.B.,B.S(D.S.M.A),M.Med.Sc(Medical Oncology)

**ကင်ဆာအထူးကု၊ အမှတ်(၂)တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၊ နေပြည်တော်**

နှင့်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွကုန်းလမ်းနေ ဒေါက်တာဦးသိန်းမောင်(မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး-ငြိမ်း)-ဒေါ်သောင်းခင်တို့၏ တစ်ဦးတည်းသောသမီး

**မစိုးစိုးဝေ**

B.A(Hons),M.A(English)
Dip in Global English

**နည်းပြ၊ အင်္ဂလိပ်စာဌာန၊ သမဝါယမတက္ကသိုလ်(သန်လျင်)**

တို့၏ ၂-၃-၂၀၁၆ရက်(တောင်သူလယ်သမားနေ့)တွင် Sedona Hotel (Grand Ball-room)၌ ကျင်းပပြုလုပ်သည့် မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင် စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ဒေါက်တာဦးစိုးအောင်(ပါမောက္ခဌာနမှူး-ငြိမ်း)(ဆေးဘက်ဆိုင်ရာကင်ဆာဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)၊ ဆေးတက္ကသိုလ်(၁)နှင့် တပ်မတော်ဆေးတက္ကသိုလ်၏ ဂုဏ်ထူးဆောင်ပါမောက္ခနှင့် ဇနီးဒေါ်ငွေသိန်းတို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ဒေါက်တာဦးအေးကိုကို(ဆေးရုံအုပ်ကြီး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)နှင့်ဇနီး ဒေါ်ခင်ချိုဝင်းတို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော သမဝါယမတက္ကသိုလ်(သန်လျင်)ပါမောက္ခချုပ် ဒေါက်တာရီရီဝင်းနှင့် ဂုဏ်သရေရှိ စစ်ဘက်နယ်ဘက်မှ ဌာနဆိုင်ရာအကြီးအကဲများနှင့်ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေးသီဆိုပေးပါသော နိုင်ငံကျော်အဆိုတော် စိမ်းမို့မို့၊ တေးသံသာများဖြင့် ဖျော်ဖြေဧည့်ခံပေးပါသော ဂီတမှူး စန္ဒာရားသိန်းမြင့်သန်းနှင့်အဖွဲ့၊ မင်္ဂလာပန်းကြဲပေးပါသော ဒေါက်တာဆန်းလှကြွယ်၊ မင်္ဂလာပန်းကုံးဗန်းကိုင်ဆောင်ပေးပါသော မဇင်မီလွင်၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော မစုမြတ်သန္တာ၊ မင်္ဂလာသတို့သားအရံ ဗိုလ်ကြီးပြည့်ဖြိုးပိုင်နှင့် ဗိုလ်ကြီးထင်ဇာ၊ မင်္ဂလာသတို့သမီးအရံ ဒေါက်တာသက်သက်အောင်နှင့် ဒေါက်တာငုဝါလွင်၊ မိတ်ကပ်ဆံပင်အလှ ဆင်ပေးပါသော မိတ်ကပ်ကျော်မိုးနှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံနှင့် လက်ဝတ်ရတနာများ ဆင်မြန်းပေးပါသော Wedding Palace one Stop Wedding Service Co,Ltd.တို့အားလည်းကောင်း၊ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင်ရိုက်ကူးပေးပါသော မိုးကိုဦးနှင့်အဖွဲ့၊ မင်္ဂလာပန်းအလှဆင်ပေးပါသော ကိုကိုကြီးနှင့်ညီများအဖွဲ့တို့အားလည်းကောင်း၊ Sedona Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများ၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**ဗိုလ်ကြီးကျော်နိုင်စိုး-မစိုးစိုးဝေ**

## Myanmar National Symphony Orchestra Concert 2016 ဖျော်ဖြေပွဲ(မန္တလေး)

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နိုင်ငံတော်သံစုံတီးဝိုင်းနှင့် ဂျပန်နိုင်ငံမှ ဂီတစာဆို တီးဝိုင်းခေါင်းဆောင် Mr. YUNOSUKE YAMAMOTO(Conductor & Composer)နှင့် စန္ဒရားဆရာမ Mrs.KYOKO KOYAMA တို့နှင့်ပူးပေါင်းတင်ဆက်တဲ့ Myanmar National Symphony Orchestra Concert 2016 ဖျော်ဖြေပွဲကို ၂၀၁၆ခုနှစ် မတ် ၁၅ရက် ညနေ ၆:၀၀နာရီတွင် မန္တလေးမြို့၊ အမျိုးသားဇာတ်ရုံတွင် ဖျော်ဖြေတင်ဆက်ပေးမှာ ဖြစ်ပါတယ်။ ဒီလိုထူးခြားတဲ့ ဂန္ထဝင်ဂီတဆည်းဆာ ဖျော်ဖြေပွဲကို မည်သူမဆို အခမဲ့လာရောက် ကြည့်ရှုအားပေးနိုင်ပါတယ်။

အသေးစိတ်သိရှိလိုပါက မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဖုန်း-၀၉-၅၀၀၆၅၅၂၊ ၀၁-၅၃၄၀၁၂၊ ၀၁-၅၂၇၁၂၂ Ex.149 တို့သို့ဆက်သွယ်မေးမြန်းနိုင်ပါတယ်။

## CLAIMS DAY NOTICE
## M.V TRANS FUTURE1
## VOY:NO(238)

Consignees of cargo carried by M.V TRANS FUTURE 1 VOY:NO(238) are here by notified that the vessel will arrive on about 10-3-2016 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

# မြဝတီခရိုင်အတွင်း လျှပ်စစ်မီးလင်းရေးဆောင်ရွက်

**စုကလိ မတ် ၈**

ကရင်ပြည်နယ် မြဝတီခရိုင် စုကလိမြို့၌ ဒေသခံပြည်သူများ၏ လူနေမှုအဆင့်အတန်းများ မြင့်မားလာပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်မီးရရှိရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာသို့ မြဝတီခရိုင် လျှပ်စစ်ဌာနမှ ဦးတင်ဆိုင်ဦးအဖွဲ့ ဦးဆောင်ပြီး BME ကုမ္ပဏီမှ ဦးမျိုးမင်းသိန်း (အင်/ယာ)၊ ဦးအောင်မြင့်သူ (အင်/ယာ)တို့နှင့် JICA အဖွဲ့မှ Mr.NIO TADASHI နှင့် Mr. SATO Musataka၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဗိုလ်ဗိုလ်နှင့် လျှပ်စစ်ဌာနမှ ဦးထင်အောင်ကျော်တို့သည် မတ် ၆ ရက်က စုကလိမြို့ လျှပ်စစ်ဌာနရှိ ဓာတ်အားပေးစက်ရုံသို့ သွားရောက်ခဲ့ပြီး ဓာတ်အားပေးစက်ရုံ ထားရှိမှုနှင့် ဓာတ်အားလိုင်းသွယ် တန်းမှုစနစ်ကို စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။



စုကလိမြို့အနေဖြင့် လျှပ်စစ်မီးရရှိလာမှုနှင့်အတူ ဒေသခံပြည်သူများ၏ လူနေမှုအဆင့်အတန်းများ တိုးတက်မြင့်မားလာကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာတော့မှာဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# အယ်နီညိုကြောင့် ဖြစ်နိုင်သည့် အခြေအနေများအသိပညာပေး

**နောင်တရား မတ် ၈**

၂၀၁၆ ခုနှစ်တွင် အယ်နီညို အကျိုးသက်ရောက်မှုကြောင့် အပူဒဏ်ခံစားရနိုင်မှု၊ သောက်သုံးရေနှင့် စိုက်ပျိုးရေရှားပါးနိုင်မှု၊ မီးလောင်မှု အန္တရာယ်များ၊ လူနှင့်တိရစ္ဆာန်များအတွက် အစားအစာရှားပါးနိုင်မှုအပါအဝင် ဆက်စပ်ပြဿနာများဖြစ်ပေါ်လာနိုင်ခြင်းကြောင့် ရပ်ကွက်၊ ကျေးရွာအုပ်စုများတွင် အပေါ် အသိပညာပေးဆွေးနွေးပွဲကို မတ် ၆ ရက် နံနက် ၉ နာရီခွဲက နောင်တရားမြို့ ရတနာရန်နိုင်စေတီ၌ ကျင်းပသည်။

ယင်းအသိပညာပေးဆွေးနွေးပွဲတွင် နောင်တရားမြို့အုပ်ချုပ်ရေးမှူး၊ နောင်တရား အ. ထ. က မှ ကျောင်းအုပ်ဆရာမကြီး၊ နောင်တရားတိုက်နယ်ဆရာဝန်နှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးတို့က အယ်နီညိုအကျိုးသက်ရောက်မှုကြောင့် ဖြစ်ပေါ်လာနိုင်သည့်အခြေအနေများ၊ အပူဒဏ်ကာကွယ်ရေး၊ အယ်နီညိုကြောင့် မီးဘေးအန္တရာယ်ဂရုပြုရန်၊ ရေကိုမဖြုန်းတီးရန် ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ထရန်စဖော်မာတပ်ဆင်ပြီး၍ ကျေးရွာ ခြောက်ရွာ မီးလင်းမည်

**ချောက် မတ် ၈**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်တွင်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းချောက်-လမ်းရွာရေနံမြေ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်လူမှုရေးတာဝန်ယူမှု (CSR) အစီအစဉ်နှင့်ကျေးရွာကိုယ့်အားကိုယ်ကိုးပူးပေါင်းဆောင်ရွက်မှုဖြင့် ကျေးရွာ ခြောက်ရွာ ထရန်စဖော်မာတပ်ဆင်ပြီး လျှပ်စစ်မီးလင်းရေးဖွင့်ပွဲကို မကျီးစောက်ကျေးရွာမှစတင်ကာ မတ် ၆ ရက် နံနက် ၈ နာရီခွဲက ဖွင့်လှစ်ပေးခဲ့သည်။

အခမ်းအနားကို ချောက်-လမ်းရွာရေနံမြေ အထွေထွေမန်နေဂျာနှင့်တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ အဆိုပါ ကျေးရွာ ခြောက်ရွာမှာ မကျီးစောက်၊ လွင်ကျယ်ထိန်ကန်၊ ကြပ်ကန်၊ လင်းကတော၊ စမ်းစု၊ ဝန်လိုကျေးရွာများဖြစ်ပြီး လျှပ်စစ်မီးရရှိမှုကြောင့် ယင်းကျေးရွာများရှိ ပြည်သူများ၏ ၄၂၈၉ ဦး၏ လူမှုဘဝများ တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းအိမွန်**

# ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ အင်္ဂလိပ်စာ စွမ်းဆောင်ရည် သင်တန်းဖွင့်



**နေပြည်တော် မတ် ၈**

မဲခေါင်ဒေသတွင်း နိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအရ အမေရိကန်သံရုံးနှင့် ပူးပေါင်းဆောင်ရွက်သည့် အင်္ဂလိပ်စာစွမ်းဆောင်ရည်သင်တန်းကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စိန်ရတုခန်းမ၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဝန်ထမ်းများအား မတ် ၃ ရက်က စတင်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

"သင်တန်းဖွင့်ပေးရတဲ့ ရည်ရွယ်ချက်ကတော့ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ကျောင်းက ဆရာ ဆရာမတွေနဲ့ ဦးစီးဌာနက ဝန်ထမ်းတွေကို အင်္ဂလိပ်စာနားလည်နိုင်မှု မြင့်မားအောင်၊ ကျောင်းမှာ သုတေသနလုပ်တဲ့အခါတွေမှာ နိုင်ငံခြားသားတွေနဲ့ ပေါင်းပြီး လုပ်ရတာတွေရှိတယ်။ အဲဒီအခါမှာ အင်္ဂလိပ်စာတင်ပြနိုင်တဲ့ စွမ်းရည်မြင့်မားအောင် နိုင်ငံခြားသားတွေနဲ့ ပြောဆိုရာမှာ အဆင်ပြေအောင် ဖွင့်လှစ်ပေးခြင်းဖြစ်ပါတယ်။ သင်တန်းဆရာမက အမေရိကန်နိုင်ငံမှ ကိုယ်စားလှယ် Ms.Marie Snider က လာရောက်သင်ကြားပေးတာပါ" ဟု ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမျိုးကြွယ်က ပြောသည်။

အဆိုပါ သင်တန်းသို့ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ဆရာ ဆရာမများ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှဝန်ထမ်းများ သင်တန်းသား စုစုပေါင်း ၂၈ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇူလိုင်မိုး**

# လူကုန်ကူးမှု ပပျောက်ရေး အသိပညာပေးဟောပြော

**ကျွန်းလှ မတ် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ လူကုန်ကူးမှုပပျောက်ရေး ပညာပေးဟောပြောပွဲကို မတ် ၇ ရက် မွန်းတည့် ၁၂ နာရီက မြို့နယ်စုပေါင်းရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသောင်းဟိန်းက အမှာစကားပြောကြားသည်။

ထို့နောက်တိုင်းဒေသကြီး အမှတ် (၁၄) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စုမှူး ရဲမှူးခင်မောင်ကြွယ်က လူကုန်ကူးခံရမှုနှင့်ပတ်သက်၍ ပညာပေးဟောပြောပြီး ပရိုဂျက်တာဖြင့် ရှင်းလင်းရာ တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို တာဝန်ရှိသူတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြကြောင်း သိရသည်။ **မျိုးဝင်းညို (ကျွန်းလှ)**

# ကောလင်းမြို့နယ်၌ သောက်သုံးရေလုံလောက်စွာရရှိရေး ကြိုတင်ဆောင်ရွက်

**ကောလင်း မတ် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်တွင် သောက်သုံးရေနှင့် စိုက်ပျိုးရေရှားပါးမှုအခက်အခဲများ ကြုံတွေ့လာနိုင်သော အယ်နီညိုရာသီတွင် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအတွင်း ရေရရှိရေးအတွက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့် မြို့နယ်ရေပေးဝေရေးကော်မတီတို့ပူးပေါင်း၍ ဇန်နဝါရီ ၇ ရက်မှ ၃၁ ရက်အတွင်း KBS Co.,Ltd. ကုမ္ပဏီက ငွေကျပ် ၄၃ ဒသမ ၅၇၅ သန်းဖြင့် မြောက်အင်းနယ်မြေ မီးရထားရေကန်တွင် အလျား ပေ ၆၀၀၊ အနံ ပေ ၂၂၀ ရေကန်ကြီးကိုမဆောင်ရွက်မီ ရေကန်များတူးဖော်ပြီး ရေဂါလန် ၇၆ သိန်း သိုလှောင်ထားနိုင်ပြီဖြစ်သည်။

အဆိုပါမီးရထားရေကန်ကြီးတူးဖော်နိုင်မှုကြောင့် နွေရာသီရေအခက်အခဲကို ကျော်လွှားနိုင်ပြီး အယ်နီညိုဒဏ်ကြောင့်ဖြစ်လာမည့် သောက်သုံးရေရှားပါးမှုအတွက် ကြိုတင်ကာကွယ်ထားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုကိုညိမ်း(ကောလင်း)**

# ညောင်ရွှေမြို့နယ် စာရေးဆရာအသင်း အမှုဆောင်ရွေးချယ်

**ညောင်ရွှေ မတ် ၈**

ရှမ်းပြည်နယ် တောင်ပိုင်း ညောင်ရွှေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးရုံးခန်းမ၌ မတ် ၆ က မြို့နယ်စာရေးဆရာအသင်း မျက်နှာစုံညီအစည်းအဝေးနှင့် ဒုတိယအကြိမ်ညီလာခံကိုယ်စားလှယ်အမှုဆောင်များ ရွေးချယ်တင်မြှောက်ပွဲကျင်းပရာ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌအဖြစ် ဦးခင်မောင်မြ (ညောင်ရွှေ-ခင်မောင်မြ)၊ အတွင်းရေးမှူး ဦးဉာဏ်ဝင်း (ညောင်ရွှေ-ဉာဏ်ဝင်း)နှင့် ဘဏ္ဍာရေးမှူး ဦးထွန်းစံ (နန္ဒနောင်-အင်းလေး) တို့အား ရွေးချယ်တင်မြှောက်ကြပြီး ဒုတိယအကြိမ် ညီလာခံကိုယ်စားလှယ်အဖြစ် အသင်းဥက္ကဋ္ဌ ဦးခင်မောင်မြ (ညောင်ရွှေ-ခင်မောင်မြ)အား ရွေးချယ်တင်မြှောက်ကြောင်း သိရသည်။

(၀၅၄)

# အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်း ကမာရွတ်မြို့နယ်၌ဖွင့်

**ရန်ကုန် မတ် ၈**

ဓမ္မစာပေသင်တန်းကျောင်း ဓမ္မဗျူဟာ သာသနမာမကအဖွဲ့မှ ကြီးမှူးဖွင့်လှစ်သော အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းကို မတ် ၆ ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အမှတ်(၄)ရပ်ကွက် ဟံသာရိပ်မွန်အိမ်ရာရှိ ဥပထမ္ဘကဓမ္မာရုံ၌ ဖွင့်လှစ်သင်ကြားသည်။

သင်တန်း၌ ဆရာမကြီး ဒေါ်ခင်လှတင့်ဦးစီးသော ဓမ္မဗျူဟာ သာသနမာမကအဖွဲ့မှ သင်တန်းနည်းပြ ဆရာမ ငါးဦးက သင်ကြားပို့ချ၍ သင်တန်းသား သင်တန်းသူ ၂၀၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ မတ် ၆ ရက်မှ ၁၅ ရက် အထိဖြစ်ကြောင်း သိရသည်။

**ခင်အောင်လှိုင်**

# သနပ်ပင် မြို့မဈေးကြီး မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြ

**သနပ်ပင် မတ် ၈**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်မှုသရုပ်ပြလေ့ကျင့်ခြင်းများကို မတ် ၆ ရက်က စည်ပင်သာယာမြို့မဈေးကြီးတွင် ဒုတိယအကြိမ် ကျင်းပခဲ့သည်။ အဆိုပါသရုပ်ပြပွဲတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယမီးသတ်ဦးစီးမှူး ဦးဇော်လွင်ဦးနှင့်သန္ဓေမီးသတ် တပ်ဖွဲ့ဝင်များ၊ မြို့နယ်အရန်မီးသတ်တပ်ခွဲမှူးနှင့် တပ်ဖွဲ့ဝင်များသည် မီးသတ်ကား သုံးစီးဖြင့် မီးငြိမ်းသတ်မှု သရုပ်ပြခြင်း၊ ဈေးတာဝန်ခံဦးဆောင်သော ဈေးသူ ဈေးသားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ လက်တွေ့မီးငြိမ်းသတ်မှုများ ဆောင်ရွက်ကြသည်။

ထို့နောက် ဈေးအတွင်းဆိုင်များ၊ လျှပ်စစ်မီးသုံးစွဲမှုနှင့် အန္တရာယ်ရှိနိုင်မှုအခြေအနေ၊ မီးသတ်ဆေးဘူးများထားရှိမှု၊ မီးသတ်ကားဝင်နိုင်မှုနှင့် မီးငြိမ်းသတ်ရေးအတွက် ဈေးဧရိယာနှင့် အဆောက်အအုံဆောက်လုပ်ထားမှု မြေအနေအထားတို့ကို စစ်ဆေးခဲ့ကြပြီး မီးကို စနစ်တကျသုံးစွဲရန်နှင့် မီးဘေးကြိုတင်ကာကွယ်ရေးများ ပြုလုပ်ထားရန် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**တင်အောင်ဆန်း(သနပ်ပင်)**





*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ “မန္တလေးမျဉ်းဖြောင့်များ”အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ “မန္တလေးမျဉ်းဖြောင့်များ”ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစုကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါ ကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ “မန္တလေးမျဉ်းဖြောင့်များ” အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay 'အမည်ဖြင့် ဆရာရေချမ်း(မန္တလေး) က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ဆက်လက်ရေးသားခဲ့သော ဆောင်းပါးများကို မန္တလေးမျဉ်းဖြောင့်များ ဒုတိယတွဲအဖြစ် “ ၄၅ တာ၊ ၁၄ခန်း ဇရပ်နှင့် ၇ သံချီညချမ်း” အမည်နှင့် ရတနာပုံစာအုပ်တိုက်က ၂၀၀၂ခုနှစ်တွင် ဆက်လက်ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော “မန္တလေးမျဉ်းဖြောင့်များ”ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေဆင်ခြင်ရမည်နည်း၊ သင်္ခါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော “ ၄၅ တာ၊ ၁၄ ခန်းဇရပ်နှင့် ၇ သံချီညချမ်း” ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# အရွှေ့ကျုံးလမ်း ဇွန်ပန်းတွေနဲ့ဝေ

**ဆူးငှက်**



၁၉၈၈ ခုနှစ် နောက်ပိုင်းမှာတော့ လဟာပြင်ဇာတ်ရုံကြီးသည် အေလမ်းသို့ ပြောင်းရွှေ့သွား၏။ အေလမ်းမှာ စတိတ်ရှိုး သုံးလေးပွဲလောက်ကလွဲပြီး ဘာမျှ အသုံးမပြုခဲ့။

တကယ်တော့ မန္တလေးတွင် မြန်မာရှင်ဘုရင်အုပ်စိုးစဉ်ကတည်းက “ဇာတ်ရုံတော်ကြီး” တခမ်းတနား ရှိခဲ့ဖူးပါသည်။ သီပေါဘုရင်လက်ထက် ဇာတ်ရုံတော်ကြီးအကြောင်းကို ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီးတွင် ဖော်ပြထားပုံမှာ စိတ်ဝင်စားဖွယ် ကောင်းလှပါသည်။

“ထိုနှစ် (၁၂၄၆) တပို့တွဲလ သမီးတော်မြတ်ရတနာ နားထွင်းမင်္ဂလာချီးမြှင့်တော်မူမည်ကို အစပြု၍ ပွဲသဘင်ခံတော်မူသည်မှာ အရှေ့ ဇာတ်ရုံတော်ကြီးတွင် ကောင်းကင်ခရီးပျံခြင်းသွားခြင်း၊ စက်ယန္တရားအလုပ်အဆောင် အဖွယ်အရာမြေမှပေါ်ခြင်း၊ ထွက်ခြင်း၊ ငုပ်ခြင်း၊ လျှိုးခြင်း၊ ဥမင်လမ်း အလုပ်အဆောင် အဖွယ်အရာ ဇာတ်ရုံတော်ကြီးအလယ်ဆန်းကြယ်သော ရေကန်ဝယ် ရိုးရွက်စိမ်းရှင်စွာ အဖူးချပ်ရုံ ပွင့်ငုံနှင့်တကွသော ရွှေပဒုမ္မာကြာပင်သည် ရေအောက်မှ တရွေ့ရွေ့ပေါ်ထွက်၍ ရေပြင်ထက်သို့ ရောက်ကာလ အထပ်တစ်ရာ ပွင့်ချပ်လွှာတို့သည် နေအရုဏ်သင့်၍ ပွင့်လတ်သောအခါ ယင်းသည် ကြာငုံအတွင်းမှပါသော လျှပ်စစ်နွယ်ကဲ့သို့ အဆင်တန်ဆာရောင် ကိုယ်ရောင်တို့ဖြင့် ယှက်သန်းသော ဒေဝစ္ဆရာ ကညာဥပတ်၊ သန္တေနတ်သည် လှည့်ပတ် ဟန်လှ၊ ဦးညွတ်ခပြီးလျှင် ကျူးကခြင်းပြုစေသော စက်ယန္တရား အလုပ်အဆောင် အဖွယ်အရာ မကိုဋ်သရဖူ ဇာတ်ရုပ်ဇာတ်ခေါင်း အမျိုးမျိုးကိုလည်း စိန်ရောင်၊ မြရောင် ဖန်မှန်ထွတ်မျိုးတို့နှင့် စီခြယ်လျက် စနစ်ကျကျ လှပကောင်းမွန်အောင် အသစ်လုပ်ဆောင်၍ ဆင်စေခြင်း၊ ဇာတ်ဝတ်အဆင်တန်ဆာများမှာလည်း နတ်သား နတ်သမီးတို့၏ အဝတ်အဆင်ကို ပြက်ရယ်ပြုဘိ၏သို့ ကြယ်ပြားကြယ်ခုံး၊ ရွှဲလုံး၊ ပိန္နဲဆူး၊ ဘူးနွယ်၊ သရက်ကင်း၊ ပုစဉ်းကြီး၊ ပုစဉ်းငယ်စသော ရွှေသားငွေလျက် ပြိုးပြိုးပြက်ပြက်တောက်ပသော ကိရိယာတို့ဖြင့် အာကာပေါင်မကန်းကွက် ဆင်စွယ် ဝန်းရှက် ငါးကြင်းကြေး၊ ခြူးသေး၊ သဇင်ခွေစသော အသွင်သဏ္ဌာန်အမျိုးမျိုးတို့ဖြင့် ဆန်းကြယ်စွာ အသစ်ချုပ်လုပ်ပေးအပ်ဝတ်ဆင်စေခြင်း၊ အဖွယ်အရာမှစ၍ ခမ်းနားကြီးကျယ်တင့်တယ်လှပစွာ အဖွယ်အရာစုံတို့ဖြင့် ခင်ကျင်းစေအပ်သော ရာမဇာတ်တော်ကြီး။ ။ အနောက်ဇာတ်ရုံတော်မှာလည်း အရှေ့ဇာတ်ရုံတော်ကြီးကဲ့သို့ ခမ်းနားကြီးကျယ်တင့်တယ်လှပစွာ အဖွယ်အရာစုံတို့ဖြင့် ခင်းကျင်းလျက် အနုအယဉ်တုယှဉ်ဖွယ်မရ ခမ်းနားလှသော ကြွန္တာရုံဘွဲ့ခံသော အီနောင်ဇာတ်တော်ကြီးများကို . . . ”စသည်ဖြင့် ရေးသားထားပါသည်။ ထို့ကြောင့် ထိုအချိန်က မန္တလေးတွင် ဇာတ်ရုံတော်ကြီး နှစ်ရုံရှိခဲ့လေ၏။ မြန်မာမင်းတို့သည် ဘုန်းကြီးကျောင်းကဲ့သို့သော သာသနိက အဆောက်အအုံကြီးများအားတင့်တယ်စွာ ဆောက်လုပ်လှူဒါန်းသကဲ့သို့ ဇာတ်ရုံတော်ကြီးများလည်း ခမ်းနားစွာ ဆောက်လုပ်ခဲ့သည်ဟု မှတ်သားရပါသည်။

ထိုခေတ်ထိုအခါက ပြည်သူအများစုမှာ လက်လုပ်လက်စားများဘဝဖြင့် ရိုးကုပ်စွာ ခြိုးခြံနေထိုင်ကြပြီး မှူးမတ်ဝန်ကြီးအဆင့်မှသာ အုတ်တိုက်ခံအဆောင် ခိုနန်းချိုးအိမ်များဖြင့် နေထိုင်ကြသည်။ ထိုသို့သော လူနေမှုစံတွင် ဇာတ်ရုံတော်ကြီးများ၏ အဆင့်အတန်းမှာ လူနေမှုအဆင့်အတန်းထက် ပိုလွန်သာကဲစွာ ဆောက်လုပ်ထားသည်မှာ သေချာပါသည်။

ထို့ကြောင့် ယနေ့မျက်မှောက်ခေတ်ကာလတွင်မူ အများစုလူနေမှုအဆင့်အတန်းနှင့် ချိန်စက်၍ ဖျော်ဖြေမှုနေရာဌာနများ၏ အဆင့်အတန်းသည် မည်သည့် အဆင့်အတန်းရှိသင့်သည်ကို ချိန်ဆကြည့်နိုင်ပါ၏။ ထို့ကြောင့် သာမန်လူတန်းစားသည် ရောင်းရေးဝယ်တာ ကောင်းမွန်နေပါက လက်မှတ်တစ်စောင် ၂၀ဝိ/ တန် အဆင့်မြင့်ရုပ်ရှင်ရုံမှာ ရုပ်ရှင်ကြည့်ဖို့ဝန်မလေးကြတော့။ သာမန်ရုပ်ရှင်ရုံများမှာ ကြမ်းပိုးကိုက်၊ ခြေထောက်ပေါ်ကြွက်ဖြတ်ပြေးဖြင့် ခွေးတလုံးလုံးကြည့်ရမည့် အပန်းဖြေမှုမျိုးကို ဘယ်သူမျှ မလိုချင်တော့ ။ ပိုက်ဆံမရှိလျှင် အိမ်မှာပဲအိပ်နေကြတော့မည်။

အဆင့်မြင့်မား၍ နောက်ဆုံးပေါ်ခေတ်မီလျှပ်စစ်မီး၊ ဆက်တင်အခမ်းအနား၊ နေရာထိုင်ခင်းနှင့် အမျိုးသားဇာတ်ရုံကြီးများတွင် အဆင့်မီကဇာတ်မျိုး၊ နှစ်ပါးသွားမျိုး၊ ပြဇာတ်မျိုးများဖြင့် မျိုးဆက်သစ်ကို နည်းနည်းချင်း မိတ်ဆက်ပေးကာ နေရာတိုးယူကြည့်စေချင်ပါသည်။

အခုတော့ မန္တလေးပန်တျာကျောင်းဝင်းထဲက အမျိုးသားကဇာတ်ရုံကြီးမှာ မောင်ယဉ်အောင်၏ “ရွှေးခေတ်ပုဂံပြည်” ကဇာတ်ကြီးဖြင့် ခမ်းနားစွာ တင်ဆက်နိုင်ရန် စီစဉ်နေပါပြီ။ လူအား၊ ဆက်တင်အားတွေ သုံးထားသည်ဆို၏။ ဆရာဇော်ဂျီ၏ နာမည်ကျော် “ရွှေးခေတ် ပုဂံပြည်” ကဗျာကြီးအား သရုပ်ဖော်ထားသော ကဇာတ်ကြီးကို မန္တလေးအမျိုးသားဇာတ်ရုံမှာ အနည်းဆုံး တစ်ပတ်တော့ ကပြသင့်သည်။ သို့မဟုတ် ထို့ထက် ရက်ပိုကနိုင်ပါက အတိုင်းထက်အလွန်ပေါ့။ “ရွှေးခေတ် ပုဂံပြည်” ပြီးလျှင် နောက်ထပ် အစီအစဉ်သစ်များ ဆက်တိုက်ဝင်ကာ အမျှင်မပြတ်စေဘဲ ကပြနေနိုင်လျှင် ပိုကောင်းပါသည်။ မန္တလေးမှာက ပညာရှင်တွေအများကြီးရှိတာပဲ။

ကျွန်တော်တို့သည် အရှေ့ကျုံးလမ်းပေါ်မှာပဲ သုခုမပညာအကြောင်းတွေ ပြောဆိုမဆုံးမီမှာပင် မန္တလေးပန်တျာနှင့် အထက်မြန်မာပြည် ယဉ်ကျေးမှုကဇာတ်ဌာနခွဲတို့ တင်ဆက်မှုနှင့် တရုတ်ပြည် ကျိုလင်ပြည်နယ် ရိုးရာယဉ်ကျေးမှုအဖွဲ့တို့ ပူးပေါင်းဖျော်ဖြေပွဲကို ကြည့်ရှုခွင့်ရလိုက်ပါသည်။

ပဉ္စရူပ ပတ်မထမ်းရုပ်နှင့် မှန်စီရွှေချ မြန်မာဆိုင်းဝိုင်းမှ ပဏာမတီးလုံးသံကြားရတော့ နှစ် ၂၀ ခန့်က ပွဲခင်းရနံ့လေး သင်းပျံ့လာသည်။ ငယ်လွမ်းဝေဒနာက နိုးထလာသည်။ ကျွန်တော်တို့သည် ပွဲခင်းထဲမှာ ကြံပန်းခိုင်သည်ကို ရောင်ရမ်းရှာဖွေနေမိသည်။ မင်းသားခတ်ပုံပါသော ယပ်တောင်များ လာရောင်းမှာလား မျှော်နေမိ၏။ ပွဲစဖို့မီးတွေ မှောင်ချချိန်မှ လက်နှိပ်ဓာတ်မီး တဝင်းဝင်းနှင့် ကော်ဇောတွေ၊ ခေါင်းအုံးတွေ၊ ငါးဆင့်ကြွေချိုင့်ကြီးတွေ မနိုင်မနင်းဆွဲကာရောက်လာမည့် ရွှေဆိုင်တန်းသူတွေ၊ နဂါးဒေါ်ဦးအဖွဲ့သူတွေကို သတိရနေသည်။ ဇွန်ပန်းရနံ့လေးက သင်းပျံ့လာသလို . . . ။ ကပ်လျက်ဖျာမှ ပွဲကုန်းသူလေးတွေ ခေါင်းမှာ ဝေနေအောင်ပန်လာသည့် ဇွန်ပန်းတွေဆိုကလား . . . ။

အနံ့ပါပဲ။ ဇွန်ပန်းရနံ့မဟုတ်။ အခုဟာက တရုတ်တန်း၊ ဇာတ်ရုံထဲမှ မဟုတ်ဘဲ။ ခွေးမစို့ဘဲ အေးလာလို့ရင်ဘတ်ကြယ်သီးတွေ စေ့လိုက်ရသည်။ ပဏာမသည့်ခံတီးလုံးအပြီး အပျိုတော်ယိမ်းထွက်၏။ မြူးကြွ သွက်လက်သော တီးကွက်ဒိုးချက်မှာ ရွှင်မြူးသော အပျိုတော်အကကြောင့် ရင်တွေ တလှပ်လှပ် ခုန်လာသည်။ ပွဲဦးအပျိုတော်အကကိုကြည့်ရင်း နတ်ကတော်နှင့် အပျိုတော်အက ရောထွေးနေသည်ဟု ခံစားရသည်။

တကယ်တော့ ပွဲဦးနတ်ကတော်ထွက်ရသည်။ နတ်ကတော်ကပွဲစ။ ဆိုင်ရာနတ်တို့ ပူဇော်ပြီး နတ်ကတော်အက ကပြကာ နောက်ပိုင်းအပျိုတော်ကကြိုးကို တစ်ဆက်တည်းကရသည်။ နတ်ကတော်အကနှင့် အပျိုတော်အကတခြားစီ။ နတ်ကတော်နှင့်အပျိုတော်မှာ ဝတ်စားပုံအဆင်အပြင် ခြားနားသည်။ နတ်ကတော်မှာက ပဝါရင်စည်းနှင့် နဖူးစည်းရှာပန်းနီပါရမည်။ အပျိုတော်မှာ ထိုသို့မပါ။

ရှေးကပွဲဦးအစတွင် နတ်သံ၏ပထမပိုင်း၌ သိကြားမင်းကို ဦးစွာအလေးအမြတ်ပြု ပင့်ဆောင်၍တိုင်တည်ရသည်။ စင်တိုင်သည်ဟုခေါ်ကြောင်း မှတ်သားရ၏။ ရှေးဇာတ်ပွဲ၌ အပျိုတော်များသည် ကန်တော့ပွဲကို ချီရာ၌ ပထမတစ်ကြိမ် အထက်သို့မော့၍ မြို့နယ်ပိုင်ဆိုင်သောမင်း၊ ဒုတိယအကြိမ်၌ မျက်နှာနှင့်တစ်ပြေးတည်းပင့်၍ ခေါင်းကိုင့်ကာ ဆိုင်းအဖွဲ့သား၊ တတိယအကြိမ် ပရိသတ်ကိုမျှော်၍ လေးစားသမှုပြုရသည်။ ပွဲသဘင်၏ အောင်မြင်မှု၊ ပျက်ပြားမှုသည် ထိုပုဂ္ဂိုလ်အစုသုံးစုပေါ်တည်ခြင်းကြောင့် အလေးအမြတ်ပြုခြင်းဖြစ်သည်ဆို၏။

အခုတော့ အပျိုတော်သည် “မင်္ဂလာရယ်မှ မဏ္ဍိုင်လေ” အစချီကာ ဆိုင်းအဖွဲ့မှ “အောင်ပါစေ” ဟူသော တေးသံကိုပင် မတိုင်ကြတော့ဘဲ “အတူလေးရယ်မှ ယှဉ်ကာပြိုင် ယှဉ်ကာပြိုင်” က စတင်ကာပင် ကပြကြတော့သည်။ ထို့နောက် မင်းကျော်စွာနတ်ချင်းကို ဆက်လက်သီဆိုကြတော့၏။

**“သန်းခေါင်ကိုနေ့မှတ်ပါလို့**
**အရပ်ကလေးကိုတဲ့ အားမနာ၊ အားမနာ**
**အိမ်နီးချင်းကိုတဲ့ အားမနာ၊ အားမနာ**
**မသောက်ရရင် သီလစောင့်တယ်**
**ကိုး…ကျောင်းဒကာ”**
**“သောက်တော်ဘူးရယ်နဲ့**
**အိုမကွာ…အိုမကွာ**
**မင်းကျော်စွာတဲ့ မကျော်လား**
**ဝေးရာကရှား…။**
**လောင်းစရာ ငွေမရှားပါလို့**
**ကစားစရာငွေမရှားပါဘု**
**ကြက်ကျားကိုတဲ့ တိုက်မယ့်ပြင်**
**မြင်စိုင်းကျော်ရှင်။**
**ချစ်လို့ရယ်တဲ့ရှင် ယဉ်ရှာရှော့လား**
**ကြိုက်လို့ရယ်တဲ့ရှင် ယဉ်ရှာရှော့လား**
**ကိုကြီးကျော်ရေ…(ဗျို့, ဗျို့, ဗျို့)**
**မောင်ကြီးကျော်ရေ…(ဗျာ, ဗျာ, ဗျာ)**
**သည်ဇမ္ဗူမှာ ပြိုင်ဘက်ရှား**
**မိုးကျနတ်သား…**
**မြောင်းတူးကိုလျှောက်ပါလို့**
**အနောက်ကလေးရွှေဂူနီ ပေးပြန်ခဲ့ပြီ။**
**ညနေညနေဆီမှာလေ ဂူနီကျော့စံကွန်း**
**ကိုကြီးကျော် ပလီလွန်းတယ်**
**ဆေးစိုက်တဲ့ ဆေးရှိုက်တဲ့ကျွန်း….”**

ဟူ၍ သီဆိုကခုန်ကြသည်။

တကယ်တော့ အပျိုတော်အကသည် စည်းချက်သွက်သွက်တွင် အသွက်က၊ အမြူးက ဖြစ်၏။ ဒီအကကို ကျိုလင်ကပွဲလာကြည့်သော ပေါက်ဖော်ကောင်လေး၊ ကောင်မလေးတွေပင် ခံစားအကြိုက်တွေ့နေကြသည်။

ထို့နောက် ယိမ်းအမျိုးမျိုး၊ တစ်ကိုယ်တော် စောင်းလက်စွမ်းပြ၊ ဦးရွှေရိုးဒေါ်မိုးအက။

ထို့နောက် ရာမဇာတ်တော်လာ သမင်လိုက်ခန်း။

ကျွန်တော်တို့သည် မြန်မာအကနှင့် တရုတ်ကျိုလင်ရိုးရာ အကတို့ကို ယှဉ်တွဲကြည့်ရင်း မြန်မာအက၏ ဇာစ်မြစ်အဆင့်အတန်းမြင့်ပုံ၊ သီးခြားကိုယ်ပိုင်ဟန်ရှိပုံ၊ ဇာတ်ပို့ဂီတ၏ အသံ၊ တေးသွားတီးကွက် စုံလင်ပုံတို့ကို သတိပြုမိကြသည်။ သို့သော် တီထွင်မှု အားနည်းခြင်း၊ ဆန်းသစ်မှု မရှိခြင်းနှင့် အားထုတ်မှုလျော့ပါးခြင်းတို့ကို ဘဝင်မကျဖြစ်နေမိသည်။ သမားစဉ်ကိုလည်း အလေးမထားပုံ ပေါ်နေ၏။ ဒီထက် အများကြီးလုပ်နိုင်သည်။ လုပ်ဖို့လိုသည်။ တရုတ်ရိုးရာအကမှာ အခြေခံနည်းနည်းလေးနှင့် အကောင်းဆုံးလုပ်ပြနိုင်သည်။ ဒီမှာက အခြေခံတွေ အများကြီး၊ ဝမ်းစာတွေ အများကြီးရှိကြပါလျက် မေ့လျော့နေကြပုံ(သို့မဟုတ်) ပစ်ပယ်ထားကြပုံ ပေါ်နေသည်။ လွန်ခဲ့သည့်နှစ်(၂၀)ခန့်က ကြည့်ရသည့် ယဉ်ကျေးမှုကဇာတ်အကများ၊ အစီအစဉ်များလို အရသာမရှိတော့။ ဖွယ်တယ်တယ်။

သိသာလွန်းနေသည်က ကပြသူအများစုသည် ကြံ့ခိုင်မှု အားနည်းကာ သက်လုံ မကောင်းကြ။ မင်းသားများသည် အနည်းငယ် ခုန်ပျံကျော်လွှားကပြပြီးနောက် ဒူးတွေ ယိုင်နွဲ့နေကြသည်။ ကျိုလင်မင်းသားများက လေထဲမှာ ဇာတ်ခုံမြင်ကွင်းတစ်လျှောက် ကျွမ်းအပတ်ပေါင်းများစွာ ခုန်သွားကြသော်လည်း စိုးစဉ်းမျှဟန်မပျက်။ ဒဿဂီရိဘီလူးသည် ဘီလူးခေါင်းချွတ်ပြီး ဇာတ်ပေါင်းကြစဉ် မောဟိုက်နေသည်။ ကျိုလင်မင်းသမီးက ဗုံကိုမကာ ခြေဖျားထောက် ခေါင်းမော့ပြီး တစ်မိနစ်ကျော် ကိုယ်လုံးကိုမွှတ်နေအောင် လှည့်ပြီးနောက် အပြုံးမပျက်။ ရာမခေါင်းဆောင်းက သေးနေသည်။ ရာမအစိမ်း၊ ဒဿဂီရိအစိမ်း၊ ဟေဝန်စုံမြိုင် ဆက်တင်က အစိမ်း၊ အစိမ်းတွေ ရောနေသည့် မြင်ကွင်း. . . . မကွဲပြား။ အပျိုတော်ယိမ်း ဦးဆောင်မင်းသမီးနှင့် မယ်သီတာကတော့ ပီပြင်ကျွမ်းကျင်ပါ၏။

ကျွန်တော်တို့သည် အရှေ့ကျုံးလမ်းပေါ်မှာ မြန်မာဇာတ်သဘင်ကို မစို့မပို့ မြည်းစမ်းခဲ့ရသော်လည်း ခံတွင်းမတွေ့လှသေး။ ကျွန်တော်တို့ ခံတွင်းပျက်နေတာလည်း ဖြစ်နိုင်ပါသည်။

ပွဲအပြီး ည ၁၀ နာရီသာသာမှာတော့ အရှေ့ကျုံးလမ်းပေါ် ကားတွေ ဆိုင်ကယ်တွေ တန်းစီပြည့်သွားပါ၏။

ကနဦး အစီအစဉ် “ရွှေးခေတ်ပုဂံပြည်” ကဇာတ်ကြီး ကပြလျှင် ညစဉ်ညတိုင်း အရှေ့ကျုံးလမ်းပေါ် ပွဲကြည့်ပရိသတ်များ၏ ကားတွေ ဆိုင်ကယ်တွေ ပြည့်လျှံနေစေချင်ပါသည်။ သို့မှသာ. . . . ။

***(၄၅ တာ၊ ၁၄ ခန်းဇရပ်နှင့် ၇ သံချီညချမ်း အခန်းဆက် ဆောင်းပါးကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်။)***

# HIV အန္တရာယ်မကျရောက်ဖို့ အိမ်ရှင်မများလည်း သွေးစစ်စို့

HIV ကူးစက်ခံရခြင်းသည် အဓိကထိခိုက်မှုရှိသော ဦးတည်အုပ်စုများကြားတွင် မြင့်မားလျက်ရှိရာမှ ထင်မှတ်မထားသော အုပ်စုတစ်ခုတွင်လည်း ကူးစက်မှုမြင့်တက်လာကြောင်း သိရသည်။ အဆိုပါအုပ်စုမှာ အိမ်ရှင်မများဖြစ်သည်။

တစ်လင်တစ်မယားစနစ်ကို ကျင့်သုံးသော အိမ်ရှင်မများတွင် မထင်မှတ်ထားသော အခြေအနေဖြစ်သည့် HIV ကူးစက်ခံရမှုအရေအတွက် တိုးလာခြင်းကို တွေ့ရှိလာရခြင်းမှာ အိမ်ထောင်ဘက် အမျိုးသားများထံမှ ကူးစက်ခံရခြင်းဖြစ်ပြီး အမျိုးသား သေဆုံးသည့်အချိန်(သို့မဟုတ်) ကိုယ်ဝန်ဆောင်သည့်အချိန်တွင် အိမ်ရှင်မများကိုယ်တိုင် သွေးစစ်ကြည့်ရာမှ ရောဂါကူးစက်ခံနေရခြင်းကို သိရှိလာခြင်းဖြစ်သည်ဟု မာရီစတုပ်မြန်မာ၏ မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူး ဒေါက်တာစစ်နိုင်က ပြောသည်။ သို့ဖြစ်၍ အိမ်ရှင်မများ သွေးစစ်သင့်ကြောင်းကိုလည်း ဒေါက်တာစစ်နိုင်က တိုက်တွန်းသည်။ ၂၀၁၄ ခုနှစ် စာရင်းများအရ HIV ကူးစက်ခံရသူများ၏ ၀ ဒသမ ၇ ရာခိုင်နှုန်းသည် မိခင်မှကလေးသို့ ကူးစက်ခဲ့သည်ဟု သိရသည်။ HIV ကူးစက်ခံထားရပြီး ART ကုသမှုခံယူနေရသည့် အမျိုးသမီး လိင်လုပ်သားတစ်ဦးက "ကျွန်မတို့နဲ့ အတူနေခဲ့တဲ့သူတွေရဲ့ မိသားစုတွေ၊ ချစ်သူတွေ ကူးစက်ခံရပြီး တချို့ဆို ဆင့်ပွားကူးဆက်ခံနေရလောက်ပြီ။ ကျွန်မတို့ကလည်း ဒီအလုပ်ကို စိတ်ဝင်စားလို့လုပ်နေတာ မဟုတ်ပါဘူး။ စီးပွားရေးအခြေအနေကြောင့်နဲ့ အပေါင်းအသင်းမှားပေါင်း မိတာကြောင့်သာ ဒီနေရာကို ရောက်လာတာပါ။ ကျွန်မတို့က ဒီအလုပ်ကို လုပ်တော့ လိင်ဆက်ဆံဖက်တွေကို ကွန်ဒုံးအသုံးပြုဖို့ တိုက်တွန်းခဲ့ပါတယ်။ ဒါပေမယ့် တချို့လူတွေက လက်မခံကြဘူး"ဟု ပြောသည်။

HIV သည် ကိုယ်ခန္ဓာရှိ ခုခံအားကို ကျဆင်းစေနိုင်ကာ အခြားရောဂါများ အလွယ်တကူဝင်ရောက်နိုင်ပြီး AIDS နောက်ဆက်တွဲရောဂါများကြောင့် သေဆုံးစေနိုင်သည်။ HIV ကူးစက်ခံရပါက အမြစ်ပြတ်အောင် မကုသနိုင်သော်လည်း ဆေးပေါင်းစပ်သောက်သုံးသည့် ART ကုထုံးဖြင့် ကုသမှုခံယူပြီး နေ့စဉ်ဆေးသောက်သုံးခြင်းဖြင့် HIV ကို ထိန်းချုပ်နိုင်ကာ အခြားသူများကဲ့သို့ သက်တမ်းရှည် နေနိုင်မည်ဖြစ်သည်။

**HIV ကူးစက်ခံထားရပြီး ART ကုသမှုခံယူနေရသည့် အမျိုးသမီး လိင်လုပ်သားတစ်ဦးက "ကျွန်မတို့နဲ့ အတူနေခဲ့တဲ့သူတွေရဲ့ မိသားစုတွေ၊ ချစ်သူတွေ တချို့ဆို ဆင့်ပွားကူးဆက်ခံနေရလောက်ပြီ"ဟု...**

HIVသည် မူးယစ်ဆေးထိုးသွင်းသူများ၊ အမျိုးသမီး အမျိုးသား လိင်လုပ်သားများ၊ အမျိုးသားချင်း လိင်ဆက်ဆံသူများ၌ ကူးစက်မှုအများဆုံးဖြစ်ပြီး ၂၀၁၄ နှစ်ကုန်အထိ ကမ္ဘာပေါ်တွင် HIV ရှိသူ ၃၆ ဒသမ ၉ သန်းခန့်ရှိပြီး HIVအသစ်ကူးစက်ခံရသူ နှစ်သန်းနှင့် AIDS နှင့် နောက်ဆက်တွဲရောဂါများဖြင့် သေဆုံးသူ ၁ ဒသမ ၂ သန်းခန့် ရှိသည်။ အာရှနှင့် ပစိဖိတ်ဒေသများတွင်မှု HIV ပိုးရှိသူ ၅ သန်း ရှိနေပြီး ၂၀၁၅ ခုနှစ်အတွင်း အသစ်ကူးစက်ခံရသူ ၃၄၀၀၀၀ ရှိကာ ကလေးငယ်များတွင် ကူးစက်ခံရမှုမှာ ၂၁၀၀၀ ရှိပြီး AIDS ဖြင့် သေဆုံးသူ ၂၄၀၀၀၀ ရှိသည်။

မြန်မာနိုင်ငံတွင်မူ HIV ရှိသူ ခန့်မှန်းဦးရေမှာ ၂၁၆၀၀၀ ဖြစ်ကာ အသစ်ကူးစက်ခံရသူမှာ ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်တွင် ၁၁၀၀၀ ရှိပြီး AIDS နှင့် နောက်ဆက်တွဲရောဂါများဖြင့် သေဆုံးသူ ၁၀၀၀၀ ရှိကြောင်းနှင့် တစ်ကမ္ဘာလုံးတွင် ၂၀၁၅ ဇွန်လထိ ART ဆေးသောက်သုံးသူ ၁၅ ဒသမ ၈ သန်းရှိကြောင်း မှတ်တမ်းများအရ သိရသည်။

မြန်မာနိုင်ငံတွင် ခုခံအားကျဆင်းမှုကူးစက်ရောဂါ (AIDS) တိုက်ဖျက်ရေး အပါအဝင် ထောင်စုနှစ်ရည်မှန်းချက်များကို ပြည့်မီအောင် ဆောင်ရွက်နိုင်ရန်နှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များအား ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၅ စက်တင်ဘာတွင် ပြုလုပ်ခဲ့ပြီး မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၉၂ နိုင်ငံတက်ရောက်ခဲ့သော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ အထွေထွေညီလာခံတွင် တင်ပြခဲ့ရာ ၂၀၁၅ ခုနှစ် စက်တင်ဘာလကုန်ထိ HIV ကူးစက်ခံရသူ ၁၀၁၀၀၀ ကျော်အား ART ကုထုံးဖြင့် ကုသနိုင်ခဲ့ပြီး ၂၀၁၀ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် သုံးဆကျော်အထိ တိုးမြှင့်ကုသပေးနိုင်ခဲ့ကြောင်း၊ အဆိုပါ လူနာများ၏ ၅၀ ရာခိုင်နှုန်းသည် ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ ART ဆေးကုသဌာနများတွင် ဆေးကုသမှုခံယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ကျန်းမာရေးဝန်ကြီးဌာနနှင့် မိတ်ဖက်အဖွဲ့အစည်းများ၊ ပြည်သူများ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် HIVဆိုင်ရာ အဓိကရည်မှန်းချက်များဖြစ်သော အသစ်ကူးစက်မှုမရှိစေရေး၊ ကူးစက် ခံထားရသူများကို ခွဲခြားနှိမ့်ချမှု ကင်းစင်ရေး၊ လိုအပ်သော ဆေးကုသမှုနှင့် ပြုစုကုသစောင့်ရှောက်မှုများ လက်လှမ်းမီရရှိကာ သေဆုံးမှုများ လျှော့ချရေး စသော ရည်မှန်းချက်များပြည့်မီပြီး HIVကူးစက်မှုကင်းဝေးသည့် လူ့အဖွဲ့အစည်း တစ်ရပ် ပေါ်ထွက်လာစေရန်လည်း မျှော်မှန်းထားသည်။ တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် ၂၀၃၀ တွင် AIDS ရောဂါဖြစ်ပွားမှု အဆုံးသတ်ရန်လည်း ရည်ရွယ်ထားကြောင်း သိရသည်။ **ကျော်ထူး(မန္တလေး)**

## မိုးညိုဓာတ်အားခွဲရုံသစ်မှ ကျေးရွာ ၈၅ ရွာသို့ ဓာတ်အားဖြန့်ဖြူးပေးမည်

**မိုးညို မတ် ၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် လျှပ်စစ်ရုံးဝင်းအတွင်း၌ တည်ဆောက်ခဲ့သော ဓာတ်အားခွဲရုံသစ် ပြီးစီးပြီဖြစ်သဖြင့် မိုးညိုမြို့နယ်အတွင်းရှိ ကျေးရွာ ၈၅ ရွာသို့ ဓာတ်အားဖြန့်ဖြူးပေးနိုင်တော့မည် ဖြစ်ကြောင်း သိရသည်။

၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ မိုးညိုဓာတ်အားခွဲရုံကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလက စတင်တည်ဆောက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ပြီး ၂၃၀ ကေဗွီ မင်းလှ ပင်မဓာတ်အားခွဲရုံမှ ၃၃ ကေဗွီလိုင်း မိုင်၂၀ဖြင့် ပို့လွှတ်သည့်ဓာတ်အားကို မိုးညို ၃၃ ကေဗွီဓာတ်အားခွဲရုံမှ မတ် ၅ ရက်က စတင်လက်ခံခဲ့သည်။

အဆိုပါ ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ မိုးညိုဓာတ်အားခွဲရုံမှ မိုးညိုမြို့နယ်အတွင်းရှိ ကျေးရွာ ၈၅ ရွာသို့ ဓာတ်အားဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း နှင့် မိုးညိုဓာတ်အားခွဲရုံသည် သာယာဝတီခရိုင်၌ တစ်နှစ်အတွင်း ခုနစ်ရုံမြောက် ဖွင့်လှစ်သည့် ဓာတ်အားခွဲ ရုံဖြစ်ကြောင်း သိရသည်။

**(၀၆၂)**

## ကျေးရွာလျှပ်စစ်မီးလင်းရေးလုပ်ငန်း ဖွင့်ပွဲကျင်းပ

**ဘားအံ မတ် ၈**

ကရင်ပြည်နယ် ဘားအံမြို့နယ် လှာကဒေါင်ကျေးရွာအုပ်စု လှိုင်ဝါးကျေးရွာတွင် လျှပ်စစ်မီးလင်းရေးအတွက် ဆောင်ရွက်ခဲ့သော ၁၁ ကေဗွီ ဓာတ်အားလိုင်း တစ်မိုင် သွယ်တန်းခြင်း၊ ၁၆၀ ကေဗွီအေ ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းနှင့် ၄၀၀ ဗို့ဓာတ်အားလိုင်းနှစ်မိုင် သွယ်တန်းခြင်းလုပ်ငန်းများ ပြီးစီးသဖြင့် ဖွင့်ပွဲကို မတ် ၆ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် နိုင်းကြာကျောင်းဆရာတော် အရှင်စန္ဒောဘာသ၊ ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစောကြည်လင်းနှင့် ကျေးရွာမီးလင်းရေးကော်မတီအတွင်းရေးမှူးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။ လှိုင်ဝါးကျေးရွာ လျှပ်စစ်မီးလင်းရေးအတွက် ငွေကျပ် ၁၉၅ သိန်းတန်ဖိုးရှိ ၁၁ ကေဗွီ ဓာတ်အားလိုင်း တစ်မိုင်၊ ငွေကျပ် သိန်း ၁၅၀ တန်ဖိုးရှိ ၁၆၀ ကေဗွီအေ ဓာတ်အားခွဲရုံနှင့် ငွေကျပ် သိန်း ၄၄၀ တန်ဖိုးရှိ ၄၀၀ ဗို့ ဓာတ်အားလိုင်း နှစ်မိုင် စုစုပေါင်း တန်ဖိုး ၇၈၅ သိန်း အကုန်အကျခံဆောင်ရွက်ခဲ့ကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့က ငွေကျပ်သိန်း ၃၀၀ မတည်ပြီး ဒေသခံပြည်သူလူထုထည့်ဝင်ငွေများဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ဘားအံ)**

## ငါးသိုင်းချောင်းမြို့၌ မီးဘေးကာကွယ်ရေးအတွက် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြလေ့ကျင့်

**ငါးသိုင်းချောင်း မတ် ၈**

ပုသိမ်ခရိုင် ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့ရှိ မြို့နယ်ဆည်မြောင်းဦးစီးဌာနရုံးဝင်းအတွင်း၌ မီးဘေးကာကွယ်ရေးအတွက် မီးငြိမ်းသတ်ခြင်းဆိုင်ရာ နည်းစနစ်များ ရှင်းလင်းဟောပြောပြသခြင်းနှင့် မီးငြိမ်းသတ်မှုလက်တွေ့ လေ့ကျင့်ခြင်းများကို မြို့နယ်မီးသတ်ဦးစီးဌာနနှင့် ဆည်မြောင်းဦးစီးဌာနတို့ ပူးပေါင်း၍ မတ် ၅ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးစိုးနိုင်က စနစ်တကျမီးငြိမ်းသတ်နည်းများကို ရှင်းလင်းဟောပြောပြီး အသုံးပြုပုံများကို လက်တွေ့ပြသသည်။ ဆက်လက်၍ မြို့နယ်ဆည်မြောင်းဦးစီးအရာရှိ ဦးဝင်းမော်နှင့် ဝန်ထမ်းများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက လက်တွေ့မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်ခြင်းများ ပြုလုပ်ခဲ့ကာ ရုံးအဆောက်အအုံအတွင်းအပြင်တွင် မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများ ထားရှိမှုများကိုလည်း စစ်ဆေးခဲ့ကြောင်း သိရသည်။ **စိုးမင်းဦး(ပြန်/ဆက်)**

## မန်းရွှေစက်တော်ရာ ဘုရားဖူးပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိ

**မင်းဘူး မတ် ၈**

မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ရာ ဘုရားပွဲတော်ကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ တည်ခိုနေထိုင်စားသောက်ရာတွင် ကျန်းမာရေးနှင့်ညီညွတ်စွာ နေထိုင်စားသောက်နိုင်ရန်အတွက် စားသောက်ဆိုင်များအား နေ့စဉ် စစ်ဆေးကြပ်မတ်မှုများကို မင်းဘူးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဘုရားပွဲတော်ကျင်းပရာ ပရိဝုဏ်အတွင်း ခင်းကျင်းရောင်းချလျက်ရှိသည့် စားသောက်ဆိုင်များတွင် အစားအသောက်များ သန့်ရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်စေရန်၊ အမှိုက်စွန့်ပစ်ရာတွင် စနစ်တကျ စွန့်ပစ်ရန်နှင့် သန့်စင်ခန်းများ သန့်ရှင်းမှုရှိမရှိတို့ကို မင်းဘူးမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဦးအောင်သူ ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများက ပွဲတော်ကျင်းပရာ ဝင်းအတွင်း အပိုင်းလိုက် နေ့စဉ် စစ်ဆေးကြပ်မတ် ဆောင်ရွက်ပေးလျက်ရှိပြီး လိုအပ်သည်များကို ဆိုင်ရှင်များအား သတိပေးလမ်းညွှန်မှာကြားလျက်ရှိကြောင်း သိရသည်။ **တင်ထွန်းဦး(မင်းဘူး)**

## ပဲခူးရိုးမ တောင်ပေါ်ကျေးရွာများ၌ ရေလိုအပ်မှုကို ရရှိအောင်ဆောင်ရွက်မည်

**ရေတာရှည် မတ် ၈**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ပဲခူးရိုးမတောင်ပေါ်ကျေးရွာတစ်ရွာဖြစ်သည့် သနပ်ခုံကြီးကျေးရွာ၌ သောက်သုံးရေပြတ်လပ်နေသဖြင့် လိုအပ်သောသောက်သုံးရေများ အမြန်ဆုံးရရှိအောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

သနပ်ခုံကြီးကျေးရွာ၌ လက်နှိပ်တွင်း ၁၁ တွင်း၊ တွင်းကျယ် ၁၂ တွင်းရှိသော်လည်း လက်ရှိအချိန်တွင် အပူချိန်ကြောင့် ရေများခန်းခြောက်သွားခဲ့သည့်အတွက် ချောင်းအတွင်းမှ လက်ယက်တွင်းများကိုသာ အားထားသုံးစွဲနေကြရကြောင်း သိရသည်။ ကျေးရွာအတွက် လိုအပ်သည့်သောက်သုံးရေရရှိနိုင်ရေးအတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အမြန်ဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဦးစီးမှူး ဦးရန်နိုင်ညွန့်က ပြောကြားသည်။

အပူချိန်မြင့်တက်လာခြင်းကြောင့် ပဲခူးရိုးမ တောင်ပေါ်ကျေးရွာများ၌ သောက်သုံးရေ ရှားပါးပြတ်လပ်မှုမရှိစေရေးအတွက် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကျေးလက်ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မိတ်ဖက်အဖွဲ့အစည်းများပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**



## ဝက်လက်မြို့နယ်၌ အယ်နီညိုရာသီဥတု အကျိုးသက်ရောက်မှုနှင့် ကျန်းမာရေးဆိုင်ရာများ ဆွေးနွေး

**ဝက်လက် မတ် ၈**

ယခုနှစ်အတွင်း ကြုံတွေ့နိုင်သည့် အယ်နီညိုရာသီဥတုနှင့်ပတ်သက်သည့် အကျိုးသက်ရောက်မှုများနှင့် ကျန်းမာရေးလုပ်ငန်းဆိုင်ရာများ ဆွေးနွေးပွဲကို ဝက်လက်မြို့နယ် ပြည်သူ့ဆေးရုံ၌ မတ် ၅ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် ဝက်လက်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးလွင်က အယ်နီညိုရိုက်ခတ်မှုကြောင့် နွေရာသီကာလတွင် အပူချိန်မြင့်မားခြင်း၊ မုတ်သုံလေဝင်ရောက်မှု နောက်ကျခြင်း၊ မုတ်သုံလေအား မမှန်ခြင်းများကြောင့် စိုက်ပျိုးရေးအတွက် အခက်အခဲများရှိနိုင်ပြီး သောက်သုံးရေရရှိမှုလည်း ခက်ခဲလာနိုင်ကြောင်း၊ သဘာဝဘေးအန္တရာယ်များလည်း ကြုံတွေ့ရနိုင်ကြောင်း၊ အပူချိန်မြင့်မားမှုနှင့် ရာသီဥတုဖောက်ပြန်မှုကြောင့် အပူဒဏ်အန္တရာယ်အပြင် ကူးစက်ရောဂါများ၊ နာတာရှည်ရောဂါများနှင့် အခြားကျန်းမာရေးပြဿနာများလည်း ဆက်စပ်ဖြစ်ပွားတတ်ကြောင်း ဆွေးနွေးပြောကြားသည်။

နောက်ဆက်တွဲအနေဖြင့် အပူချိန်မြင့်မားမှုကြောင့် ခြင်ပေါက်ပွားမှု ပိုမိုမြန်ဆန်များပြားလာနိုင်ပြီး ခြင်မှတစ်ဆင့်ကူးစက်တတ်သော ရောဂါများဖြစ်သည့် ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ စသည့်ရောဂါများလည်း ပိုမိုဖြစ်ပွားလာနိုင်ခြင်းကြောင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိလိုက်နာနိုင်ရန်အတွက် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် မြို့နယ်အတွင်း ကျေးရွာများအရောက် ကွင်းဆင်း၍ ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးက ဆွေးနွေးခဲ့သည်။

**နန်းမြင့်(ဝက်လက်)**

# မြဝတီမြို့၌ အခမ်းအနားများကျင်းပရာတွင် အဆင်ပြေစေရန်အတွက် မြစ်နှီပန်းခြံဝင်းအတွင်း စင်မြင့်တစ်ခုစတင်တည်ဆောက်

**မြဝတီ မတ် ၈**

ကရင်ပြည်နယ် မြဝတီမြို့၌ အခမ်းအနားများ ကျင်းပရန်ရှိပါက ပုံသေကျင်းပနိုင်မည့် နေရာအဖြစ် မြစ်နှီပန်းခြံဝင်းအတွင်း၌ စင်မြင့်ကြီးတစ်ခုကို စတင်တည်ဆောက်လျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

အဆိုပါ စင်မြင့်ကို မတ် ၁ ရက်က စတင်တည်ဆောက်နေခြင်းဖြစ်ပြီး ရှေ့မျက်နှာစာအကျယ် ပေ ၅၀၊ အနံ ၃၂ ပေ၊ စင်အမြင့် ၆ ပေနှင့် နောက်ခံဘက်ဂရောင်းအမြင့် ၁၂ ပေ ရှိမည်ဖြစ်ကြောင်း သိရသည်။ မြဝတီမြို့တွင် လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့ စသည့် နိုင်ငံတော်အခမ်းအနားများ ကျင်းပရာ၌ စင်မြင့်တည်ဆောက်ပြီး ပြန်လည်သိမ်းဆည်းရသဖြင့် တာဝန်တစ်ခုဖြစ်နေသောကြောင့် ပြန်လည်သိမ်းဆည်းရန်မလိုသည့် ပုံသေစင်တစ်ခုကို လိုအပ်ချက်အရ မြဝတီခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် ညှိနှိုင်း၍ တည်ဆောက်ခြင်းဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



စင်မြင့်တည်ဆောက်ပြီးစီးသွားပါက မြဝတီမြို့တွင် ကျင်းပမည့် နိုင်ငံတော်အဆင့်အခမ်းအနားများ၊ ဖျော်ဖြေပွဲများစသည့် အခမ်းအနားများကို စင်မြင့်ပေါ်တွင် ကျင်းပနိုင်မည်ဖြစ်ပြီး အခမ်းအနားကျင်းပပြီးလျှင်လည်း ပြန်လည်ဖျက်သိမ်းစရာမလိုတော့သဖြင့် အခမ်းအနားများ ဆက်တိုက်ကျင်းပနိုင်မည်ဖြစ်ကြောင်း သိရသည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**

# ပြည်နယ်အဆင့် ဆုရဝတ်ရွတ်အသင်းအား ဂုဏ်ပြုပွဲနှင့် စာအောင်သံဃာပူဇော်ပွဲ မြဝတီမြို့၌ ကျင်းပ

**မြဝတီ မတ် ၈**

ကရင်ပြည်နယ် မြဝတီမြို့ ရွှေမြင်းဝန်စေတီတော်မြတ်ကြီး သာသနာ့ဟိတကာရီဗိမာန်တော်၌ စာအောင်သံဃာပူဇော်ပွဲနှင့် ပြည်နယ်အဆင့် ဝတ်ရွတ်ပြိုင်ပွဲတွင် ဆုရဝတ်ရွတ်အသင်းအား ချီးကျူးဂုဏ်ပြုပွဲကို မတ် ၆ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦး၊ ခရိုင်သာသနနုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးစောအေးမြိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်နှင့် တာဝန်ရှိသူများ၊ ခရိုင်အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဘာသာရေးအသင်းအဖွဲ့များက ၂၀၁၅ ခုနှစ် အစိုးရပထမပြန်စာမေးပွဲတွင် ပထမကြီးတန်းကို အောင်မြင်ခဲ့သည့် ဝိဝေကာရာမကျောင်းတိုက်မှ မွန်အရှင်ကောသိရအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့သည်။ ဆက်လက်၍ ကရင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော မဟာသမယသုတ် ရွတ်ဖတ်ပူဇော်ပြိုင်ပွဲတွင် အသင်းလိုက်ဒုတိယဆုရရှိခဲ့သည့်အသင်းနှင့် တစ်ဦးချင်းဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# နွေကျောင်းပိတ်ရက်တွင် ကျေးရွာစာကြည့်တိုက်သို့ ကျောင်းသားများ လာရောက်စာဖတ်မှုပိုများလာ



**တပ်ကုန်း မတ် ၈**

နေပြည်တော် တပ်ကုန်းမြို့နယ် မကျီးကုန်းကျေးရွာအုပ်စု မကျီးကုန်းကျေးရွာ၌ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ကို ဖေဖော်ဝါရီလကုန်ပိုင်းက ဖွင့်လှစ်ထားပြီးနောက် ကျောင်းသား ကျောင်းသူများအနေဖြင့် နွေကျောင်းပိတ်ရက်အားလပ်ချိန်တွင် စာပေဖတ်ရှုမှု များလာကြောင်း သိရသည်။

"ကျွန်မတို့ရွာက ကလေးတွေ အရင်ကဆိုရင် နွေရာသီကျောင်းပိတ်ရက်တွေမှာ လေးခွတစ်လက်နဲ့ ရွာရိုးကိုးပေါက် လျှောက်လည်ကြပါတယ်။ အခု စာကြည့်တိုက်ရှိတဲ့အတွက် စာကြည့်တိုက်မှာ စာဖတ်ပြီး အချိန်ဖြုန်းနေကြပါတယ်။ ဒီလိုအချိန်ဖြုန်းတဲ့အတွက် ကလေးတွေအဖို့လည်း ဗဟုသုတရရှိသလို မိဘတွေအတွက်လည်း စိတ်အေးရပါတယ်"ဟု မကျီးကုန်းကျေးရွာမှ အမျိုးသမီးတစ်ဦးက ပြောသည်။

မကျီးကုန်းကျေးရွာ အလင်းရောင်စာကြည့်တိုက်ကို မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းက ထောက်ပံ့ငွေ ကျပ် ၁၀ သိန်းနှင့် ကျေးရွာပြည်သူလူထုထည့်ဝင်ငွေ ကျပ် ၂၂ သိန်းကျော်ဖြင့် တည်ဆောက်ထားပြီး ဖေဖော်ဝါရီ ၂၂ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**

# လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ပညာပေးဟောပြောပွဲများ ပြုလုပ်

**ယင်းမာပင် မတ် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် လျှပ်စစ်အန္တရာယ်နှင့် လျှပ်စစ်သုံးစွဲမှုများမှ မီးလောင်ကျွမ်းခြင်းများ မဖြစ်စေရန် ပညာပေးဟောပြောပွဲများကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်စိုးထွန်းနှင့် ဝန်ထမ်းများက ရပ်ကွက်နှင့် ကျေးရွာများသို့ ကွင်းဆင်း၍ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ယင်းမာပင်မြို့နယ် မြို့ပေါ်ကျေးရွာနှင့် မြို့သစ်ကျေးရွာများတွင် ဟောပြောပွဲများကို မတ် ၆ ရက်က ပြုလုပ်ခဲ့ပြီး ဟောပြောပွဲများတွင် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာက လျှပ်စစ်အသုံးပြုရာတွင် သတိပြုရန်အချက်များ၊ ဓာတ်လိုက်ခံရသူအား ရှေးဦးသူနာပြုစုနည်းနှင့် မိသားစု လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးစသည့် အကြောင်းအရာများကို အသေးစိတ်ရှင်းလင်းဟောပြောခဲ့ကာ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ထုတ်ဝေသော လျှပ်စစ်အသိနှင့် လျှပ်စစ်အန္တရာယ်သတိပြုရန် ပညာပေးလက်ကမ်းစာစောင်များကို ဒေသခံပြည်သူများအား ဖြန့်ဝေပေးခဲ့သည်။

"လျှပ်စစ်အသုံးပြုရာမှာ အန္တရာယ်မဖြစ်စေရေးအတွက် ကျွန်တော်နဲ့ ဝန်ထမ်းများက လက်တွေ့နယ်မြေကွင်းဆင်း အသိပညာပေးဆောင်ရွက်ခြင်းဖြစ်ပါတယ်။ မြို့ပေါ်ကျေးရွာမှာ ၁၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံးကို ပြီးခဲ့တဲ့နှစ်က တပ်ဆင်ပေးပြီး အိမ်သုံးမီတာ ၈၈ လုံး အသုံးပြုလျက်ရှိပါတယ်။ မြို့သစ်ကျေးရွာကတော့ ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံးနဲ့ အိမ်သုံးမီတာ ၆၁ လုံး အသုံးပြုလျက်ရှိပါတယ်"ဟု မြို့နယ်လျှပ်စစ်အင်ဂျင်နီယာက ပြောသည်။

ယင်းမာပင်မြို့နယ်ရှိ ရပ်ကွက်(၄)ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၄၂ အုပ်စု၊ ကျေးရွာပေါင်း ၁၆၅ ရွာမှ လျှပ်စစ်မီးရရှိအသုံးပြုနေသည့် ရပ်ကွက်နှင့် ကျေးရွာပေါင်း ၅၄ ခုတွင် လျှပ်စစ်အန္တရာယ်ကင်းဝေးရေး ပညာပေးဟောပြောပွဲများကို ကွင်းဆင်းပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**

# ရေတာရှည်မြို့နယ်မှ တောင်သူများအား ထွန်စက်စွမ်းရည်ပြသ



**ရေတာရှည် မတ် ၈**

လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ကူးပြောင်းဆောင်ရွက်ရာတွင် ရေတာရှည်မြို့နယ်အတွင်းရှိ ကျေးရွာများမှ တောင်သူများအနေဖြင့် စက်ပစ္စည်းကိရိယာများနှင့် ရင်းနှီးကျွမ်းဝင်စေရန်အတွက် ထွန်စက်စွမ်းရည်ပြပွဲကို ရေတာရှည်မြို့နယ် ဆွာမြို့၌ မတ် ၇ ရက်က ပြုလုပ်ခဲ့သည်။

Yangon Tractor Co.Ltd မှ Farmtral ထွန်စက်များ၏ စွမ်းရည်ကို ပြသခဲ့ခြင်းဖြစ်ပြီး မြင်းကောင်ရေ အင်ဂျင်ပါဝါ ၈၀၊ ၇၅၊ ၆၅ ရှိ ထွန်စက်များကို မောင်းနှင်ပြသခဲ့ရာ ဆွာစက်ရုံကျေးရွာအုပ်စုနှင့် ဆွာမင်းလမ်း ကျေးရွာအုပ်စုများမှ တောင်သူ ၁၅၀ ကျော် လာရောက်လေ့လာခဲ့ကြသည်။ အဆိုပါ ထွန်စက်များကို ဘဏ်များနှင့်လည်းကောင်း၊ သမဝါယမဦးစီးဌာနများနှင့် လည်းကောင်း ပူးပေါင်း၍ ပထမအရစ် ၂၀ ရာခိုင်နှုန်းပေးသွင်းကာ ခြောက်လတစ်ကြိမ် အရစ်ကျငွေသွင်းရမည့်စနစ်ဖြင့် တောင်သူများ ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ကနီမြို့နယ်မှ ရေဝါချောင်းကူးတံတား မကြာမီဖွင့်လှစ်မည်

**ကနီ မတ် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ် ချောင်းမ-ကနီလမ်းပေါ် မိုင်တိုင်အမှတ်( ၂၈/၀)နှင့် (၂၈/၂)ကြားရှိ ရေဝါချောင်းကူးတံတား တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးနေပြီဖြစ်၍ မတ် ၁၃ ရက်တွင် ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း တံတားအထူးအဖွဲ့(၂)မှ သိရသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၁) တံတားအထူးအဖွဲ့(၂)(မုံရွာ)မှ တာဝန်ရှိသူတစ်ဦးက "ရေဝါချောင်းက ကနီမြို့အဝင်မှာရှိပြီး အရင်ကဆိုရင် မိုးရွာလို့ ချောင်းရေတွေလာရင် လူတွေ၊ မော်တော်ယာဉ်တွေ ဘာမှဖြတ်သန်းလို့မရဘူး။ ချောင်းရေတွေကျအောင် စောင့်ဆိုင်းပြီးမှ တစ်ဖက်ကမ်းကို ကူးရတယ်။ ကျန်းမာရေးနဲ့ပတ်သက်တဲ့ အရေးပေါ် အခြေအနေတွေမှာလည်း ခဲရာခဲဆစ် ရေအကျစောင့်ပြီး ဖြတ်ကူးရတယ်။ ဒါကြောင့် ဒီကဒေသခံတွေ ရာသီမရွေး အခက်အခဲမရှိ ဖြတ်သန်းသွားလာနိုင်အောင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့လမ်းညွှန်မှုနဲ့ ရေဝါချောင်းကူးတံတားကြီးကို တည်ဆောက်ခဲ့တာဖြစ်ပါတယ်။ အခု တံတားတည်ဆောက်ရေးလုပ်ငန်းတွေ ပြီးစီးပြီဖြစ်လို့ မတ် ၁၃ ရက်မှာ စတင်ဖွင့်လှစ်မှာဖြစ်ပါတယ်။ ဒီတံတားကြီးကနေ မုံရွာ-ကနီ-မင်းကင်း-တောင်တွင်းချောင် ဒေသတွေအထိ ရာသီမရွေး ကူးလူးဆက်သွယ်သွားလာနိုင်တော့မှာဖြစ်ပါတယ်"ဟု ပြောသည်။

ရေဝါချောင်းကူးတံတားကို ၂၀၁၅ ခုနှစ် ဇူလိုင် ၁ ရက်က စတင်တည်ဆောက်ခဲ့ပြီး တံတားအမျိုးအစားမှာ အုတ်မြစ် Bored Pile စနစ်ဖြစ်ပြီး ကိုယ်ထည်မှာ သံကူကွန်ကရစ်ကမ်းကပ်ခုံ၊ သံကူကွန်ကရစ်ရေလယ်တိုင်နှင့် အပေါ်ထည် ဘေလီ Steel Decking ကြမ်းခင်းအမျိုးအစား ဖြစ်သည်။ တံတားသည် အကျယ် ၁၄ ပေ၊ ၃ လက်မ၊ အရှည် ပေ ၁၄၄၀ ဖြစ်ကာ တံတားခံနိုင်ဝန်မှာ ၁၃ တန်ဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**



# ဖလားရယူရေး လမ်းကြောင်းပေါ် ပြန်ရောက်ဖို့ မျှော်လင့်နေတဲ့ မန်စီးတီး



မန်စီးတီးအသင်းအနေနဲ့ အက်စ်တွန်ဗီလာအသင်းကို အနိုင်ရပြီးနောက် ပရီမီယာလိဂ်ဖလားရယူရေးလမ်းကြောင်းပေါ် ပြန်ရောက်လိမ့်မယ်လို့ ယုံကြည်ထားတယ်လို့ အသင်းခေါင်းဆောင် ကွန်ပနီက ဆိုပါတယ်။ မန်စီးတီးက အက်စ်တွန်ဗီလာကို လေးဂိုးပြတ်နဲ့ အနိုင်ရခဲ့တဲ့ စနေနေ့ပွဲအပြီး တတိယနေရာမှ အာဆင်နယ်နဲ့ နှစ်မှတ်အကွာမှာ ရောက်ရှိနေတာပါ။ သို့ပေမယ့် ဗုဒ္ဓဟူးနေ့က လီဗာပူးနဲ့ပွဲမှာတော့ မန်စီးတီးအသင်းဟာ ဆိုးရွားတဲ့ရလဒ်နဲ့ကြုံခဲ့ရပြီး တတိယအကြိမ် ဆက်တိုက်အရှုံးနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ မန်စီးတီးအသင်းဟာ လက်ကျန်ပွဲတွေမှာ ကိုးပွဲဆက်တိုက်အနိုင်ရမှ ဖလားမျှော်လင့်ချက်ရှိလိမ့်လို့ နည်းပြပယ်လီဂရီနီကတော့ ဆိုပါတယ်။ ကက်ပီတယ်ဝမ်းဖလားနဲ့ ချန်ပီယံလိဂ်မှာ အောင်ပွဲခံနေတဲ့ မန်စီးတီးရဲ့ ပုံမှန်ခြေစွမ်း ပြန်ရဖို့ ကြိုးစားနေတယ်လို့ ကွန်ပနီက ဆိုပါတယ်။

ကောင်းမြတ်သူ - စုစည်းသည်။

## အကောင်းဆုံးဆုနဲ့ ထိုက်တန်တယ်ဆိုတဲ့ လက်စတာ

လက်စတာအသင်းအနေနဲ့ ဒီနှစ်ပရီမီယာလိဂ်မှာ ဖလားဆွတ်ခူးနိုင်ခဲ့မယ်ဆိုရင် ဒီနှစ်အတွက် အကောင်းဆုံးအသင်းဖြစ်လာလိမ့်မယ်ဆိုပါတယ်။ လက်စတာအသင်းဟာ ဝက်ဖို့ဒ်အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရထားပြီးနောက် အမှတ်ပေးဇယားမှာ ငါးမှတ်အသာနဲ့ ရပ်တည်လျက်ရှိပါတယ်။ လက်စတာအသင်းဟာ ဒီနှစ်အတွက် အကောင်းဆုံးအသင်းဆုနဲ့ ထိုက်တန်တဲ့အသင်းလို့ နည်းပြ ရာနီရေရီက ဆိုပါတယ်။ လက်စတာအသင်းဟာ ယခုနှစ် ပရီမီယာလိဂ်ဖလား ဆွတ်ခူးနိုင်ခဲ့တယ်ဆိုရင် ရစ်ချက်မာဂရက်နဲ့ ဂျိမ်းဘာဒီတို့ဟာလည်း အကောင်းဆုံးကစားသမားဆုတွေကို ခွဲဝေယူကြလိမ့်မယ်လို့ ၄င်းက ဆိုပါတယ်။ အယ်လ်ဂျီးရီးယားတောင်ပံကစားသမား မာဂရက်နဲ့ ဂျိမ်းဘာဒီတို့ဟာ ဒီနှစ်လက်စတာအသင်း ထူးထူးခြားခြားအောင်မြင်မှုတွေရအောင် ဆက်တိုက်ဂိုးတွေသွင်းယူပေးခဲ့ကြတဲ့သူတွေဖြစ်ပါတယ်။ လက်စတာအသင်းဟာ လာမယ့် မတ် ၁၄ ရက်မှာ နယူးကာဆယ်အသင်းကို လက်ခံကစားဖို့ ရှိနေပါတယ်။ ဒီပွဲမှာလည်း လက်စတာတို့ ဆက်လက်အောင်ပွဲခံခဲ့ပါတယ်။

## ချယ်လ်ဆီးရဲ့ ပစ်မှတ်ဖြစ်လာဖို့ရှိနေတဲ့ ကာဗာနီ

အန်တိုနီယိုကွန်တေး ချယ်လ်ဆီးအသင်း နည်းပြဖြစ်လာခဲ့မယ်ဆိုရင်တော့ အက်ဒီဆင်ကာဗာနီဟာ ချယ်လ်ဆီးရဲ့ ပစ်မှတ်ဖြစ်လာဖွယ်ရှိနေပါတယ်။ ကာဗာနီဟာ ဒီနှစ်ရာသီမှာ ပီအက်စ်ဂျီကနေထွက်ခွာဖို့ မျှော်လင့်ပါတယ်။ ဒါပေမယ့် ဂျူဗင်တပ်စ်ကွင်းလယ်လူ ပေါလ်ပေါ့ဂ်ဘာကလည်း ရာသီအကုန်မှာ စတမ်းဖို့ဒ်ဘရစ်ကို ရောက်လာဖို့ရှိနေတဲ့ ကစားသမားတွေထဲက ရေပန်းစားနေသူပါ။ ကွန်တေးကတော့ ပီအက်စ်ဂျီတိုက်စစ်မှူး ကာဗာနီကိုခေါ်ယူဖို့ ယုံကြည်နေတာပါ။ ချယ်လ်ဆီးနဲ့ ချန်ပီယံလိဂ် ၁၆ သင်း ပထမအကျော့မှာ အရန်ကနေဝင်ကစားပြီး ပီဂျီအက်စ်ဂျီကို နောက်ကျဂိုးနဲ့ အနိုင်ရအောင် ကစားပေးနိုင်ခဲ့ပါတယ်။ ပီအက်စ်ဂျီနဲ့ လန်ဒန်ကလပ် ချယ်လ်ဆီးနဲ့ ဗုဒ္ဓဟူးနေ့မှာ ချန်ပီယံလိဂ် ၁၆ သင်း ဒုတိယအကျော့ကစားမှာဖြစ်ပါတယ်။ ချယ်လ်ဆီးနည်းပြသစ်ဖြစ်လာမယ့် ကွန်တေးက ကာဗာနီကိုခေါ်ယူဖို့ ယုံကြည်ထားသူဖြစ်ပါတယ်။




# အိမ်ကွင်းမှာ အမှတ်ပြည့်ယူမယ့် ဘာစီလိုနာရဲ့ လာလီဂါပွဲစဉ် (၂၉)

**ဥရောပပြည်တွင်းလိဂ်ပွဲစဉ်တွေကတော့ လာမယ့် စနေ၊ တနင်္ဂနွေတွေမှာ အကြိတ်အနယ်နွှဲဖို့ရှိနေပါတယ်။ ဒီတစ်ပတ် မတ် ၁၂ရက်နဲ့ ၁၃ ရက်တွေမှာ လာလီဂါပွဲစဉ် (၂၉)ကို ကစားဖို့ရှိနေပြီး တန်းစီဇယားထိပ်ဆုံးက ဘယ်အသင်းတွေ ခြေချော်ဦးမလဲ ကြည့်ရှုအားပေးရမှာဖြစ်ပါတယ်။ ထိပ်ဆုံးကဦးဆောင်နေတဲ့ ဘာစီလိုနာတို့ကတော့ အိမ်ကွင်းမှာ လက်ခံကစားရမှာဖြစ်သလို အက်သလက်တီကိုတို့ကလည်း အိမ်ကွင်းမှာ ဒီပို့တီဗိုကို ဧည့်ခံရမှာဖြစ်ပါတယ်။ လာလီဂါဖလားရရှိရေးနီးစပ်လာပြီဖြစ်တဲ့ ဘာစီလိုနာတို့ကတော့ အမှတ်ပြည့်ရယူ စုဆောင်းရင်း တန်းစီဇယားကို ဆက်လက်ဦးဆောင်နေဦးမှာ သေချာနေပြန်ပါတယ်။**



### ဘာစီလိုနာနှင့် ဂီတာဖေး

၃၅ ပွဲ ဆက်တိုက်ရှုံးပွဲမရှိမှတ်တမ်းကောင်းတွေနဲ့ စံချိန်သစ်တွေတင်နေတဲ့ ဘာစီလိုနာတို့ကတော့ ဒီပွဲမှာလည်း နိုင်ပွဲဆက်ဦးမှာ ဖြစ်ပါတယ်။ ဂီတာဖေးတို့ကတော့ ရှုံးပွဲတွေ ဆက်နေပြီး ခြေစွမ်းလည်း မတည်မငြိမ်ဖြစ်နေတာမို့ ဘာစီလိုနာဟာ အိမ်ကွင်းမှာ သက်သက်သာသာနဲ့ နိုင်ပွဲရသွားဦးမှာပါ။ ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံခဲ့မှု သုံးပွဲရလဒ်ကို ကြည့်ရင် ဘာစီလိုနာတို့ ရှုံးပွဲမရှိခဲ့ပါဘူး။ ပြီးခဲ့တဲ့နှစ်က ဘာစီလိုနာကွင်းမှာ ဂီတာဖေးကို ဂိုးဒါဇင်ဝက်တိတိ သွင်းပြီး သင်ခန်းစာပေးခဲ့တာမို့ ဒီပွဲမှာလည်း ဘာစီလိုနာ တိုက်စစ်မှူးတွေ ဂိုးဘယ်လောက်အထိ သွင်းယူနိုင်မလဲ ရေတွက်ရမှာပါ။ ပွဲတိုင်း နီးပါးဂိုးတွေ သွင်းယူနေတဲ့ ဘာစီလိုနာရဲ့ ကမ္ဘာကျော်တိုက်စစ်အတွဲက ဘယ်သူဟက်ထရစ်သွင်းမလဲဆိုတာကလည်း စောင့်ကြည့်ရင်ခုန်စရာကောင်းနေပါတယ်။ ဒီပွဲက ဘာစီလိုနာရဲ့ နိုင်ပွဲပါပဲ။

### အက်သလက်တီကိုနှင့် ဒီပို့တီဗို

အိမ်ကွင်းမှာ တိုက်စစ်စွမ်းရည်ထက်မြက်လာတဲ့ အက်သလက်တီကိုဟာ တန်းစီဇယားထိပ်ဆုံးက ဘာစီလိုနာကို ဖိအားပေးဖို့အတွက် ဒီပွဲကို အနိုင်ကစားပါလိမ့်မယ်။ အက်သလက်တီကိုကွင်းမှာ ဒီပို့တီဗိုကို လက်ခံကစားတိုင်း နိုင်ပွဲတွေချည်းရရှိခဲ့တာမို့ အခုပွဲမှာလည်း ဒီပို့တီဗိုတို့အတွက် မျှော်လင့်ချက်မရှိပါဘူး။ ဒီနှစ်သင်းရဲ့ နောက်ဆုံးသုံးပွဲရလဒ်ကိုကြည့်ရင်လည်း အက်သလက်တီကိုတို့ ရှုံးပွဲမရှိခဲ့ပါဘူး။ ရှုံးပွဲတွေဆက်နေတဲ့ ဒီပို့တီဗိုတို့လည်း အခုပွဲမှာ လက်ရှိခြေစွမ်းအရ ဂိုးမပြတ်အောင် အားထုတ်ရတာကလွဲပြီး ရလဒ်ကောင်းကို ပိုင်ဆိုင်ဖို့ဆိုတာ မလွယ်ပါဘူး။

### မာလာဂါနှင့် ဂီဂျွန်

နှစ်သင်းစလုံး ခြေစွမ်းတွေယိမ်းယိုင်နေတာမို့ ဘယ်အသင်းက စွမ်းဆောင်မှု ပိုကောင်းမလဲ ကြည့်ရမှာပါ။ တန်းဆင်းဇုန်ထဲ ရောက်ရှိနေတဲ့ ဂီဂျွန်ဟာ ဒီပွဲမှာ အဝေးကွင်းဆိုပေမယ့် အမှတ်ရအောင် အားထုတ်လာဖို့ ရှိပါတယ်။ မာလာဂါကွင်းမှာဆိုရင် ဂီဂျွန်တို့ ခက်ခဲနိုင်ပေမယ့် ကြိုးစားရင် အခြေအနေကောင်းနဲ့ ကြုံတွေ့ရနိုင်တဲ့ အနေအထားပါပဲ။ မာလာဂါဟာ အိမ်ကွင်းမှာ ဂီဂျွန်ကို လက်ခံကစားတိုင်း ဂိုးမပြတ်ပေမယ့် နိုင်ပွဲတွေရထားတဲ့ အစဉ်အလာရှိတာမို့ အခုပွဲဟာ အဲဒီမှတ်တမ်းကောင်းကို ဆက်ထိန်းဖို့ ကြိုးစားပါလိမ့်မယ်။

### ဆယ်လ်တာဗီဂိုနှင့် ဆိုစီဒက်

ယူရိုပါလိဂ်ဝင်ခွင့် တစ်နေရာအတွက် ကြိုးစားနေတဲ့ ဆယ်လ်တာဗီဂိုတို့က ဒီပွဲမှာ အမှတ်ပြည့်ရရှိနိုင်ရေး ကစားသမား အစုံအလင်နဲ့ ပွဲထွက်လာပါလိမ့်မယ်။ ဆိုစီဒက်တို့က လောလောဆယ်မှာ အဝေးကွင်းမှာလည်း ခြေစွမ်းတွေပြနေတာမို့ ဆယ်လ်တာဗီဂိုတို့ အိမ်ကွင်းဆိုပြီး ပေါ့ဆဆကစားလို့ မရနိုင်ပါဘူး။ ဒီနှစ်သင်းရဲ့ နောက်ဆုံးသုံးပွဲကစားခဲ့မှု ရလဒ်ကိုကြည့်ရင် သရေနှစ်ပွဲဖြစ်ထားပြီး ဆယ်လ်တာဗီဂိုက တစ်ပွဲနိုင်ထားပါတယ်။ အဝေးကွင်းကစားအားကောင်းနေတဲ့ ဆိုစီဒက်ကြောင့် ဒီပွဲမှာ တစ်မှတ်စီခွဲယူရကိန်း ဆိုက်သွားနိုင်ပါတယ်။

### ဗယ်လီကာနိုနှင့် အီဘာ

တန်းဆင်းဇုန်ထဲ မကျဆင်းအောင် ဗယ်လီကာနိုတို့ အကြိတ်အနယ်ရုန်းကန်ရတော့မှာ ဖြစ်ပါတယ်။ ဒီပွဲမှာ အီဘာတို့က အမာခံကစားသမားတွေနဲ့ စုဖွဲ့လာမှာဖြစ်ပြီး အဝေးကွင်းဆိုပေမယ့် အနိမ့်ဆုံးတစ်မှတ်ရအောင်ကြိုးစားပါလိမ့်မယ်။ ဗယ်လီကာနိုတို့ အမှတ်ပြည့်ရအောင် ကြိုးစားပေမယ့် အီဘာရဲ့ အသင်းလိုက်ကစားအားကောင်းမွန်မှုကို ကြာရှည်တောင့်ခံဖို့တော့ မလွယ်ပါဘူး။ အီဘာတို့ အောင်ပွဲခံသွားနိုင်ပါတယ်။

မိုးမြင့်လင်းလက်

**ရှုံးပွဲတွေဆက်နေတဲ့ ဒီပို့တီဗိုတို့လည်း အခုပွဲမှာ လက်ရှိခြေစွမ်းအရ ဂိုးမပြတ်အောင် အားထုတ်ရတာကလွဲပြီး ရလဒ်ကောင်းကို ပိုင်ဆိုင်ဖို့ဆိုတာ မလွယ်ပါဘူး။**



# ပွဲကောက်ရေတံခွန်တွင် ရေအလွန်နည်းနေ၍ နွေကာလအတွက် စိုးရိမ်ဖွယ်ဖြစ်နေ

**ပြင်ဦးလွင် မတ် ၈**

ပြင်ဦးလွင်မြို့ရှိ ပွဲကောက်ရေတံခွန်၌ ယခုမတ်လဆန်းအချိန်တွင်ပင် ရေအလွန်နည်းပါးလျက်ရှိနေရာ လာမည့် ဧပြီလနှင့် မေလတို့တွင် ပိုမိုပူပြင်းလာပြီး မိုးမရွာနိုင်ပါက ရေတံခွန်တွင် ရေမရှိတော့ဘဲ ကျောက်တုံးကြီးအဖြစ်သာ တွေ့ရှိရတော့မည်ကို ဒေသခံတို့က စိုးရိမ်ပူပန်လျက်ရှိနေကြောင်း သိရသည်။

ယခုအချိန်တွင် ပွဲကောက်ရေတံခွန်ကြီးမှာ ရာသီဥတုအလွန်ပူပြင်းလာပြီး ရေနည်းပါးလာခြင်းကြောင့်လည်းကောင်း၊ ရေတံခွန်ဖြစ်ပေါ်စေမည့် ဂဲလောင်းချောင်း စတင်စီးဆင်းရာ ကန်တော်လေးရေကန်မှ အစပြု၍ ရေတံခွန်အထိ ချောင်းအတွင်း အမှိုက်သရိုက်များ ပြည့်နေသဖြင့်လည်းကောင်း၊ ဂဲလောင်းချောင်းစီးဆင်းရာ လမ်းဘေးဝဲယာ တစ်လျှောက်တွင် နေအိမ်တို့ရှိနေခြင်းနှင့် စိုက်ခင်းအသီးသီးတို့မှ ချောင်းအတွင်းရှိ ရေကို တားဆီးပိတ်ပင်၍ စိုက်ပျိုးရေအဖြစ် အသုံးပြုနေကြခြင်းတို့ကြောင့်လည်းကောင်း ပွဲကောက်ရေတံခွန်တွင် ရေနည်းပါးလာခြင်းဖြစ်သည်။

ပြင်ဦးလွင်မြို့ ပွဲကောက်ရေတံခွန်ကို ၁၉၄၉ ခုနှစ် ဖေဖော်ဝါရီလတွင် ဗဟိုအင်ဂျင်နီယာတပ် (ယခုတပ်မတော်အင်ဂျင်နီယာကျောင်း)မှ တပ်မှူးကြီးနှင့်တကွ အရာရှိ၊ အရာခံ၊ စစ်သည်များမှ စတင်ဖော်ထုတ် ပြင်ဆင်မွမ်းမံရှင်းလင်းခဲ့ကြရာမှ လုပ်သားပြည်သူများ လာရောက်အပန်းဖြေရန် နေရာဒေသတစ်ခု ဖြစ်လာရုံမျှမက လူရည်ချွန်စခန်း၊ ကင်းထောက်စခန်းများ နှစ်စဉ်ဖွင့်လှစ်ခဲ့သည်အထိပင် သဘာဝတောတောင်ရေမြေ ရေတံခွန်အဆင့်ဆင့်ဖြင့် လှပသာယာခဲ့ရသည်။ ဗဟိုအင်ဂျင်နီယာတပ်ခေါ် Burma Engineer (B.E) တပ်မှ စတင် ဖော်ဆောင်ခဲ့သည့်အတွက်လည်း B.E Fall ဘီအီးရေတံခွန်ဟု ထင်ပေါ်ကျော်ကြားလာခဲ့သည်။

ထိုအချိန်က ပြင်ဦးလွင်ဒေသတွင် လေ့လာလည်ပတ်စရာ ကန်တော်ကြီး ရုက္ခဗေဒဥယျာဉ်နှင့် ဘီအီးရေတံခွန်ဟူ၍ နှစ်ခုတည်းသာရှိနေလေရာ လာရောက်အနားယူ အပန်းဖြေသူတို့နှင့် နေ့စဉ်စည်ကားလျက်ရှိနေသည်။ ယခုအချိန်ကဲ့သို့ မဟာအံ့ထူးကံသာ (ပြည်ချစ်)ဘုရား၊ အနီးစခန်းရှိ ဘုရားစသည့် တန်ခိုးကြီးဘုရားများနှင့် ပိတ်ချင်းမြှောင်၊ တရုတ်ဘုံကျောင်း၊ ဓာတ်တော်ချိုင့်ရေတံခွန်၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၊ ဒီးဒုတ်ရေပြာအိုင် စသည့်နေရာတို့ မပေါ်ပေါက်သေးပေ။

ယခုအခါ လမ်းပန်းဆက်သွယ်ရေးများ တိုးတက်ကောင်းမွန်ခြင်းနှင့် တစ်နှစ်တခြား ပူပြင်းလာသည့် ရာသီဥတုတို့ကြောင့် ပြင်ဦးလွင်ဒေသသို့ လာရောက်အပန်းဖြေ လည်ပတ်သူ နှစ်စဉ်များပြားလျက်ရှိကာ အခြား လည်ပတ်ရန်နေရာများ များပြားလာသော်လည်း (B.E) ရေတံခွန်ခေါ် ပွဲကောက်ရေတံခွန်သည် ပြင်ဦးလွင်သို့ ရောက်သူတိုင်း မသွားမဖြစ်နေရာအဖြစ် သွားရောက်လေ့လာလည်ပတ်ကြရသည့် နေရာတစ်ခုဖြစ်နေဆဲဖြစ်သည်။

**သက်နိုင်(ပြင်ဦးလွင်)**

# အေးငြိမ်းချမ်းသာ ဂိလာနဘိုးဘွားရိပ်သာ အခမဲ့ဆေးခန်းဖွင့်

**နေပြည်တော် မတ် ၈**

နေပြည်တော် ပျဉ်းမနားမြို့နယ်၌ လူမျိုးဘာသာမခွဲခြားဘဲ ဆင်းရဲနွမ်းပါးသူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု အကူအညီဖြစ်စေရန် ရည်ရွယ်လျက် အေးငြိမ်းချမ်းသာ ဂိလာနဘိုးဘွားရိပ်သာ အခမဲ့ဆေးခန်းကို မတ် ၇ ရက်က ဖွင့်လှစ်ခဲ့သည်။

အခမဲ့ဆေးခန်းကို စိုးလျှပ်စစ်ဖောင်ဒေးရှင်းက စီစဉ်ဖွင့်လှစ်ခြင်းဖြစ်ပြီး ဆေးခန်းတွင် အေးငြိမ်းချမ်းသာ ဂိလာနဘိုးဘွားရိပ်သာမှ ပင်တိုင်ဆရာဝန် ဒေါက်တာနေလင်း၊ ဒေါက်တာသက်ကိုအောင်နှင့် သူနာပြုများက အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူးနှင့် သောကြာနေ့တိုင်း မနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အခမဲ့ကုသပေးမည်ဖြစ်ကြောင်း သိရသည်။

ဆေးခန်းသို့ လာရောက်ပြသသော လူနာများမှ ခွဲစိတ်ကုသရန် လိုအပ်သော လူနာများကိုလည်းကောင်း၊ အထူးကုဆရာဝန်ကြီးများဖြင့် ဆက်လက်ကုသရန်လိုအပ်သော လူနာများကိုလည်းကောင်း၊ နိုင်ငံခြားသို့ သွားရောက်ကုသရန်လိုအပ်သော လူနာများကိုလည်းကောင်း လိုအပ်သလို ဆက်လက်ကုသနိုင်ရန် အခမဲ့ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းလည်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မုံရွာမြို့တွင် မျက်စိဝေဒနာရှင်များအား အခမဲ့ကုသပေး

**မုံရွာ မတ် ၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ဘုန်းစိုးဘုန်းတော်ကြီးကျောင်း၌ အလှူရှင် ဦးမင်းမင်းမြတ်မိသားစု၏ ထောက်ပံ့ကူညီမှုဖြင့် မျက်စိဝေဒနာရှင်များအား မုံရွာမြို့ပြည်သူ့ဆေးရုံကြီးမှ မျက်စိအထူးကုဆရာဝန်ကြီးနှင့်အဖွဲ့ မတ် ၆ ရက်က အခမဲ့ ကုသပေးခဲ့ကြောင်း သိရသည်။

အခမဲ့ကုသပေးသည့်အစီအစဉ် ဖြစ်မြောက်ရန်အတွက် စက္ကုဒါနကျောင်းတိုက်ဆရာတော် အရှင်ဝိလာသဦးဆောင်ကာ အလှူရှင်မိသားစု၏ ပံ့ပိုးမှုဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဆေးကုသပေးရာတွင် မုံရွာမြို့ ပြည်သူ့ဆေးရုံကြီးမှ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာအေးကိုနှင့် ဆေးဝါးကျွမ်းကျင်ပညာရှင်များ၊ ဒေသခံ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာအေးသီတာမြင့်နှင့် ကွင်းဆင်းအဖွဲ့ဝင်များက အခမဲ့ ကုသပေးကြကြောင်း သိရသည်။

"ကျွန်တော်တို့လို ငွေအင်အားမတက်နိုင်တဲ့ သူတွေအဖို့တော့ တော်တော်အဆင်ပြေပါတယ်။ ကျွန်တော်တို့က ဝေးတော့ ညအိပ်လာပြီး စာရင်းပေးစောင့်နေရတာပေ့ါ။ လက်ခံတဲ့မျက်စိဝေဒနာရှင်ပေါင်း ၅၀၀ လောက် သတ်မှတ်ထားတာဆိုပေမယ့် မျက်စိဝေဒနာရှင်ပေါင်း ၇၀၀ လောက်တော့ ရှိမယ်ထင်တယ်။ အခုမျက်စိအခမဲ့ကုသပေးတာဟာ မြို့ပေါ်ဆိုပေမယ့် ကျွန်တော်တို့လို နယ်ကလာတဲ့သူတွေအတွက်လည်း အဆင်ပြေအောင် ဆောင်ရွက်ပေးကြပါတယ်။ အခုလို အဆင်ပြေအောင် ဆောင်ရွက်ပေးတာကို ကျေးဇူးတင်ပါတယ်"ဟု လာရောက်ကုသသော မျက်စိဝေဒနာရှင်တစ်ဦးက ပြောသည်။

အလှူရှင် ဦးမင်းမင်းမြတ်ကလည်း ခန့်မှန်းထားသည့် လူဦးရေထက် မျက်စိဝေဒနာရှင်များ ပိုမိုများပြားနေသည်ကို တွေ့ရသောကြောင့် စိတ်မကောင်းဖြစ်မိသလို တစ်ဖက်မှလည်း ပိုမိုလှူဒါန်းခွင့်ရသည့်အတွက် ဝမ်းမြောက်ကြောင်း ပြောကြားသည်။

**မင်းမင်း(မုံရွာ)**



# မြန်မာနိုင်ငံ မျက်မမြင်အသင်း မွန်ပြည်နယ်ရုံးခွဲ ဖွင့်လှစ်

**မော်လမြိုင် မတ် ၈**

မွန်ပြည်နယ်အတွင်းရှိ မျက်စိမမြင်သူများ၊ အမြင်အာရုံအားနည်းသူများ လူ့အသိုင်းအဝိုင်းတွင် တန်းတူအခွင့်အရေး ရရှိနေထိုင်နိုင်ရန်နှင့် ဘဝမြှင့်တင်ရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်ပေးနိုင်ရန်အတွက် မြန်မာနိုင်ငံ မျက်မမြင်များအသင်း၏ မွန်ပြည်နယ်ရုံးခွဲကို မော်လမြိုင်မြို့ သီရိမင်္ဂလာရပ်ကွက်၌ မတ် ၅ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ဖွင့်ပွဲတွင် မွန်ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနမှူး ဦးကိုကိုနိုင်နှင့် မြန်မာနိုင်ငံမျက်မမြင်များအသင်း အတွင်းရေးမှူး ဦးအောင်နိုင်ထွန်းတို့က အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံ မျက်မမြင်များအသင်းမှ Project Coordinator ဒေါ်ခေါန်နူးက မွန်ပြည်နယ်အတွင်းမှ အမြင်အာရုံချို့ယွင်း၊ အားနည်းသူများအတွက် ဘဝမြှင့်တင်ရေးလုပ်ငန်းများနှင့် ဥပဒေအရ တန်းတူအခွင့်အရေးများ ရရှိအောင် ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ မွန်ပြည်နယ်ရုံးခွဲကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

မြန်မာနိုင်ငံ မျက်မမြင်များအသင်း၏ ရုံးခွဲများကို စစ်ကိုင်းတိုင်းဒေသကြီးတွင် မုံရွာမြို့၊ ရှမ်းပြည်နယ်တောင်ပိုင်းတွင် ကျေးသီးမြို့များ၌ ဖွင့်လှစ်ထားပြီး ယခု မွန်ပြည်နယ်ရုံးခွဲကို ဆက်လက်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် အမြင်အာရုံချို့ယွင်း၊ အားနည်းသူ ၁၂ သိန်းကျော် ရှိပြီး ၎င်းတို့အထဲတွင် ပညာသင်ကြားခွင့်ရနေသူဦးရေမှာ ထောင်ဂဏန်းသာရှိသဖြင့် မျက်မမြင်များ လူ့အသိုင်းအဝိုင်းတွင် တန်းတူအခွင့်အရေးရရှိနေထိုင်နိုင်ရန်နှင့် မျက်မမြင်များ၏ လူနေမှုဘဝ တိုးတက်စေရန် လိုအပ်သောမူဝါဒများ တည်ရှိလာရန် တိုက်တွန်းအားပေးခြင်းဖြင့်လည်းကောင်း၊ မျက်မမြင်များအတွက် လိုအပ်သော အရင်းအမြစ်များကို ပံ့ပိုးပေးခြင်းဖြင့်လည်းကောင်း ဆောင်ရွက်သွားရန်လိုကြောင်း သိရသည်။

**တင်ထွန်း**

# ၂၀၁၅ ခုနှစ် စာအောင်သံဃာတော်များအား ဂုဏ်ပြုပွဲကျင်းပ

**ရွှေဘို မတ် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ လမ်းလည်ဘုရားဓမ္မာရုံ၌ ၂၀၁၅ ခုနှစ် စာအောင်သံဃာတော်များအား ဂုဏ်ပြုပူဇော်ပွဲကို မတ် ၆ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဆရာတော်ကြီးများအား ရွှေဘိုခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးက သာသနာရေးဆိုင်ရာများ လျှောက်ထားကာ ဓမ္မာစရိယ သုံးကျမ်းအောင် သံဃာတော် ၂၆ ပါး၊ နှစ်ကျမ်းအောင် ၄၈ ပါး၊ တစ်ကျမ်းအောင် ၆၁ ပါး၊ အကြီးတန်းအောင် တစ်ပါး၊ အလတ်တန်းအောင် ၁၃ ပါးနှင့် အငယ်တန်းအောင် ၄၁ ပါး အား ဂုဏ်ပြုလက်မှတ်နှင့် အလှူငွေများကို ဆက်ကပ်လှူဒါန်းခဲ့သည်။ အဆိုပါဂုဏ်ပြုပူဇော်ပွဲ ဖြစ်မြောက်ရေးအတွက် ခရိုင်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီ၊ ရွှေဘိုမြို့ ပရိယတ္တိသာသနဟိတအသင်းနှင့် အလှူရှင်များက အလှူငွေကျပ် ၃၆ သိန်းကျော် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**စံသာအောင်(ရွှေဘို)**

# နှစ်ကျိပ်ရှစ်ဆူဘုရားများ မြို့တွင်းလှည့်လည်အပူဇော်ခံပွဲ ကျင်းပ

**လွိုင်လင် မတ် ၈**

လွိုင်လင်မြို့ ရတနာစည်စာသင်တိုက်မှ ကြီးမှူး၍ အကြိမ်(၂၀)မြောက် သမ္ဗုဒ္ဓေဘုရားရှင်များ မြို့တွင်းသို့လှည့်လည်ပူဇော်ပွဲကို မတ် ၄ ရက်က ကျင်းပခဲ့သည်။

နှစ်ကျိပ်ရှစ်ဆူ သမ္ဗုဒ္ဓေဘုရားရှင်များ လှည့်လည်အပူဇော်ခံပွဲတွင် ရတနာစည်စာသင်တိုက်စုရပ်မှ မော်တော်ယာဉ်များဖြင့် ပင့်ဆောင်၍ လွိုင်လင်တပ်နယ်ရုံး၊ ထိုမှတစ်ဆင့် ဌာနဆိုင်ရာရုံးများသို့ ပင့်ဆောင်ကာ မင်းလမ်းအတိုင်း ဆက်လက်ပင့်ဆောင်ပြီး မြို့မဈေးကြီး တစ်ပတ်ပတ်၍ အပူဇော်ခံခဲ့သည်။ ထို့နောက် မွေတော်ဘုရားကြီးအား လက်ယာရစ်တစ်ပတ်ပတ်ပြီး မူလရတနာစည်စာသင်တိုက်သို့ ပြန်လည်ကြွချီ ပင့်ဆောင်ခဲ့ကြောင်း သိရသည်။ လွိုင်လင်မြို့ ရတနာစည်စာသင်တိုက်မှ ကြီးမှူး၍ သမ္ဗုဒ္ဓေ နှစ်ကျိပ်ရှစ်ဆူဘုရားရှင်များ လှည့်လည်အပူဇော်ခံပွဲကို နှစ်စဉ်မပျက် ကျင်းပလာခဲ့သည်မှာ ယခုနှစ်တွင် အကြိမ် (၂၀)မြောက် ရောက်ရှိလာပြီဖြစ်ကြောင်း ရတနာစည်စာသင်တိုက်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**မိုးလွင်ဦး(လွိုင်လင်)**

# စာကြည့်တိုက်များရှင်သန်ခိုင်မာရေး အလုပ်ရုံဆွေးနွေး

**မိတ္ထီလာ မတ် ၈**

မိတ္ထီလာခရိုင်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာနှင့် ကျောင်းများမှ စာကြည့်တိုက်များ ရှင်သန်ခိုင်မာတိုးတက်ရေးအတွက် စာကြည့်တိုက်ဝန်ဆောင်မှု အလုပ်ရုံဆွေးနွေးပွဲကို မိတ္ထီလာမြို့ရှိ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်ခန်းမ၌ မတ် ၇ ရက်က ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်သန်းက စာကြည့်တိုက်ဝန်ဆောင်မှု အလုပ်ရုံဆွေးနွေးပွဲ ကျင်းပသည့်ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ဝမ်းတွင်း၊ မလှိုင်၊ သာစည်နှင့် မိတ္ထီလာမြို့နယ်များမှ ဦးစီးမှူးများက ရပ်ကွက်၊ ကျေးရွာ၊ အလုပ်ရုံနှင့် ပုဂ္ဂလိကစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို အပြန်အလှန် ဆွေးနွေးသည်။ အလုပ်ရုံဆွေးနွေးပွဲကို မတ် ၈ ရက်တွင် ဆက်လက်ကျင်းပခဲ့ပြီး မိတ္ထီလာမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာနှင့် ကျောင်းစာကြည့်တိုက်များနှင့် လူမှုရေးအသင်းအဖွဲ့များက ဖွင့်လှစ်ထားသော စာကြည့်တိုက်များမှ စာကြည့်တိုက်မှူးများ၊ စာကြည့်တိုက်ကော်မတီဝင်များ တက်ရောက်ဆွေးနွေးကြကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## သဘာဝဘေးအန္တရာယ်များကာကွယ်ရေး ပညာပေး

**ဆိပ်ဖြူ မတ် ၈**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် အယ်နီညို ရာသီဥတုကြောင့် ဖြစ်ပေါ်နိုင်သည့် သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေးလုပ်ငန်းကို အနောက်ပိုင်းရပ်ကွက်ရှိ အမက(၇၀)ကျောင်း၌ မတ် ၆ ရက်က ဆောင်ရွက်ခဲ့ပြီး ရပ်ကွက်နေပြည်သူများအား သဘာဝဘေး ကြိုတင်ကာကွယ်ရေးဆိုင်ရာများ ပညာပေးဟောပြောခဲ့သည်။

အသိပညာပေးလုပ်ငန်း ဆောင်ရွက်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်မျိုးက အယ်နီညိုရာသီဥတုအကြောင်း သိကောင်းစရာများနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အချက်အလက်များ၊ ဒေသခံပြည်သူများ ကြုံတွေ့ရနိုင်သည့် ကျန်းမာရေးဆိုင်ရာများနှင့် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ အကြောင်းတို့ကို ဟောပြောသည်။

ထို့နောက် မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးအောင်ဇံက မြို့ရေပေးဝေရေးလုပ်ငန်းများနှင့် ရေကို အလေအလွင့်မရှိသုံးစွဲရေးတို့ကို လည်းကောင်း၊ မြို့နယ် စိုက်ပျိုးရေးဦးစီးအရာရှိ ဒေါ်ဌေးဌေးအေးက အယ်နီညိုရာသီဥတုတွင် စိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်ရာ၌ လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများကို လည်းကောင်း၊ မြို့နယ်မီးသတ်တပ်ဖွဲ့ ဦးစီးမှူး ဦးအောင်ဇော်လင်းက အပူချိန် မြင့်မားလာပြီဖြစ်သောကြောင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုလည်းကောင်း ဆွေးနွေးဟောပြောခဲ့သည်။ **စိုးလင်းနိုင်**(iprd)

## စာရေးဆရာအသင်း စုံညီအစည်းအဝေးကျင်းပ

**ရန်ကုန် မတ် ၈**

ရန်ကင်းမြို့နယ်စာရေးဆရာအသင်း ၂၀၁၅ ခုနှစ်နှစ်ပတ်လည် လုပ်ငန်းဆိုင်ရာ မျက်နှာစုံညီအစည်းအဝေးနှင့် မြို့နယ်စာရေးဆရာအသင်း အလုပ်အမှုဆောင်ရွေးချယ်တင်မြှောက်ပွဲကို ရန်ကင်းမြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ မတ် ၆ ရက်က ပြုလုပ်ခဲ့သည်။ ရန်ကင်းမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးလှတိုး(တိုးထက်)နှင့် မြို့နယ်စာရေးဆရာအသင်း အမှုဆောင်အဖွဲ့သစ်ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဒေါက်တာငွေစိုးတို့က အမှာစကားပြောကြားပြီး ဒုတိယအကြိမ် အမှုဆောင်အဖွဲ့သစ်အဖြစ် ဥက္ကဋ္ဌဦးလှတိုး (တိုးထက်)အပါအဝင် အမှုဆောင် ကော်မတီဝင် ကိုးဦးကို အတည်ပြု ရွေးချယ်ခဲ့သည်။ **သန်းမောင်(ရန်ကင်း)**

# ဘားအံမြို့ အဆင့်မြင့်ရေကူးကန်တည်ဆောက်မှုများ မကြာမီပြီးစီးမည်



**ဘားအံ မတ် ၈**

ကရင်ပြည်နယ် ဘားအံမြို့တွင် လူငယ်လူရွယ်များ စနစ်တကျ ရေကူးလေ့ကျင့်နိုင်ပြီး ရေကူး လက်ရွေးစင်များ ပေါ်ထွက်လာစေရေး၊ ဒေသခံပြည်သူများ ရေကူး အားကစားနည်းများဖြင့် စိတ်လက်အပန်းဖြေနိုင်စေရေး ရည်ရွယ်ချက်များဖြင့် ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသော အဆင့်မြင့်ရေကူးကန် တည်ဆောက်မှုလုပ်ငန်းများ မကြာမီ ပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အဆင့်မြင့်ရေကူးကန်ကို ဘားအံမြို့ သီရိလမ်းရှိ ကန်သာပန်းခြံဝင်းအတွင်း နိုဝင်ဘာ ၂ ရက်က စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ကရင်ပြည်နယ် အားကစားနှင့် ကာယပညာ ဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ရန်ပုံငွေ ကျပ်သန်း ၃၀၀ ဖြင့် Twin & Soe Brother ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူတည်ဆောက်ခြင်းဖြစ်သည်။ အလျား မီတာ ၅၀၊ အနံ ၂၅ မီတာ ကျယ်ဝန်းပြီး ရေကူးကန်အပြင် အစည်းအဝေးခန်းမ၊ ကားပါကင်၊ အားကစားသမားများ နားနေဆောင်၊ ရေချိုးခန်း၊ အဝတ်လဲခန်းနှင့် သန့်စင်ခန်းများစသည့် ဆက်စပ် လုပ်ငန်းများကိုလည်း ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ယခုအခါ တည်ဆောက်မှု ၈၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကာ မတ် ၂၇ ရက်တွင် လုပ်ငန်းများအားလုံး ပြီးစီးရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဘားအံမြို့တွင် အဆိုပါရေကူးကန် မတည်ဆောက်ခင် ကာလကပင် ကရင်ပြည်နယ်ကိုယ်စားပြု လက်ရွေးစင်များအဖြစ် တိုင်းဒေသကြီးနှင့် ပြည်နယ်ပြိုင်ပွဲများ၊ ဆီးဂိမ်းပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ခဲ့သည့် မပို ပီမင်းစိုး(ရေကူး)၊ ကိုဇွဲသက်ဦး (ဒိုင်ဗင်) စသည့် အားကစားသမားများ ပေါ်ထွန်းခဲ့ဖူးပြီး အားကစားနှင့် ကာယပညာသိပ္ပံသို့ စေလွှတ်ခဲ့ရဖူးသည်။

ထို့ကြောင့် လူငယ်လူရွယ်များအတွက် စနစ်တကျ ရေကူးလေ့ကျင့်နိုင်ပြီး ကရင်ပြည်နယ်အတွင်းမှ ရေကူးလက်ရွေးစင်ကောင်းများ ပိုမိုပေါ်ထွက်လာစေရေးအတွက် ရေကူးကန်ကို ကရင်ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် အားကစားဝန်ကြီးဌာနက ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ အဆင့်မြင့်ရေကူးကန်သည် ကရင်ပြည်နယ်အတွင်း ပထမဦးဆုံး အဆင့်မြင့်ရေကူးကန်လည်းဖြစ်ကြောင်း ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအေးလွင်ထံမှ သိရသည်။

**နေမျိုးလွင်**

# မိုးကုတ်မြို့၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မှုခင်းကျဆင်းရေး ပညာပေးဟောပြော




**မိုးကုတ် မတ် ၈**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မိုးကုတ်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးနှင့် အမှတ် (၉၄) ယာဉ်ထိန်း ရဲတပ်ဖွဲ့စိတ်တို့ ပူးပေါင်း၍ မိုးကုတ်မြို့ ပန်းခြံထာပွဲအတွင်းရှိ ထာပွဲကျောက်ကုန်သည် ပွဲစားများအဖွဲ့ရုံးခန်းမ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မှုခင်းလျော့နည်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို မတ် ၇ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် မိုးကုတ်မြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးနိုင်က မှုခင်းဖြစ်စဉ်များကိုလည်းကောင်း၊ လူမှုပတ်ဝန်းကျင်နှင့် အင်တာနက်ကွန်ရက်တို့မှတစ်ဆင့် လူမှောင်ခိုကူးမှု၊ လူကုန်ကူးမှု ဖြစ်စဉ်များကိုလည်းကောင်း၊ မူးယစ်ဆေးဝါး မှုခင်းဖြစ်စဉ်များနှင့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ မှုခင်းလျော့နည်းကျဆင်းရေးဆိုင်ရာများကိုလည်းကောင်း အသိပညာပေး ဟောပြောခဲ့သည်။ ထို့နောက် အမှတ်(၉၄) ယာဉ်ထိန်းရဲတပ်ဖွဲ့စိတ်မှ ရဲတပ်ကြပ်ကျော်ကျော်က ၂၀၁၅ မော်တော်ယာဉ်ဥပဒေအကြောင်းနှင့် အဆိုပါ ဥပဒေအရ အရေးယူနိုင်သော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာပြစ်မှုပြစ်ဒဏ်များ၊ မော်တော်ယာဉ်များအား စည်းကမ်းမဲ့စွာ ရပ်နားမောင်းနှင်နေသည့် မှတ်တမ်းဓာတ်ပုံများနှင့် စည်းကမ်းမဲ့မောင်းနှင်ခြင်းများကြောင့် ဒဏ်ရာရခြင်းနှင့် သေဆုံးခြင်းကိုလည်းကောင်း ပရိုဂျက်တာဖြင့်ပြသ၍ ရှင်းလင်းဟောပြောခဲ့သည်။ ဟောပြောပွဲအပြီးတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **နေဝါ(မိုးကုတ်)**

## သတင်းတိုများ

### ကျောင်းကုန်းမြို့၌ ဓမ္မစာဂီဓမ္မစကူးလ်သင်တန်းဖွင့်

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် သစ်ဆိမ့်ကုန်းရပ် ဓမ္မစာဂီအုတ်တွင်းကျောင်းတိုက်၌ ဓမ္မစကူးလ်ဖြစ်မြောက်ရေး ကော်မတီ (ကျောင်းကုန်း)က ကြီးမှူး၍ ဓမ္မစာဂီ ဓမ္မစကူးလ်သင်တန်းကို မတ် ၆ ရက်က စတင်ဖွင့်လှစ်ခဲ့သည်။ ဖွင့်ပွဲတွင် မြို့ပေါက်ဆိန်ပဲ့ဆရာတော်၊ ဓမ္မစကူးလ်(ဗဟို)ဌာနချုပ် အတွင်းရေးမှူးဆရာတော်နှင့် ဓမ္မစာဂီ အုတ်တွင်းကျောင်းတိုက် ဆရာတော်တို့က ဩဝါဒများ မိန့်ကြားပြီး ဓမ္မစာဂီ ဓမ္မစကူးလ်သင်တန်းဩဝါဒဆရာတော်က ဓမ္မစကူးလ်ဖြစ်မြောက်ရေးကော်မတီအဖွဲ့(ကျောင်းကုန်း)၏ ရည်ရွယ်ချက်နှင့် လမ်းစဉ်များကို ရှင်းလင်းမိန့်ကြားခဲ့သည်။ အဆိုပါ ဓမ္မစကူးလ်သင်တန်းတွင် ပထမတန်းမှ ပဉ္စမတန်းအထိ သင်ကြားမည်ဖြစ်ပြီး သင်တန်းသို့ ကျောင်းသား ကျောင်းသူ ၁၈၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

### ဓာတ်အားလိုင်းနှင့် ထရန်စဖော်မာများတည်ဆောက်ပြီး

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ သာသနာ့ရိပ်သာလမ်းနှင့် (၁) လမ်းထောင့်၌ တိုင်းဒေသကြီးအစိုးရ ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံးနှင့် ၁၁ ကေဗွီ ဓာတ်အားလိုင်း ပေ ၆၀၀ သွယ်တန်းခြင်းလုပ်ငန်းများ ပြီးစီးသဖြင့် မတ် ၃ ရက်မှစ၍ ဓာတ်အားဖြန့်ဖြူးထားပြီဖြစ်ရာ ဒေသခံပြည်သူများ ဓာတ်အားပြည့်ဝစွာ သုံးစွဲလာနိုင်ပြီဖြစ်ကြောင်း သိရသည်။ **မြင့်နိုင်(ပြည်)**



## ရသားရေလွှဲဆည် ပြုပြင်မှု ရာနှုန်းပြည့်ပြီးစီး

**ကန့်ဘလူ မတ် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ရသားရွာအနီး ခက်လုံချောင်းပေါ်တွင်တည်ရှိသော ရသားရေလွှဲဆည် ပြုပြင်မှုလုပ်ငန်းများ မတ် ၇ ရက်တွင် ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် ဆည်မြောင်းဦးစီးဌာနမှ သိရသည်။

ရသားရေလွှဲဆည်သည် ပြီးခဲ့သည့်နှစ် ဇူလိုင်လအတွင်းက မိုးရွာသွန်းမှုများခဲ့သဖြင့် ရေလွှဲဆည် တစ်ခြမ်းကျိုးပျက်သွားခဲ့ခြင်းဖြစ်ပြီး တိုင်းဒေသကြီးအစိုးရ၏ သီးသန့်ရန်ပုံငွေ ကျပ်သန်း ၂၆၀ ဖြင့် ခင်ဦးမြို့နယ် ဆည်မြောင်းဦးစီးဌာနက ကြီးကြပ်၍ နိုင်မန္တလာကုမ္ပဏီက ပြုပြင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ပြုပြင်ပြီးစီးခဲ့ခြင်းဖြစ်သည်။

ရသားရေလွှဲဆည်ကို သဲထုတ်ရေတံခါး ငါး ပေါက်၊ ရေပေးမြောင်း ရေတံခါး သုံးပေါက်ဖြင့် ဆောင်ရွက်ခဲ့ပြီး ကန့်ဘလူမြို့နယ်နှင့် ခင်ဦးမြို့နယ်တို့ရှိ မိုးစပါးစိုက်ဧက ခြောက်ထောင်ကျော်ကို အကျိုးပြုနိုင်မည်ဖြစ်ကြောင်း၊ ယခုနှစ်တွင်လည်း ပြီးခဲ့သည့်နှစ်ကဲ့သို့ မိုးများပါက တောင်သူများ၏ လယ်ယာများ ထိခိုက်ပျက်စီးမှုမရှိစေရန် ခင်ဦးမြို့နယ်ဆည်မြောင်းဦးစီးဌာနက စောင့်ကြည့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ဆည်မြောင်းဦးစီးအရာရှိ ဦးအောင်သူရိန်မော်က ပြောသည်။

**ခင်ဦးစိုးဝေ**

# ဆလုံလူမျိုးတို့၏ ဓလေ့သဘာဝများကို လေ့လာနိုင်မည့် ဆလုံတိုင်းရင်းသားရိုးရာပွဲတော် ကျင်းပမည်

**ဘုတ်ပြင်း မတ် ၈**

ဆလုံလူမျိုးတို့၏ ရေလုပ်ငန်းပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆလုံလူမျိုးတို့၏ ဓလေ့သဘာဝများကို လေ့လာနိုင်ရန်အတွက် ဆလုံတိုင်းရင်းသားရိုးရာပွဲတော်ကို တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ် အလယ်မန်ကျေးရွာအုပ်စု ခင်ပြည့်စုံကျွန်း၌ မတ် ၁၀ ရက်နှင့် ၁၁ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ဆလုံလူမျိုးတွေဘဝက ရေထဲမှာ အသက်ရှင်နေထိုင်ကြရာကနေ ကမ်းပေါ်နေလာကြပြီ။ နာဂရိုးရာပွဲဆိုတာရှိသလို သူတို့ရဲ့ ရိုးရာပွဲလေးကို အမြဲဖြစ်စေချင်တယ်။ နာဂပွဲတော်မှာ မီးပုံပွဲရှိပေမယ့် သူတို့မှာမရှိဘူး။ လူမျိုးတစ်မျိုးရဲ့ရိုးရာကို ဖော်ထုတ်တဲ့ ဒီပွဲလေးက စည်ကားချင်မှစည်ကားမယ်။ နောက်နောင်မှာ အမြဲတမ်းဖြစ်စေချင်တယ်"ဟု မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးက ပြောသည်။

အဆိုပါပွဲတော်တွင် သစ်ထွင်းလှေပြိုင်ပွဲ၊ ရိုးရာငါးဖမ်းပြိုင်ပွဲ၊ ရိုးရာနတ်ပူဇော်ပွဲများ ပါဝင်မည်ဖြစ်ကြောင်း၊ ဆလုံလူမျိုးတို့၏ ဓလေ့အရ ကိုးကွယ်သည့် နတ်ဘုရားနှင့် နတ်ဆရာများရှိကာ ၄င်းတို့ရွေးချယ်သည့် တပေါင်းလဆန်း ၃ ရက်(မတ် ၁၁ ရက်)တွင် ပွဲတော်ကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

"သူတို့မှာ ဝင်ငွေနည်းပါးတော့ လှေပေါ်မှာ နေထိုင်စားသောက်မှုတွေက သစ်သားလှေနဲ့ နေကြတယ်။ ဆယ်တန်းအောင်တဲ့သူတောင် သုံးယောက်လောက်ပဲရှိတယ်။ ဘွဲ့ရတဲ့သူ မရှိသေးဘူး။ ဆလုံလူမျိုးတွေရဲ့ ငါးဖမ်းငါးရှာတဲ့ ဓလေ့တွေ၊ ရိုးရာနတ်ပူဇော်တာတွေ မြင်ရမယ်။ အဖိုးမဖြတ်နိုင်တဲ့ သမိုင်းတန်ဖိုးတစ်ခုဖြစ်တယ်"ဟု ဒုတိယဝန်ကြီးက ဆက်လက်ပြောကြားသည်။

ဆလုံလူမျိုးများအတွက် ဝင်ငွေရရှိရန်နှင့် သမိုင်းတန်ဖိုးမြင့်သည့် World Heritage ဖြစ်လာစေရန်၊ ရေလုပ်ငန်းနှင့် ဆက်နွယ်နေသော လူမျိုးတစ်မျိုးအကြောင်း သိရှိစေရန်၊ ရေအောက်သယံဇာတများကို ထိန်းသိမ်းမြတ်နိုးတတ်စေရန်လည်း ရည်ရွယ်၍ ပွဲတော်ကျင်းပခြင်းဖြစ်ကြောင်း၊ ဆလုံတိုင်းရင်းသားရိုးရာပွဲတော် ကျင်းပရေးအတွက် မြိတ်အများပိုင် ကုမ္ပဏီက ကျပ်သိန်း ၁၀၀၊ FFI အဖွဲ့က ကျပ်သိန်း ၄၀ နှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဦးစီးဌာနက ကျပ် ၂၅ သိန်း မတည်ထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## သတင်းတိုများ

### တပ်မတော်နေ့အထိမ်းအမှတ် စားပွဲတင်တင်းနစ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့ မိုးလုံလေလုံအားကစားခန်းမ၌ (၇၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စားပွဲတင်တင်းနစ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို မတ် ၆ ရက်က ကျင်းပခဲ့သည်။ ပြိုင်ပွဲတွင် အားကစားသမားရှစ်ဦးက ပတ်လည်ရှုံးထွက်စံနစ်ဖြင့် ယှဉ်ပြိုင်ကစားကြပြီး ပထမဆုကို ကိုနိုင်လွင်ဦး(ထွေ/ဦး)၊ ဒုတိယဆုကို ကိုမျိုးငယ်ဆွေ(ဘဏ်)နှင့် တတိယဆုကို ကိုဌေးနိုင်(ချောင်းကြီးရပ်ကွက်)တို့က ရရှိခဲ့ကြပြီး ပြိုင်ပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းမင်းနိုင်နှင့် အားကစားဝါသနာရှင်များ လာရောက်အားပေးခဲ့သည်။ ပြိုင်ပွဲတွင် ဆုရရှိသူများအား မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်တရားသူကြီးနှင့် မြို့နယ်ရဲတပ်ဖွဲ့ ယာယီရဲမှူးတို့က ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

**နန်းသာရီ–ထိန်ဝင်း(ပြန်/ဆက်)**

### နွေစပါးစံပြကွက်များ စုပေါင်းဓာတ်မြေသြဇာကြဲပက်

ကချင်ပြည်နယ် ဗန်းမော်မြို့ စီဟဲကျေးရွာရှိ နွေစပါး ၁၀ ဧက စံပြကွက်၌ ဗန်းမော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးအောင်ကြီး၊ မြို့နယ်ဦးစီးဌာနမှူး ဦးကျော်စိုးအောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးအောင်ကျော်စိုးနှင့် ဝန်ထမ်းများ၊ ဒေသခံတောင်သူများ စုပေါင်း၍ မတ် ၇ ရက်က ဓာတ်မြေသြဇာများ ကြဲပက်ခဲ့ကြပြီး နွေစပါးအထွက်တိုးစိုက်ပျိုးနည်းများကို တောင်သူများအား ပညာပေးပြောကြားခဲ့ကြောင်း သိရသည်။

**ဝါဝါ(ဗန်းမော်)**

# ကျေးရွာများတွင် နွေရာသီအတွက် နွားစာကြိုတင်စုဆောင်းနေရ၍ နွားစာစဉ်းစက်လုပ်ငန်းရှင်များ အလုပ်ဖြစ်နေ



**ငါးသရောက် မတ် ၈**

မန္တလေးတိုင်းဒေသကြီး ငါးသရောက်မြို့နယ်အတွင်းရှိ အညာကျေးလက်ဒေသများမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ကြသည့် တောင်သူများသည် လယ်ယာလုပ်ငန်းခွင်ပြီးဆုံးသည့် ယခုလိုအချိန်များတွင် မိမိတို့အိမ်များ၌ မွေးမြူထားရှိသည့် ကျွဲ၊ နွားတိရစ္ဆာန်များကို နွေရာသီကာလ အစာဖူလုံစွာကျွေးမွေးနိုင်ရေးအတွက် နွားစာများ ကြိုတင်သိုလှောင် သိမ်းဆည်းနေကြရာ နွားစာ စဉ်းစက်လုပ်ငန်း လုပ်ကိုင်ကြသည့်လုပ်ငန်းရှင်များမှာ နေ့စဉ် နွားစာစဉ်းစက် အငှားလိုက်နေရပြီး ဝင်ငွေရရှိကာ အဆင်ပြေနေကြကြောင်း သိရသည်။

ငါးသရောက်မြို့နယ် အတွင်းရှိ အညာကျေးလက်ဒေသများမှတောင်သူများသည် ယခုနှစ်တွင် အယ်နီညိုရာသီဥတုအပူဒဏ်ကြောင့် နွေရာသီကာလများတွင် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် အစာဖူလုံနိုင်ရေးအတွက် ကြိုတင်၍ နွားစာများသိုလှောင်သိမ်းဆည်းနေကြသည်။ နွားစာများသိုလှောင်သိမ်းဆည်းရာတွင် နွားစာစဉ်းစက်များငှားရမ်း၍ နွားစာပြောင်းရိုးအခြောက်များနှင့် မြေပဲရိုးများအပြင် နွားစာမြက်ခြောက်များကို နွားစာစဉ်းစက်ဖြင့်စဉ်းပြီး နွားစာကျီများဖြင့် သိုလှောင်သိမ်းဆည်းကြခြင်းဖြစ်ရာ ငါးသရောက်မြို့နယ်အတွင်းရှိ နွားစာစဉ်းစက်လုပ်ငန်းလုပ်ကိုင်ကြသူများမှာ ယခုအချိန်တွင် နေ့စဉ်မပျက် နွားစာစဉ်းအငှားလိုက်နေရ၍ ဝင်ငွေပုံမှန်ရရှိနေကြခြင်း ဖြစ်သည်။

နွားစာများ အငှားစဉ်းရာတွင် ပြောင်းရိုးအခြောက် တစ်ထုံးလျှင် အထုံး(အကြီး၊ အသေး)ပေါ်မူတည်၍ ကျပ် ၅၀ မှ ၁၀၀ ခန့်၊ မြေပဲရိုးလှည်းနှင့်တစ်စီးလျှင် ကျပ် ၃၀၀၀ မှ ၅၀၀၀ ခန့်ဖြင့် စဉ်းပေးလျက်ရှိကြောင်း ငါးသရောက်မြို့နယ် ဖြူကြီးကျေးရွာမှ နွားစာစဉ်းစက် အငှားလိုက်သည့်လုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



# မွန်ပြည်နယ် လူထုဆုံရပ်ဆွေးနွေးပွဲ မော်လမြိုင်မြို့တွင်ပြုလုပ်

**မော်လမြိုင် မတ် ၈**

မော်လမြိုင်မြို့ မြေနီကုန်းရပ်ကွက် မြို့ရှောင်လမ်းရှိ ရွှေမြင့်မိုရ်ထွန်းဟိုတယ် ခန်းမ၌ မတ် ၆ ရက်တွင် မွန်ပြည်နယ်လူထုဆုံရပ်ဆွေးနွေးပွဲ (Consultation Meeting for Mon State Dialogue) ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် ကျင်းပရေးကော်မတီမှ ညှိနှိုင်းရေးမှူး ဦးမင်းဌေးအောင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဆွေးနွေးပွဲ၏ ရည်ရွယ်ချက်နှင့် အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဇော်ထူးက မွန်ပြည်နယ်လွှတ်တော်ကိုယ်စား အမှာစကားပြောကြားခဲ့သည်။ ယင်းနောက် ပြည်နယ်ဥပဒေချုပ် ဦးဝင်းကြည်က ဥပဒေရေးရာ ကိစ္စရပ်များနှင့်ပတ်သက်၍လည်းကောင်း၊ နိုင်ချမ်းထိုက်က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)နှင့် နိုင်ငံရေးဆွေးနွေးပွဲလက်ရှိဖြစ်ပေါ်တိုးတက်မှုများနှင့်ပတ်သက်၍လည်းကောင်း၊ ဦးမင်းဌေးအောင်က မွန်ပြည်နယ်လူထုဆုံရပ်ပေါ်ပေါက်ရေး ပူးတွဲလုပ်ငန်းအဖွဲ့မှ ရေးဆွဲထားသော ပြည်နယ်အဆင့် နိုင်ငံရေးဆွေးနွေးပွဲ မူဘောင်နှင့်ပတ်သက်၍လည်းကောင်း အသီးသီးရှင်းလင်းဆွေးနွေးပြောကြားပြီး တက်ရောက်လာသူများက မွန်ပြည်နယ်အဆင့် နိုင်ငံရေးဆွေးနွေးပွဲ မူဘောင်နှင့်ပတ်သက်၍ အုပ်စုဖွဲ့ဆွေးနွေးခြင်းများပြုလုပ်ပြီး ဆွေးနွေးပွဲကို မတ် ၇ ရက်အထိ ဆက်လက်ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

**တင်ထွဋ်(မော်လမြိုင်)**

# မီးဘေးကာကွယ်ရေးအတွက် စက်သုံးဆီဆိုင်များကို လှည့်လည်စစ်ဆေး

**ဘားအံ မတ် ၈**

ကရင်ပြည်နယ် ဘားအံမြို့၌ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့ပေါ်ရပ်ကွက်များတွင် ရောင်းချနေသည့် စက်သုံးဆီအရောင်းဆိုင်ငယ်များကို တာဝန်ရှိသူများ ပူးပေါင်းအဖွဲ့က လှည့်လည်စစ်ဆေးခဲ့ကာ ပညာပေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဘားအံမြို့နယ်ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးဆန်းအောင် ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများပါဝင်သော ပူးပေါင်းအဖွဲ့က မြို့တွင်း မီးဘေးလုံခြုံရေးအတွက် ကြိုတင်ကာကွယ်မှုအဖြစ် မြို့ပေါ်ရပ်ကွက်များရှိ လမ်းဘေးနေရာများ၌ ပုလင်း၊ ဘူး၊ ပုံးများဖြင့် ရောင်းချနေသည့် ဆီဆိုင်ငယ်များကို လိုက်လံစစ်ဆေးခဲ့ခြင်းဖြစ်သည်။

ယခုအခါ ဆီဆိုင်များမှ မီးလောင်မှုများ မကြာခဏဖြစ်ပွားနေသည့်အတွက် ဘားအံမြို့နယ်အတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စက်သုံးဆီများကို လမ်းဘေးတွင်ရောင်းချခြင်းများမရှိစေရန် စစ်ဆေး၍ ပညာပေးပြောကြားခြင်း ဖြစ်ကြောင်း၊ စစ်ဆေးတွေ့ရှိသည့်ဆိုင်များကို နောင်အလားတူထပ်မံစစ်ဆေးတွေ့ရှိပါက ဥပဒေအရအရေးယူခံရမည်ဖြစ်ကြောင်း အသိပေးခဲ့ကာ ဥပဒေအရ အရေးယူနိုင်သည့် ပြစ်မှုပြစ်ဒဏ်များကိုလည်း ရောင်းချနေသူများအား ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ယခုရက်ပိုင်းအတွင်း အပူချိန်မြင့်မားနေသဖြင့် လောင်စာဆီရောင်းချသူများအနေဖြင့် ဆီများလှယ်ထည့်ရာတွင်လည်းကောင်း၊ ဆီပေပါများကို ဂေါက်တံဖြင့်ဖွင့်ရာတွင်လည်းကောင်း တည်ငြိမ်လျှပ်စစ်သဘောအရ မီးလောင်ကျွမ်းနိုင်ကြောင်း၊ ခံနိုင်ဝန်ထက်ပို၍ လျှပ်စစ်အသုံးပြုခြင်းများကြောင့်လည်း ဝိုင်ယာရှော့ခ်ဖြစ်ကာ မီးလောင်မှုများ ဖြစ်ပွားနိုင်ကြောင်း သိရသည်။

**ထွန်းထွန်းထွေး(ဘားအံ)**






| သက်တမ်း | DATA ပမာဏ | ဈေးနှုန်း | အင်တာနက် နှုန်းထား | ဝယ်ယူရန် | |
|---|---|---|---|---|---|
| | | | | USSD Codeဖြင့် | SMSဖြင့် |
| (၁)ည | 250 MB | ၃၀၀ကျပ် | ၁ကျပ် ပြား ၂၀/MB | *237*1# | 1N to 1332 |
| (၇)ည | 1 GB | ၁၀၀၀ကျပ် | ၁ ကျပ်/MB | *237*2# | 7N to 1332 |
| ညပေါင်း(၃၀) | 4 GB | ၃၂၀၀ကျပ် | ပြား ၈၀/MB | *237*3# | 30N to 1332 |

(၃၁-၃-၂၀၁၆)အထိ ရယူနိုင်ပါသည်။

ညစဉ် ည(၁၁) နာရီမှ နံနက်(၇)နာရီအတွင်း အသုံးပြုနိုင်ပါသည်။

- "ဆွေသဟာ" ရယူထားသည့် GSM/WCDMA (Postpaid နှင့် Pre-paid) အသုံးပြုသူများအားလုံး ရယူအသုံးပြုနိုင်ပါသည်။
- Promotion ကာလအတွင်း ညစဉ် ည (၁၁)နာရီ မှ နံနက် (၇)နာရီ အထိ နာရီပေါင်း (၈) နာရီကြာ အသုံးပြုနိုင်ပါမည်။
- ည (၁၁)နာရီ မှ နံနက် (၇) နာရီ အတွင်း အသုံးပြုရန်သတ်မှတ်ထားသော Data ပမာဏ ကုန်သွားပါက ထပ်မံဝယ်ယူ အသုံးပြုနိုင်ပါသည်။
- ည (၁၁)နာရီ မှ နံနက် (၇) နာရီ အတွင်း အင်တာနက်သုံးစွဲခများကို "Dataများနဲ့ည Package"မှသာ ကောက်ယူသွားမည်ဖြစ်ပါသည်။
- ဝယ်ယူထားသောPackageမှအင်တာနက်သုံးစွဲခများကျော်လွန်ပါက ပုံမှန်နှုန်းထားအတိုင်းဆက်လက် ကောက်ယူသွားပါမည်။
- MPT SIM ကဒ် ကို SIM Slot 1 တွင် ထည့်သွင်းအသုံးပြုပါက ပိုမိုကြည်လင်ပြတ်သားသောအသံနှင့် မြန်ဆန်သော 3G အင်တာနက် ဝန်ဆောင်မှုကို ရရှိနိုင်ပါမည်။

ဆွေသဟာ ရယူရန် "SWE" ဟုရိုက်၍ 1332 သို့အခမဲ့ SMS ပေးပို့ပြီး ဝန်ဆောင်မှု ရယူနိုင်ပါသည်။

အသေးစိတ်သိရှိလိုပါက http://www.mpt.com.mm https://facebook.com/mptofficialpage LINE MPT OFFICIALသို့ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ CALL CENTER 106 (၂၄)နာရီအခမဲ့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## ပြန်ကြားရေးဝန်ကြီးဌာန
## သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက်
## လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများကို နိုင်ငံခြားငွေ၊ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| | | | | |
|---|---|---|---|---|
| (က) | နိုင်ငံခြားစက္ကူ ၃၀" | - | ၇၀၀၀ | တန် |
| (ခ) | Web Ink(Black) | - | ၆၃၂၀၀ | ကီလို |
| (ဂ) | Web Ink(Cyan) | - | ၄၀၀၀၀ | ကီလို |
| (ဃ) | Web Ink(Magenta) | - | ၃၈၀၀၀ | ကီလို |
| (င) | Web Ink(Yellow) | - | ၃၆၀၀၀ | ကီလို |
| (စ) | Sheetfed Ink Black | - | ၆၀၀ | ကီလို |
| (ဆ) | Fountain Solution | - | ၈၀၀၀ | လီတာ |
| (ဇ) | CTP Plate (Fuji System)(889x609x0.3)mm | - | ၃၂၀၀၀ | ချပ် |
| (ဈ) | CTP Plate(Kodak System)(889x577x0.3)mm | - | ၂၁၀၀၀ | ချပ် |
| (ည) | CTP Plate(Kodak System)(889x609x0.3)mm | - | ၁၀၅၀၀၀ | ချပ် |
| (ဋ) | Developer(Fuji System) | - | ၁၀၀၀ | လီတာ |
| (ဌ) | Developer(Kodak System) | - | ၂၀၀၀၀ | လီတာ |
| (ဍ) | Replenisher(Fuji System) | - | ၂၇၀၀ | လီတာ |
| (ဎ) | Gurn Arabic | - | ၄၀၀ | လီတာ |
| (ဏ) | Wipe on Aluminium Plate(650x550x0.24)mm | - | ၃၀၀၀ | ချပ် |
| (တ) | Ortho Film(22"x32") | - | ၆၀ | ဘူး |
| (ထ) | Developing Lacquer | - | ၃၀၀ | လီတာ |
| (ဒ) | Plate Cleaner | - | ၄၀၀ | လီတာ |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၇-၃-၂၀၁၆ရက်မှ ၆-၄-၂၀၁၆ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၄း၃၀နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၆-၄-၂၀၁၆ရက် နံနက် ၉နာရီမှ ညနေ ၄း၃၀နာရီအတွင်း နေပြည်တော်၊ ရုံးအမှတ်(၇)ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၁၃၃၊ ၀၆၇-၄၁၂၀၂၈တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၁၃၃၊ ၀၆၇-၄၁၂၀၂၈**

**တင်ဒါတင်သွင်းရန်လိပ်စာ**
**ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့်**
**ထုခွဲရောင်းချရေးကော်မတီ**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၃၂၇**

## The Republic of the Union of Myanmar
## Ministry of Finance
### Modernization of Public Finance Management Project (MPFMp)
### Request for Expressions of Interest for Individual Consultants – National ICT Technical Experts

**REOI No: MPFMp/MIAs-C104-107** **Closing Date: 23 March, 2016**

The Project is seeking to recruit a batch of four national ICT technical experts to assist four implementing agencies to carry out the development and implementation of their respective strategy to modernize ICT services and to build ICT capacity of their staff. The national ICT technical experts to be recruited will work directly with the following implementing agencies (IAs): Budget Department, Myanmar Economic Bank, Planning Department, and the Office of the Auditor General.

This work will specifically include: Capacity Building, Assessment of Operational Requirements, & Technical support and Implementation

The Consultant is required to demonstrate the following as a minimum:

- BSc or MSc Degree (or equivalent) in Electrical Engineering or Computer Science.
- At least 5 (five) years of experience in Project Management in the ICT sector in Myanmar.
- Alternatively, at least 10 years ICT Project Management experience, of which at least 5 years should have been in Myanmar.
- Experience and familiarity with the institutions and key stakeholders for the ICT sector in Myanmar.
- Experience and familiarity with ICT infrastructure in Myanmar.
- Excellent communication skills in Myanmar (Essential) and English (Desired).
- Ability to draft clear and concise technical and strategic reports and guidelines.
- Experience working with a Technical Project Management team.

The assignment is for an estimated duration of 10 months (intermittent input) over a two years period. A full time assignment may also be considered depending on the requirements and the availability of the candidates. The location of the assignments is in Nay Pyi Taw, Myanmar.

MPFMp now invites eligible individual consultants to indicate their interest in providing the above mentioned services. Interested consultants must provide information indicating that they are qualified to perform the services (in addition to the educational qualifications, experience of similar assignments and country of work etc. should be incorporated in the CV to be submitted along with expression of interest/application).

Interested consultants may obtain further information at the address below during office hours [i.e. 1000 to 1600 hours] or by sending an E-Mail to: mmt.budget@gmail.com.

Expression of interest must be delivered to the address below by 1600 hours on 23 March 2016 to:

**Mr. Zaw Naing, Chair Procurement Coordination and Advisory Unit**
**Modernization of Public Finance Management Project**
**Ministry of Finance, Building No 26, Nay Pyi Taw, Myanmar**
**Tel: 95-67-410575, 410158, Fax: 95-67-410575**
**E-mail for applications: mmt.budget@gmail.com, & zawnaing652011 @ gmail.com**

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန**
**သစ်တောဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး၊**
**လှိုင်ကော်ခရိုင်၊ လှိုင်ကော်မြို့**
**လေလံအမှတ်(၁/၂၀၁၅-၂၀၁၆)**

## ဈေးပြိုင်စနစ်ဖြင့်လေလံတင်ရောင်းချခြင်းကြော်ငြာ

၁။ ခရိုင်သစ်တောဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လှိုင်ကော်မြို့တွင် ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းထားသည့် ပုံစံ(၈)ဝင်ကျွန်း/သစ်မာ(သစ်/ခွဲသား) ၁.၇၈၁၄ တန်၊ ကျွန်းနှင့်သစ်မာတိုင် ၃၇ လုံး၊ ကျွန်းတံခါးချပ် ၀.၄၅၄၄ တန်၊ ဆပ်စပ်ပစ္စည်း ၄မျိုး၊ အခြား(သစ်/ခွဲသား)၂၄.၃၁၆၂ တန်နှင့် အခြားတိုင် ၄၉ လုံးတို့အား အောက်ပါအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချသွားမည် ဖြစ်ပါသည်။

| | | | |
|---|---|---|---|
| (က) | **လေလံတင်ရောင်းချမည့်ရက်** | - | ၁၇-၃-၂၀၁၆ ရက်(ကြာသပတေးနေ့) |
| (ခ) | **လေလံတင်ရောင်းချမည့်အချိန်** | - | ၁၁း၀၀ နာရီ |
| (ဂ) | **လေလံတင်ရောင်းချမည့်နေရာ** | - | လက်ထောက်ညွှန်ကြားရေးမှူးရုံး လှိုင်ကော်ခရိုင် သစ်တောဦးစီးဌာန၊ လှိုင်ကော်မြို့ |

၂။ လေလံတင်ရောင်းချခြင်းနှင့်ပတ်သက်၍ သိရှိလိုပါက လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လှိုင်ကော်ခရိုင် သစ်တောဦးစီးဌာန၊ လှိုင်ကော်မြို့ ဖုန်း-၀၈၃-၂၁၅၈၂သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (၁/၂၀၁၆)

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများကို တင်ဒါခေါ်ယူလိုပါသည်-

**မြန်မာကျပ်ငွေဖြင့်ဝယ်ယူခြင်း**

(က) **စက်နှင့်စက်အရန်ပစ္စည်းများ**- Conveyor Belt (1000 Meters), Calibration Tip and USB Cable (2 Items), WD Pump with Motor, Starter, Breaker Complete Set (4 Items), Air Conditioner (2 Items), Global Maritime Distress and Safety System and VHF ဆက်သွယ်ရေးစက် (2 Items), RTD/POT Input Module & Battery for DCS Control (1 No), Suction Filters (60 Nos)

(ခ) **ဓာတုဗေဒပစ္စည်းများ** - Aluminium Sulphate (240 MT), Sulphuric Acid (150 MT)

(ဂ) **ကုန်ကြမ်းပစ္စည်းများ** - Low Density Polyethylene (LDPE) (150 MT), Calcium Carbonate (Seeds) (60 MT)

**နိုင်ငံခြားငွေဖြင့်ဝယ်ယူခြင်း**

(က) **စက်နှင့်စက်အရန်ပစ္စည်းများ** - DC Generator Accessories and Motor, Demineralized Water Pump, Cation Exchange Tank, Lye Circulation Pump (1 st Stage) &(2nd Stage) without Motor & Accessories, Process Air Condensate Pump (Congulation Pump) with Motor Complete Set, Spare Parts for Carbamate Feed Pump & Spare Parts for CO2 Compressor (K-3101), Spare Parts for Synthesis Gas Compressor, Positioner and CPU-224, Module, Weighing Controller for Bagging Machine, Carbonate Solution Pump(P-3402) (Without Motor), Absorber Feed Pump(P-3503) (Without Motor) and Hydrolyzer Feed Pump (P-3501) (Without Motor), Spare Parts for Natural Gas Compressor Synthesis Gas Compressor, CO2 Compressor, Refrigeration Compressor and Flushing Pump, Heater Tube & Filter Kit (AL-91652), Cotton Wick and Syringe, Crude Oil Charging Pump (Horizontal, Centrifugal) without Motor, Water Level Indicator for Boiler Complete Set & Drive Chain and Drive Sprocket, Replacement of Portable Octane Analyzer, Heat Exchanger HE-106 A/C Tube Bundle, Chemical Alum Dosing Pump with Motor, Chemical Poly Dosing Pump with Motor, Spare Parts for MHI AP/AI Air Compressor, Lube Oil for Oxygen Compressor, 3 Way Solenoid Valve for IA Compressor, 4 Way Solenoid Valve for Nitrogen Plant, Pressure Gauge for Process Area (3 Items), Air Filter Regulator for Process Area, Hot Oil Pump (PU-2101) A/B and Flushing Cooler, 48000 Hrs Inspection & Full on Overhaul Maintenance, Instrument Spare and Spare for IA Compressor

(ခ) **ဓာတုဗေဒပစ္စည်းများ**- CO Primary Converter Catalyst (HTS), p-Naphthol Benzene Indicator and Buffer Tablet (pH 6.99,pH 4.0, pH 9.15)

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၄-၃-၂၀၁၆ရက်
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၄-၄-၂၀၁၆ရက်၊ ၁၂း၀၀နာရီ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စီမံရေးဌာန/ဘဏ္ဍာရေးဌာန**
**ရုံးအမှတ် (၄၄)၊ နေပြည်တော်၊ Ph.067-411123, 067-411193**

**ပျောက်ဆုံးကြောင်း**

မိုးကုတ်မြို့၊ အရှေ့ပိုင်းရပ်နေ ကျွန်မ ဒေါ်ဝင့်ဝါဝါထွေး ၉/မကန(နိုင်) ၁၀၈၄၉၆၏ MTSH အစုရှယ်ယာသက်သေခံလက်မှတ်(Shares Certificate) ID,No 16248 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပေးပါရန်။

**ဖုန်း-၀၉-၇၈၇၇၅၀၅၅၄**

## အမြန်ရောင်းမည်

အင်းစိန်မြို့နယ်၌ရှိသော (75'×90') အိမ်နှင့်ခြံ ရောင်းမည်။

**ဆက်သွယ်ရန်**
**ဖုန်း-၀၉-၇၇၅၁၅၅၅၉၁၊**
**၀၉-၇၉၅၂၈၄၃၀၀၊၀၉-၅၀၆၁၅၀၇**

## ပျောက်ဆုံးခြင်း

ကျွန်တော်များ Htoo Family Int'l Services Co.,Ltd.၏ သွင်းကုန်လိုင်စင်အမှတ် ILV/15-16/5723(28-12-2015) သွင်းကုန်ခွင့်ပြုမိန့်(လိုင်စင်) ပြင်ဆင်ပေးခြင်း၊ စာအမှတ် ကသရ(ဦး)ပို့/သွင်း/၂၀၁၅-၂၀၁၆ (၄၆၃၁)ရက်စွဲ ၂၂-၁-၂၀၁၆ မူရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဖုန်း-၀၉-၅၀၀၂၃၈၀၊ ၀၉-၄၃၁၈၇၇၂၆ တို့သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ်
## မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၆ယ/၃၃၇၂၅ Kenbo 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဇော်မိုး ၁၄/ပသန(နိုင်) ၀၀၉၄၉၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်
## မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၆ယ/၄၁၀၇၆ Wave Star 125, A/C ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဇော် ၁၄/အမန(နိုင်)၁၄၄၃၉၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်
## မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၄ယ/၆၆၇၈၄ Feiling 110 အမည်ပေါက်ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မာဆွေ ၁၄/မမန(နိုင်)၂၅၆၃၂၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်
## မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၄ယ/၆၄၈၆၈ Luojia 110 အမည်ပေါက်ယာဉ်လက်ဝယ်ရှိသူ ဦးကျော်လွင်အောင်ကို ၁၄/ပသန(နိုင်) ၂၇၁၁၇၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၈)၊ ဦးပိုင်အမှတ်(၅၀)၊ ၄၆×၄၇လမ်းကြား၊ ခတ္တာ×ဂန္ဓမာလမ်းကြားရှိ ဒေါ်တင်နွယ် အမည်ဖြင့် ချထားပေးသောမြေကွက်အား ဒေါ်တင်နွယ် ၉/မရမ(နိုင်) ၀၆၀၁၀၉မှ မြို့ကွက်သစ် နေရာချထားရေးငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ ဂရန်သစ်လျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် အမှုတွဲဖွင့်လှစ်ဖွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒေါ်စောကျင်(ခ)ဒေါ်ဒေစီ(နမ္မတူ)

**ကျောင်းဆရာမ(ငြိမ်း)၊ အထက-၄၊ တောင်ဥက္ကလာပ**

**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ (၃၁)ရပ်ကွက်၊ ဗိုလ်ဥတ္တမလမ်း၊ အမှတ် ၄၁၄နေ(ဦးတင်ထွန်း)၏ဇနီး၊ ဦးအောင်အေး-ဒေါ်ခမ်းဆာ၊ ဦးစံမတ်-ဒေါ်ညိုညိုလှ၊ ဒေါ်လှလှမြင့်၊ ဒေါ်လှလှထွေး၊ ဦးစိုင်းလှအောင်၊ ဦးကျော်ကြီးတို့၏အစ်မ၊ ဦးအောင်ခိုင်-ဒေါ်သွယ်တင်ထွန်းဦး၊ ဦးဖေယျာတင်ထွန်း၊ ဒေါ်ပပတင်မြင့်လှိုင်တို့၏မိခင်၊ တူ/တူမ ရှစ်ယောက်တို့၏အဒေါ်၊ မြေးသုံးယောက်တို့၏အဘွားသည် ၇-၃-၂၀၁၆ရက်(တနင်္လာနေ့)နံနက် ၀၀း၁၅နာရီတွင် သဃ်န်းကျွန်းစံပြဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၃-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၁၃-၃-၂၀၁၆ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးစိုးမြင့် အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မဟာမင်္ဂလာ ပရိယတ္တိစာသင်တိုက် ဘဒ္ဒန္တပါမောက္ခ(သာသနဓဇ ဓမ္မာစရိယ)မြို့နယ် သံဃနာယကအဖွဲ့၏ ရဟန်းဒါယကာကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ၂က စံပြရပ်ကွက်၊ ကာယသုခအတွင်းလမ်း၊ အမှတ် ၂၃၈နေ (ဦးဖိုးလုံ-ဒေါ်စောရင်)တို့၏သား၊ (ဦးထွန်း-ဒေါ်စောမြိုင်)တို့၏သားသမက်၊ (ဦးကျော်ဒင်)-ဒေါ်နှင်းလှိုင်တို့၏မောင်၊ ဦးစိုးဝင်း-ဒေါ်သက်သက်မွန်၊ ဦးစိန်ဝင်း-ဒေါ်ဖြူဖြူဝင်း၊ ဦးသန်းဌွေး-ဒေါ်စုစုမြင့်၊ ဦးသူရသန်းထိုက်-ဒေါ်ရီရီမြင့်၊ ဦးတင်စိုးကြည်-ဒေါ်မာလာမြင့်၊ ဦးညီသော်အေး-ဒေါ်မီမီစိုးမြင့်တို့၏ ချစ်လှစွာသောဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုး၊ ဒေါ်ခင်ရီ၏ချစ်လှစွာသော ခင်ပွန်းသည် ၇-၃-၂၀၁၆ ရက် (တနင်္လာနေ့) နံနက် ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၃-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအား ရည်စူး၍ ၁၃-၃-၂၀၁၆ရက် (တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ကိုအေးဇော်ထွန်း**

**အသက်(၃၀)**

